ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ (9-7-2014) (၇၇၉၆)

မိုးရွာသွန်းမှု

၈-၇-၂၀၁၄

မိုင်းဆတ်	၃ ဒသမ ၉၀ လက်မ
ကော့သောင်း	၃ ဒသမ ၁၅ လက်မ
ပူတာအို	၃ ဒသမ ဝ၃ လက်မ
လောင်းလုံ	၂ ဒသမ ၆၀ လက်မ
လှိုင်းဘွဲ့	၂ ဒသမ ၄၄ လက်မ

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်သူ့လွှတ်တော်အစည်းအဝေး

သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ စစ်ဆေးပြီး ခွင့်ပြုချက်ဖြင့် ပိုးသတ်ဆေးလုပ်ငန်းဆောင်ရွက်စေခြင်းဖြစ်

နေပြည်တော် ဇူလိုင် ၈

ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ ပိုးသတ်ဆေး ထုတ်လုပ်ရန် စက်မှုဇုန် တည်ထောင်ပေးရေး၊ ရော်ဘာစိုက်တောင်သူများအတွက် ထောက်ပံ့ငွေပေးရေး၊ ကင်ဆာဝေဒနာရှင်များ ပိုမိုထိရောက်စွာ ကုသနိုင်ရေးနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးတို့နှင့်စပ်လျဉ်းသည့် မေးခွန်းများ မေးမြန်းဖြေကြားခဲ့ကြသည်။

ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း၏ **သယံဇာတထွက်ရှိရာ ဒေသ၊ မြို့နယ်များ ဖွံ့ဖြိုးရေးအတွက် အစိုးရမှ သယံဇာတများအား ထုတ်ယူခွင့်ပြုထားသော ကုမ္ပဏီများနှင့် မည်ကဲ့သို့ညှိနှိုင်းပေးမည်ကို သိလိုကြောင်း**မေးခွန်းနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က ကလေးဝ ဒေသတွင် အမှတ်(၃) သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစား သည့်စနစ်ဖြင့် စာချုပ်ချုပ်ဆိုထားသော ကုမ္ပဏီ(၆)ခုရှိပြီး ယခင်ချုပ်ဆိုခဲ့သည့် စာချုပ်များတွင် ဒေသဖွံ့ဖြိုးတိုးတက်မှု ကူညီရန်အတွက် ထည့်သွင်းချုပ်ဆိုခဲ့ခြင်းမရှိပါကြောင်း၊ ၂၀၁၃ ခုနှစ် နှစ်စပိုင်းမှစ၍ နောက်ပိုင်းချုပ်ဆိုမည့် ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ်များ မချုပ်ဆိုမီ ကုမ္ပဏီများမှ EIA, SIA, HIA နှင့် Mine Closure Plan တို့ကို ရေးဆွဲတင်ပြစေပြီးမှ စာချုပ်ချုပ်ဆိုပါကြောင်း၊ ထုတ်ကုန်တန်ဖိုး၏ ရာခိုင်နှုန်းမည်မျှ ဒေသဖွံ့ဖြိုးရေးအတွက် သတ်မှတ်ချက်ကို လုပ်ငန်းသဘောတူစာချုပ်များတွင် ထည့်သွင်းခဲ့ခြင်းမရှိပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မီးသွေးထုတ်လုပ်သူလုပ်ငန်းရှင်များ အဖွဲ့အစည်းအဝေးပြုလုပ်ပြီး ထပ်မံညှိနှိုင်းအတည်ပြုချက်ရယူ၍ ဘဏ္ဍာရေးနှစ်အလိုက် အသားတင်အမြတ်ငွေ၏ (၃)ရာခိုင်နှုန်းအား စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီများ၏ လူမှုရေးတာဝန်ယူမှု (CSR) ရန်ပုံငွေအတွက် ထည့်ဝင်ရန် အတည်ပြုဆုံးဖြတ်ခဲ့ပါကြောင်း၊ မြို့၊ ရွာဒေသများ ဖွံ့ဖြိုးရေးအတွက် အမှတ်(၃) သတ္တုတွင်းလုပ်ငန်းမှ ကုမ္ပဏီများနှင့် အခါအားလျော်စွာ ဆွေးနွေးညှိနှိုင်းလျက်ရှိပါကြောင်း။

ကလေးဝမြို့နယ်တွင် မြန်မာ့သစ်လုပ်ငန်းကိုယ်စား သစ်ထုတ်လုပ်ခဲ့သည့် တင်ဝင်းထွန်းကုမ္ပဏီအနေဖြင့် ကလေးဝမြို့နယ် သက္ကယ်ကျင်းကျေးရွာအုပ်စု သက္ကယ်ကျင်း၊ အောင်ချမ်းသာ၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

အမျိုးသားလွှတ်တော်အစည်းအဝေး

လူမျိုးစာရင်း မှန်ကန်မှုပြန်လည်ရရှိစေရန်အတွက် အတတ်နိုင်ဆုံး ဆောလျင်စွာ ပြန်လည်ပြုပြင်ပြောင်းလဲပေးနိုင်မည့် အစီအစဉ်ရှိ

နေပြည်တော် ဇူလိုင် ၈

အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားများ၏ မှတ်ပုံတင်ဆောင်ရွက်ရာ၌ လူမျိုးရေးသွင်းမှု မှားယွင်းနေပါက ကာယကံရှင်များမှ လူမျိုးအမှန်ပြင်ဆင်ပေးရန် အထောက်အထားများဖြင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးရုံးများတွင် လျှောက်ထားပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ယနေ့အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းဝင်းမောင်၏ **"လူမျိုးစာရင်း မှန်ကန်မှုပြန်လည်ရရှိစေရန်အတွက် သက်ဆိုင်ရာများမှ ဆောလျင်စွာ ပြန်လည်ပြုပြင်ပြောင်းလဲ မှတ်သားပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက မှတ်ပုံတင်စာရင်းများတွင် ရေးသွင်းရသည့် အချက်အလက်များသည် နိုင်ငံသားအရည်အချင်း ရှိ/မရှိ ဆုံးဖြတ်ရာတွင် အလွန်အရေးကြီးသဖြင့် အချက်အလက်များ မှန်ကန်တိကျမှုနှင့် အငြင်းပွားဖွယ်ရာမဖြစ်စေရန်အတွက် ကာယကံရှင်၏ တရားဝင်ပြောဆိုတင်ပြချက်များကို အခိုင်အမာရယူ၍ မှတ်တမ်းအထောက်အထားများဖြင့် တိုက်ဆိုင်စိစစ်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ရေးသွင်းပေးရပြီး ကာယကံရှင်မှ လျှောက်ထားချက်များမှန်ကန်သည်ကို တာဝန်ယူလက်မှတ်ရေးထိုးရပါကြောင်း၊ အကြောင်းကြောင်းကြောင့် လူမျိုးမှားယွင်းနေမှုများရှိပါက လူမျိုးအမှန်ပြင်ဆင်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများ ရှိပြီးဖြစ်သည့်အပြင် လက်ရှိတွင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သက်ဆိုင်ရာ အိမ်ထောင်စုဝင်မိသားစုများမှ လူမျိုးအမည်ပြောင်းလဲရေးနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို နိုင်ငံတစ်ဝန်းတွင် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့ပြီးဖြစ်ပါကြောင်း၊ ကောက်ယူရရှိသည့် အချက်များအပေါ် လူမျိုးစာရင်းမှန်ကန်မှု ပြန်လည်ရရှိစေရန်အတွက် အတတ်နိုင်ဆုံး ဆောလျင်စွာ ပြန်လည်ပြုပြင်ပြောင်းလဲမှတ်သားပေးနိုင်မည့် အစီအစဉ်ရှိပါကြောင်း။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ○

အရည်အသွေးမီ အာလူးစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ကမ္ဘာ့စားနပ်ရိက္ခာကို ဖြည့်တင်းကြမည်

ဇေယျာ(မိုင်ရာ)

အာလူးသည် စပါး၊ ဂျုံ၊ ပြောင်းပြီးလျှင် ကမ္ဘာ့စားနပ်ရိက္ခာအတွက် စတုတ္ထမြောက် အများဆုံး စိုက်ပျိုးထုတ်လုပ်သော ကစီဓာတ်ကြွယ်ဝသည့် ဥစားသီးနှံမျိုးဖြစ်သည်။ မြေသြဇာထက်သန်၍ မြေတွင်းအစိုဓာတ် လုံလောက်သော အအေးပိုင်းဒေသများတွင် ဖြစ်ထွန်းပြီး စွတ်စိုထိုင်းမှိုင်းမှုနည်း၍ လေမထန်ဘဲ တောက်ပသည့်နေရောင်ခြည်ကို ကြိုက်နှစ်သက်သည်။

အာလူး၏ မူရင်းဒေသများမှာ မျိုးဗီဇနည်းပညာ၏ ခွဲခြားသတ်မှတ်ချက်အရ ပီရူးနိုင်ငံတောင်ပိုင်းနှင့် ဘိုလီးဗီးယား အနောက်တောင်ပိုင်းဒေသများ ဖြစ်ကြသည်။ ဥရောပနိုင်ငံများသည် ယခင်က အာလူးကို အများဆုံးစိုက်ပျိုးခဲ့ကြသော်လည်း **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❑

ကင်းဘရစ်ချ်တက္ကသိုလ်၏ သုတေသနစိုက်ခင်းတွင် စိုက်ပျိုးထားသော အာလူးစိုက်ခင်းကို တွေ့ရစဉ်။

မိုးကြီးမည်

နေပြည်တော် ဇူလိုင် ၈

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

ကြေးမုံစာတည်းရှုထောင့် ၉-၇-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

နိုင်ငံ့စွမ်းဆောင်ရှင်များ

လူတစ်ဦးတစ်ယောက်အတွက် ကာယစွမ်းရည်၊ ဉာဏစွမ်းရည်မျှညီမှုရှိမှ လူ့စွမ်းရည်မြင့်မားသူတစ်ဦးဖြစ်လာနိုင်သည်။ ထိုနည်းတူ နိုင်ငံတစ်နိုင်ငံ ဒေသတစ်ခုဖွံ့ဖြိုးမှုအတွက် ထိုနိုင်ငံသားများ၏ ဉာဏ်ရည်ထက်မြက်စွမ်းရည်မြင့်နေရမည်ဖြစ်သလို ကိုယ်ကျင့်တရား Character ကောင်းမွန်နေမှုကလည်း အခရာဖြစ်ပါသည်။ "နိုင်ငံတစ်နိုင်ငံကြွံ့ခိုင်မှုအတွက် အုတ်၊ ကျောက်၊ တံတိုင်းများနှင့် တည်ဆောက်၍မရနိုင်။ နိုင်ငံသားများ၏ Character နှင့် တည်ဆောက်နိုင်မှ"ဟု အနောက်တိုင်းနိုင်ငံရေး သုခမိန်တစ်ဦး မိန့်ဆိုခဲ့ဖူးသည်။

လောကတွင် အလင်းအမှောင်၊ အကောင်းအဆိုး၊ ဆန့်ကျင်ဘက်သဘောများ ဒွန်တွဲလျက်ဖြစ်ပျက်နေတတ်၏။ ဤသည်ပင် နိယာမ မဟုတ်ပါလော။ အပျက်ရှိသလို အဖြစ်ရှိစမြဲ။ လောကသဘာဝပင်ဖြစ်သည်။ ဤသည် ဘဝရှင်သန်မှု တစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့်လည်း အတွင်းအပြင်နေရာတိုင်းမှာ အဖျက်အမှောင့်ရှိသလို ပြုပြင်ဖာထေးသစ်လွင်တောက်ပ လူ့စွမ်းရည်အနိမ့်၊ အမြင့်မြင်ကွင်းများကိုလည်းကြည့်တတ်လျှင် မြင်တွေ့နိုင်ပါသည်။ အရေးကြီးသည်မှာ မိမိကိုယ်တိုင်ရပ်တည်ရမည့် နေရာရွေးချယ်တတ်ဖို့သာလိုသည်။ ဖျက်လိုဖျက်ဆီး အပျက်နေရာမှာနေမည်လား၊ တည်ဆောက်ပြုပြင် ဝန်းကျင်အလှကြားမှာ မွေ့ပျော်မည်လား၊ အရာရာတွင် မြင်မြင်သမျှ အဆိုးမြင်နှင့် အကောင်းမြင် ခံယူကြည့်မြင်သူ၏ ဆန္ဒသဘောအတိုင်း ဖြစ်တည်ရသည်သာ။

နိုင်ငံတစ်နိုင်ငံ၏ ရပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်သွယ်မှုက ထောက်ကူပြုပေးစမြဲဖြစ်သည်။ အတိတ်သမိုင်းမှသည် မျက်မှောက်ကာလထိ နိုင်ငံအချင်းချင်းကြား ပဋိပက္ခများ၊ စစ်ပွဲများသည် အထူးသဖြင့် ကုန်သွယ်မှုက အစပြုတတ်သည်။ စက်မှုတော်လှန်ရေး နောက်ပိုင်းစစ်ပွဲများက ကုန်သွယ်မှုကြောင့်ဆိုသည်၊ ပို၍ပီပြင်လာသည်။ ဤရွေ့ဤမျှ နိုင်ငံ့အသက်သွေးကြော ကုန်သွယ်မှုကို နိုင်ငံတိုင်းအလေးထားတတ်ကြသည်မှာ အမြော်အမြင်ကြီးမှု၏ လက္ခဏာတစ်ရပ်ဟုလည်း ဆိုနိုင်သည်။

ကုန်သွယ်ရာတွင်လည်း ကိုယ်ကျိုးအတ္တတစ်ခုတည်းကိုကြည့်ပြီး မသမာနည်းဖြင့် တရားမဝင်ကုန်သွယ်ခြင်း၊ တစ်နည်း မှောင်ခိုကုန်ကူးခြင်းရှိသလို လူ့စည်း၊ လူ့တန်ဖိုးနှင့်လိုက်လျောညီစွာ သိက္ခာရှိရှိတရားဝင်အခွန်အခဆောင်ပြီး သမာသမတ်ကုန်သွယ်ခြင်းဟူ၍ နှစ်မျိုးနှစ်စားရှိတတ်ပါသည်။ တရားမဝင်ကုန်သွယ်မှုမြင့်မားနေသမျှ နိုင်ငံ့ဖွံ့ဖြိုးမှုအားနည်းနေမည်ဖြစ်ရာ စနစ်တကျဖွဲ့တည်ထားပြီး အစိုးရတစ်ရပ်အတွက် ဤကိစ္စ တိကျပြတ်သားကိုင်တွယ်လာရသည်မှာ သဘာဝကျပါသည်။

မိမိတို့နိုင်ငံ၏ ကုန်သွယ်မှုလမ်းကြောင်းတွင် ပြည်တွင်းပြည်ပကုန်သွယ်မှု၏ ၈၀ ရာခိုင်နှုန်းကို ပင်လယ်ဆိပ်ကမ်းများနှင့် ရန်ကုန်လေဆိပ်မှဝင်ရောက်နေပြီး နယ်စပ်ကုန်သွယ်မှုက ၂၀ ရာခိုင်နှုန်းသာရှိနေသည်။ အဓိကပင်မ ပင်လယ်ဆိပ်ကမ်းဝင်ပေါက်များ အထူးသဖြင့် ထီးတန်းအေးရှားဝေါလ်၊ မြန်မာ့စက်မှု၊ ဗိုလ်အောင်ကျော်၊ ဆူးလေဆိပ်ကမ်းများ ယခု သီလဝါဆိပ်ကမ်းကိုလည်း အဆင့်မြှင့်တင်လာနေပြီ။

နိုင်ငံတော်က တရားဝင်ဖွင့်လှစ်ထားသော ဆိပ်ကမ်းများမှတရားမဝင် ဝင်/ထွက်နေသော ကုန်သွယ်မှုကို တားဆီးကာကွယ်နိုင်ဖို့ နိုင်ငံတော်က "တရား မဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ Mobile Team" ကို ဖွဲ့စည်းပေးပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ သက်ဝင်လှုပ်ရှားဆောင်ရွက်စေခဲ့သည်။ လပေါင်း ၂၀ အကြာ ယခုနှစ်ဇွန် ၂၆ ရက်ထိကာလတွင် Mobile Team အဖွဲ့မှ နိုင်ငံတော်အတွက် ကျပ်ငွေ ၁၇ ဘီလီယံခန့် ဖမ်းဆီးရာဖွေပေးနိုင်ခဲ့သည်။ တစ်ဖက်တွင်လည်း တရားမဝင် ဝင်ရောက်လာသော ဖမ်းဆီးရမိပစ္စည်းများအနက် အချက်လေးချက်နှင့်ဆောင်ရွက်လျက် ရှိနေကြောင်း သိရသည်။ (၁) ပြည်သူလူထုစားသုံးရန် မသင့်သည့်အရာများ၊ အတုများကို မီးရှို့ဖျက်ဆီးခြင်း၊ (၂) သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးခြင်း၊ (၃) အကောက်ခွန်ဥပဒေအရ ရွေးယူ၊ ဒဏ်ငွေနှင့် ပြန်ထုတ်ပေးခြင်း၊ (၄) နောက်ဆုံးပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလေလံတင်ရောင်းချခြင်းဖြင့် စနစ်တကျ စိစစ်ဆောင်ရွက်ကာ နိုင်ငံ့တာဝန်ကျေပွန်ခဲ့ကြသည်။

ဤအဖွဲ့၏ ပိတ်ဆို့စစ်ဆေးစေ့စပ်သေချာမှုအကျိုးဆက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တရားဝင်ကုန်သွယ်မှုတန်ဖိုး ၁၈ ဒသမ ၄ ဘီလီယံအထိသာရှိခဲ့ရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၉၆ ဘီလီယံထိ တိုးတက်အောင်မြင်လာသည်။ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်လည်း နိုင်ငံတော်မှ ၂၅ ဒသမ ၇ ဘီလီယံထိ လျာထားသတ်မှတ်ထားရာ ဤပြည်ပကုန်သွယ်မှုပမာဏ လျာထားချက်ပြည့်မီကျော်လွန်စေရေး Mobile Team အဖွဲ့မှ နေ့မနား ညမနား အားတက်သရောရှိနေကြသည်။

နိုင်ငံ့ဝန်ထမ်းပီပီ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ကျရာတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသော ထိုအဖွဲ့အားစွမ်းဆောင်ရှင်များအဖြစ် ဂုဏ်ပြုသင့်ပါကြောင်း။ ။

ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်
နေပြည်တော်ရှိဟိုတယ်များမှ အထွေထွေမန်နေဂျာများနှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၈

နေပြည်တော်တွင် ကျင်းပမည့် ဒုတိယအကြိမ် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ကြမည့် ဧည့်သည်တော်နှင့် ကိုယ်စားလှယ်များ အဆင်ပြေစွာ တည်းခိုနေထိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းတွင် ဂရမ်းရှိုင်ရယ်အေစီအီးဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် တက်ရောက်၍ အမှာစကားပြောကြားရာ၌ ဒုတိယအကြိမ် အာဆီယံထိပ်သီးအစည်းအဝေးကို နေပြည်တော်၌ ယခုနှစ်နှောင်းပိုင်းတွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ယခုအကြိမ် ကျင်းပမှုတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအပြင် မိတ်ဖက်နိုင်ငံများ၊ EU အဖွဲ့ဝင်နိုင်ငံများမှ ဧည့်သည်တော်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အကြီးအကဲများ တက်ရောက်ကြမည်ဖြစ်သောကြောင့် ပထမအကြိမ်ထက် ပိုမိုများပြားမည်ဖြစ်ပါကြောင်း။

လုပ်ငန်းဆောင်ရွက်မှုအပိုင်းတွင် အဆောက်အအုံပိုင်းအပြင် ဟိုတယ်ဝင်းအတွင်းရှိ ပတ်ဝန်းကျင်မြေယာ အခင်းအကျင်းများကိုပါ သပ်ရပ်လှပအောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ လုပ်ငန်းများအားလုံး အချိန်မီ၊ အဆင်သင့်ဖြစ်အောင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**

ဆက်လက်၍ တက်ရောက်လာကြသည့် အထွေထွေမန်နေဂျာများက ဟိုတယ်အလိုက် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းစီမံကိန်းများ အချိန်မီပြီးစီးနိုင်ရေး အထူးကြိုးစားဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားပြီး ဟိုတယ်များ၏ နေရာအခင်းအကျင်းပြင်ဆင်ထားမှုများကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်	ရွှေဈေး	၆၇၅၁၀၀ - ၆၇၆၁၀၀		(ခ) ဥရောပ	တစ်ယူရို	= ၁၃၂၄. ၁
မန္တလေး	ရွှေဈေး	၆၇၄၈၀၀ - ၆၇၅၈၀၀		(ဂ) တရုတ်	တစ်ယွမ်	= ၁၅၆. ၈၄
စက်သုံးဆီဈေးနှုန်း				(ဃ) ထိုင်း	တစ်ဘတ်	= ၃၀. ၀၂၆
(က) ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်		(င) မလေးရှား	တစ်ရင်းဂစ်	= ၃၀၅. ၅၄
(ခ) အောက်တိန်း 95	တစ်လီတာ	၁၁၄၀ကျပ်		(စ) အိန္ဒိယ	တစ်ရူပီး	= ၁၆. ၃၀၁
(ဂ) အောက်တိန်း 92	တစ်လီတာ	၉၄၀ ကျပ်		(ဆ) ဂျပန်	တစ်ရာယန်း	= ၉၅၆. ၄၅
(ဃ) ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်		(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၆. ၁၈၀
နိုင်ငံခြားငွေလဲလှယ်နှုန်း				(ဈ) ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၁၂. ၂၀
(က) အမေရိကန်	တစ်ဒေါ်လာ	= ၉၇၃. ၀၀		(ည) စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၀. ၉၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ဧည့်လမ်းညွှန်များ အထူးသီးသန့်မွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၈

ဧည့်လမ်းညွှန်များ အထူးသီးသန့်မွမ်းမံသင်တန်း အမှတ်စဉ်(၆)ဖွင့်ပွဲကို ဇူလိုင် ၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ ညွှန်ကြားရေးမှူး ဦးအုန်းမြင့် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

(သတင်းစဉ်)

ပြည်တွင်းရေးရာ

နိုင်ငံခြားရေးဝန်ကြီးဌာန၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၈

နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆွေးနွေးပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်**(ယာပုံ)**က နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ ပြည်ပသို့သွားရောက်မည့် ကိစ္စရပ်များကို ပိုမိုလွယ်ကူလျင်မြန်စေရန် လုပ်ငန်းအဆင့်များလျှော့ချကာ အချိန်မီလွယ်ကူစွာသွားရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများနိုင်ငံခြားထွက်ခွာရာတွင် ပြုလုပ်သည့်ကိစ္စနှင့်ပတ်သက်၍ ယခင်က နေပြည်တော်၌သာ ဆောင်ရွက်ပေးခဲ့သော်လည်း ယခုအခါ ရန်ကုန်မြို့တွင်ပါ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် Passport များကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်မလိုဘဲ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ထိန်းသိမ်းရေးကို ပြောင်းလဲဆောင်ရွက်ထားကြောင်း၊ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံး၊ အဖွဲ့ရုံးများမှ သံတမန်များအတွက် ပြည်တွင်းနေထိုင်ခွင့်နှင့်ပတ်သက်၍ ၂၀၁၃ ခုနှစ်မှစတင်ကာ ပြည်တွင်းနေထိုင်ခွင့်အား ကနဦး သုံးနှစ်နှင့် သက်တမ်းတိုး တစ်နှစ်စီ တိုးမြှင့်ပေးခြင်း၊ ပြည်ပအခြေစိုက် မြန်မာသံရုံးများတွင်လည်း ဗီဇာကိစ္စမြန်ဆန်လွယ်ကူစေရန်နှင့် မြန်မာနိုင်ငံသားများ အကျိုးကို အစွမ်းကုန်ကာကွယ်စောင့်ရှောက်ပေးပြီး အဆင်ပြေချောမွေ့စေရန် ကူညီဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးနေကြောင်း၊ နိုင်ငံခြားရေးဝန်ထမ်းများ အနေဖြင့် ယင်းကဲ့သို့ဖြေလျှော့မှုများကိုပြုလုပ်စဉ်တွင် အပြုသဘောဆောင်သည့်အပြုအမူ၊ အပြောအဆိုများဖြင့် ဆက်ဆံဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ပနိုင်ငံများနှင့် သော်လည်းကောင်း၊ ဒေသတွင်းအာဆီယံ၊ ဘင်းမ်စတက်၊ ဂျီအမ်အက်စ် စသော အဖွဲ့ဝင်နိုင်ငံများနှင့်သော်လည်းကောင်း၊ ပိုမိုချစ်ကြည်ရင်းနှီးစွာ ဆက်ဆံပြီး ပူးပေါင်းဆောင်ရွက်မှုများရှိနေသည့်အတွက် ကဏ္ဍအသီးသီးတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုကြောင်း၊ နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမှုများလာသည်နှင့် အမျှ နိုင်ငံတကာမှ အထောက်အပံ့များလည်း ရရှိလာမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ပညာရေး၊ ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုပေးလျက်ရှိကြောင်း၊ ဆက်လက်၍လည်း ခေတ်မီဖွံ့ဖြိုးလျက်ရှိသည့် နိုင်ငံများနှင့် ပိုမိုကျယ်ပြန့်စွာပူးပေါင်းဆောင်ရွက်ရေးအတွက် သံတမန်ကဏ္ဍမှနေ၍ အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးသန့်ကျော်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏စွမ်းဆောင်ရည်မြှင့်တင်ရေး နှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က e-government စနစ်ထိရောက်စွာ အသုံးပြုနိုင်ရေး နှင့် စပ်လျဉ်း၍လည်းကောင်း အသီးသီးဆွေးနွေးကြသည်။

ဆက်လက်၍ ဦးစီးဌာနများ၏ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူတို့က တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်းများ၊ ဦးစီးဌာနအလိုက် ပြုပြင်ပြောင်းလဲ ဆောင်ရွက်နေမှုများ၊ ဌာနနှင့် သက်ဆိုင်သော အခန်းကဏ္ဍ၊ ဘာသာရပ်အလိုက် အောင်မြင်မှု၊ တိုးတက်မှုနှင့်ဖြေလျှော့ပေးနိုင်မှုများကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့ စည်းဝေး

နေပြည်တော် ဇူလိုင် ၈

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ဇူလိုင် ၄ ရက် နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

မြန်မာနိုင်ငံသည် UNTOC- United Nations Convention againsts Transnational Organized Crime နှင့် နောက်ဆက်တွဲစာချုပ်များကို ၂၀၀၄ ခုနှစ် မတ် ၃၀ ရက်တွင် စာချုပ်ဝင်အဖြစ် လက်မှတ်ရေးထိုးခဲ့သည်။ နောက်ဆက်တွဲစာချုပ်ဖြစ်သည့် The Protocol to Prevent, Suppress and Punish Trafficking in Persons, especially Women and Children စာချုပ်အရ ၂၀၀၅ ခုနှစ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ ယခုအခါ လူကုန်ကူးခြင်းနှင့် သက်ဆိုင်သော ပြစ်မှုများကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

လူကုန်ကူးမှုသည် အမျိုးသားရေးနှင့် သက်ဆိုင်သည့် ပြစ်မှုဖြစ်သည့်အတွက် အမှန်တကယ်ကျူးလွန်သူကို ထိထိရောက်ရောက် အရေးယူအပြစ်ပေးရန်နှင့် အမှုစစ်ဆေးရာတွင်လည်း တရားခံအတွက်မျှတသော တရားစီရင်ရေးကိုပေးရန် လိုအပ်သည်။

အစည်းအဝေးတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့တွဲဖက်အတွင်းရေးမှူး ရဲမှူးချုပ်ဝင်းနိုင်ထွန်းက လူကုန်ကူးမှုဆိုင်ရာ တရားစီရင်ရေး ဆောင်ရွက်ချက်များ၏ ရလဒ်များနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့များ၏ ဆောင်ရွက်ချက်များ (AAPTIP) နှင့် WARNATH GROUP တို့မှ ကိုယ်စားလှယ်များက ၎င်းတို့အဖွဲ့၏ ပူးပေါင်းဆောင်ရွက်ချက်များ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ဌာနဆိုင်ရာကိုယ်စားလှယ်များက မိမိတို့ဌာနအလိုက် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ AAPTIP နှင့် WARNATH GROUP တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဓမ္မစကြာအခါတော်နေ့ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၈

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့မှကြီးမှူး၍ ၁၃၇၆ ခုနှစ် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) အခမ်းအနားကို ဇူလိုင် ၁၁ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် အာရုံခံတန်ဆောင်း အပေါ်ထပ်၌ ဝတ်အသင်း ၂၁ သင်းမှ ဝတ်အသင်းသူ အသင်းသားများဖြင့်စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ဒိုက်ဦး၌ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေး

ဒိုက်ဦး ဇူလိုင် ၈

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဒိုက်ဦးမြို့နယ်၏ ၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးခြင်း အခမ်းအနားကို ဇူလိုင် ၈ ရက်တွင် ဒိုက်ဦးမြို့နယ် သံတံတားရပ်ကွက် ကန်တော်မင်္ဂလာကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခေတ္တ)မန်နေဂျာ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီအဖွဲ့ဝင်များ၊ ငွေထုတ်ချေးမည့် ရှမ်းစုကျေးရွာအုပ်စုနှင့် တောင်သလဲမြောင်ကျေးရွာအုပ်စုတို့မှ လယ်သမားများ တက်ရောက်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားကာ မြို့နယ်စိုက်ပျိုးရေးဘဏ်(ခေတ္တ)မန်နေဂျာက ချေးငွေနှင့်ပတ်သက်သော စည်းကမ်းချက်များအား ရှင်းလင်းတင်ပြသည်။

ဒိုက်ဦးမြို့နယ်အနေဖြင့် ယနေ့ထုတ်ချေးသော ကျေးရွာအုပ်စုနှစ်အုပ်စုမှ လယ်သမား ၃၈၇ ဦးအား ချေးငွေကျပ် ၂၆၃၈ သိန်းတိတိ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကျော်ကျော်(IPRD)

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။



အာရှတိုက်၌ ငြိမ်းချမ်းရေးကို အားပေးမြှင့်တင်ရန် ကြိုးပမ်းမည်ဟု ဂျပန်ဝန်ကြီးချုပ်အာဘေး ပြောကြား

ဆစ်ဒနီ ဇူလိုင် ၈

အာရှတိုက်၌ ငြိမ်းချမ်းရေးကို အားပေးမြှင့်တင်နိုင်ရန် ဂျပန်နိုင်ငံက ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ဇူလိုင် ၈ ရက်တွင် ပြောကြားသည်။

ဩစတြေးလျပါလီမန်၏ လွှတ်တော်နှစ်ရပ် အစည်းအဝေးတွင် ဝန်ကြီးချုပ်အာဘေးက မိန့်ခွန်းပြောကြားရာ၌ အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

မိမိ၏နိုင်ငံသည် အာရှဒေသ၌သာမက ကမ္ဘာပေါ်တွင်ပါ ငြိမ်းချမ်းရေးလုပ်ငန်းများကို အားပေးမြှင့်တင်သွားရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း အာဘေးက ပြောကြားသည်။

ဂျပန်နှင့်ဩစတြေးလျနိုင်ငံတို့သည် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးကြသည့် နိုင်ငံများဖြစ်ကြပြီး လွတ်လပ်မှုနှင့် ဒီမိုကရေစီတို့ကို အလေးထားကာ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို တန်ဖိုးထားကြကြောင်း၊ ဂျပန်နိုင်ငံသည် ဩစတြေးလျနှင့် ကာကွယ်ရေးဆက်ဆံမှုကို မြှင့်တင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်အာဘေးက ပြောကြားသည်။

ဝန်ကြီးချုပ်အာဘေးနှင့် ဩစတြေးလျဝန်ကြီးချုပ် တိုနီအက်ဘော့တို့သည် ကာကွယ်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းသဘောတူညီချက်အရ ဂျပန်နိုင်ငံက ဩစတြေးလျနိုင်ငံသို့ ကာကွယ်ရေးပစ္စည်းများနှင့် နည်းပညာတို့ကို လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။

ရိုက်တာ။

ဂျပန်ဝန်ကြီးချုပ် အာဘေးအား ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့ရှိ ပါလီမန်အဆောက်အအုံ မျက်နှာစာတွင် ကြိုဆိုပွဲအခမ်းအနားကျင်းပစဉ်။

ယူကရိန်းနိုင်ငံ ဒွန်းနက်မြို့အနီး တံတားသုံးစင်း ဖောက်ခွဲဖျက်ဆီးခံရ

ကီယက်ဗ် ဇူလိုင် ၈

ယူကရိန်းနိုင်ငံ ဒွန်းနက်မြို့သို့ ဦးတည်နေသော အဓိက လမ်းများပေါ်ရှိ တံတားသုံးစင်း ဖောက်ခွဲဖျက်ဆီးခံခဲ့ရကြောင်း၊ ခွဲထွက်ရေးသမားများ၏ ခြေကုပ်စခန်းကို အစိုးရတပ်ဖွဲ့များက ထိုးစစ်ဆင် တိုက်ခိုက်ဖွယ်ရှိမှု နှေးကွေးကြန့်ကြာအောင် လုပ်ဆောင်ချက်အဖြစ် ယူဆရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၈ရက်တွင် သတင်းထုတ်ပြန်သည်။

ဆလော့ယန့်စ်မြို့နှင့် အခြားသော နိုင်ငံအရှေ့ပိုင်းရှိ မြို့များမှ ခွဲထွက်ရေးဝါဒီ တိုက်ခိုက်ရေးသမားများကို ယူကရိန်းကြည်းတပ်က ရက်သတ္တပတ်ကုန်တွင် မောင်းထုတ်နိုင်ခဲ့ပြီးနောက် ၎င်းတို့သည် ဒွန်းနက်မြို့၌ အင်အားပြန်လည်စုစည်းခဲ့ကြသည်။ လူဦးရေတစ်သန်း နေထိုင်ရာ ယင်းမြို့ကို အခြေပြု၍ ရုရှားလိုလားသော ခွဲထွက်ရေးသမားများက ဒွန်းနက်ပြည်သူ့ သမ္မတနိုင်ငံအဖြစ် ထုတ်ပြန်ကြေညာခဲ့ကြသည်။

ဒွန်းနက်မြို့၏ နယ်နိမိတ်စည်းဝိုင်း အနီးဝန်းကျင်၌ ခွဲထွက်ရေးလှုပ်ရှားသူများက စစ်ဆင်နွှဲတိုက်ခိုက်သွားမည်ဖြစ်ကြောင်း အုပ်ချုပ်ရေးမှူးအဖြစ် တစ်ဖက်သတ်ထုတ်ပြန်ကြေညာထားသူ ပါဗယ်ဂူဘာရက်ဗ်က ပြောကြားသည်။

အဝေးပြေး လမ်းပေါ်ရှိ တံတားများနှင့် ရထားလမ်းကြောင်းပေါ်ရှိ တံတားများအား မည်သူတို့က ဖောက်ခွဲဖျက်ဆီးခဲ့သည်ကို အတိအကျ မသိရပေ။ ဇူလိုင် ၇ ရက်က တံတားများ ဖောက်ခွဲဖျက်ဆီးခံရမှုသည် ခွဲထွက်ရေးသမားများကို အကျိုးကျေးဇူးရရှိစေနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။

ရိုက်တာ။

အာဖဂန်သမ္မတရွေးကောက်ပွဲတွင် မိမိအောင်ပွဲခံဟု အဗ္ဗဒူလာ အဗ္ဗဒူလာက ကြေညာချက်ထုတ်ပြန်

ကဘူး ဇူလိုင် ၈

အာဖဂန်နစ္စတန်သမ္မတရွေးကောက်ပွဲ၏ ဒုတိယအကျော့မဲပေးပွဲတွင် မိမိအောင်ပွဲခံသည်ဟု နိုင်ငံခြားရေးဝန်ကြီးဟောင်း အဗ္ဗဒူလာအဗ္ဗဒူလာက တစ်ဖက်သတ် ထုတ်ပြန်ကြေညာခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ လွတ်လပ်သောရွေးကောက်ပွဲကော်မတီက အစောပိုင်းတွင် ထုတ်ပြန်ကြေညာရာတွင် ကနဦးမဲရလဒ်များအရ အဗ္ဗဒူလာအဗ္ဗဒူလာက ထောက်ခံမဲ ၄၃ ဒသမ ၅၆ ရာခိုင်နှုန်းရရှိပြီး ၎င်း၏ပြိုင်ဘက် အက်ရှ်ဖ်ဂါနီအာမက်ဇိုင်းက ထောက်ခံမဲ ၅၆ ဒသမ ၄၄ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း ဖော်ပြသည်။

အာဖဂန်နစ္စတန်သမ္မတရွေးကောက်ပွဲ၏ အပြီးသတ် မဲရလဒ်ကို ဇူလိုင် ၂၂ ရက်တွင် ကြေညာရန်စီစဉ်ထားပြီး ယင်းရွေးကောက်ပွဲ မဲဆန္ဒရလဒ်များအရ အနိုင်ရသူ သမ္မတသည် ဩဂုတ် ၂ ရက်တွင် အာဖဂန်နစ္စတန်သမ္မတသစ်အဖြစ် စတင်တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် သမ္မတရွေးချယ်ပွဲ ပထမအကျော့မဲပေးပွဲကို ဧပြီ ၅ ရက်တွင် ပြုလုပ်ခဲ့ပြီး ယင်းအကျော့မှ ထွက်ပေါ်လာသည့်ရလဒ်အပေါ် သမ္မတလောင်းများက ကျေနပ်မှုရှိခဲ့ကြသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် အာဏာဆက်ခံမည့် သမ္မတသစ်သည် ရုရှားနိုင်ငံနှင့် ဆက်ဆံရေးသစ်ကို တိုးတက်ဖြစ်ထွန်းအောင် လုပ်ဆောင်နိုင်မည့်သူအဖြစ် ရုရှားသမ္မတ ဗလာဒီမာပူတင်က မျှော်လင့်ကြောင်း သတင်းတွင်ဖော်ပြသည်။

ရိုက်တာ။

သမ္မတလောင်း အဗ္ဗဒူလာအဗ္ဗဒူလာ ဂျာလာလာဘတ်ပြည်နယ်၌ မဲဆွယ်စည်းရုံးရေး လှုပ်ရှားမှုမှတ်တမ်းပုံ။

ဂျော်ဂျီယာ သမ္မတဟောင်း အက်ဒွပ်ရှီဗာနာဇေ ကွယ်လွန်

တီဘလီစီ ဇူလိုင် ၈

ဂျော်ဂျီယာနိုင်ငံ၏ သမ္မတဟောင်း အက်ဒွပ်ရှီဗာနာဇေသည် ဇူလိုင် ၇ရက်က ကွယ်လွန်သွားပြီဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အသက် ၈၆ နှစ်ရှိ ဇီဗာနာဇေသည် ကာလရှည်စွာ နာမကျန်းဖြစ်ခဲ့ပြီး ဇူလိုင် ၇ ရက်တွင် ကွယ်လွန်သွားကြောင်း ၎င်းအား ပြုပြင်စောင့်ရှောက်နေသည့် မာရီနာတက်ဇီပီလီက ပြောကြားသည်။

ဆိုဗီယက် ယူနီယံ ပြိုကွဲခဲ့ပြီးနောက် ၁၉၉၂ ခုနှစ်တွင် ဂျော်ဂျီယာ သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ရှီဗာနာဇေက တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ ဇီဗာနာဇေသည် တည်ငြိမ်မှုမရှိဘဲ ပြည်တွင်းစစ် ဖြစ်ပွားနေသည့် ဂျော်ဂျီယာနိုင်ငံအား ဦးဆောင်ခဲ့သည်။ ၂၀၀၃ ခုနှစ် နိုဝင်ဘာတွင် နှင်းဆီတော်လှန်ရေးအမည်ရှိ လူထုအုံကြွမှု ပေါ်ပေါက်ခဲ့သည်။ ပါလီမန်ရွေးကောက်ပွဲများ၌ ရှီဗာနာဇေက မသမာမှုများ ပြုလုပ်ခဲ့သည်ဟု အတိုက်အခံတို့က စွပ်စွဲခဲ့ပြီးနောက် ယင်းတော်လှန်ရေး ပေါ်ပေါက်ခဲ့သည်။

၁၉၂၈ ခုနှစ်တွင် လန်ချပ်ကူတီ မြို့၌ မွေးဖွားခဲ့သော ရှီဗာနာဇေသည် ဂျော်ဂျီယာပြည်နယ်၏ ကွန်မြူနစ်လူငယ်အဖွဲ့အစည်းသို့ ၁၉၄၆ ခုနှစ်တွင် ဝင်ရောက်ခဲ့ပြီး ပြည်နယ်ကွန်မြူနစ်ပါတီ အကြီးအကဲရာထူးကို ၁၉၇၂ ခုနှစ်တွင် ရရှိခဲ့သည်။

၁၉၈၅ ခုနှစ်တွင် မီခေးလ်ဂေါ်ဘာချော့ဗ် ဦးဆောင်သည့် ဆိုဗီယက်ပြည်ထောင်စု၏ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရပြီး စစ်အေးခေတ် အဆုံးသတ်ရေး၌ ၎င်း၏ ပါဝင်လုပ်ဆောင်ခဲ့မှုအတွက် အသိအမှတ်ပြုခံခဲ့ရသူလည်းဖြစ်သည်။

ဘီဘီစီ။

တိုင်ဖွန်းမုန်တိုင်း ချဉ်းကပ်လာနေချိန်တွင် အိုကီနာဝါကျွန်း၌ ငါးဖမ်းလှေများ ဘေးအန္တရာယ်မကျရောက်ရေး အတွက် ပြင်ဆင်ဆောင်ရွက်စဉ်။

အိုကီနာဝါကျွန်း၌ တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်

တိုကျို ဇူလိုင် ၈

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းကိုဖြတ်သန်း၍ အင်အားပြင်း တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ရာ ဒေသခံပြည်သူ ၄၈၀၀၀၀ မှာ ဘေးကင်းလုံခြုံရာနေရာများတွင်ခိုလှုံနေခဲ့ကြရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၈ရက်တွင် သတင်းထုတ်ပြန်သည်။

ဇူလိုင် ၈ ရက်က တိုက်ခတ်သည့်မုန်တိုင်းမှာ နှစ်ပေါင်းအတန်ကြာကာလအတွင်း အပြင်းထန်ဆုံးမုန်တိုင်းဖြစ်သည်။ နီယိုဂူရိုဟု အမည်ပေးထားသော ယင်းမုန်တိုင်း ဘေးအန္တရာယ်နှင့်ပတ်သက်၍ အမျိုးသားရာသီဥတုအေဂျင်စီက အမြင့်ဆုံးအဆင့် သတိပေးထားသည်။

မုန်တိုင်းဒီရေမြင့်တက်နိုင်မှု၊ မြေပြိုမှုတို့ဖြစ်ပေါ်နိုင်သည်ဟု အဆိုပါအေဂျင်စီက သတိပေးထားပြီး တစ်နာရီလျှင် ကီလိုမီတာ ၂၅၀(၁၅၅ မိုင်)အထိ လေပြင်းတိုက်ခတ်နိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လေကြောင်းခရီးစဉ်များကို ဖျက်သိမ်းခဲ့ရပြီး စာသင်ကျောင်းများကိုလည်း ပိတ်ထားခဲ့ရသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် အသက် ၈၃ နှစ်အရွယ် အဘွားအိုတစ်ဦး အပါအဝင်သုံးဦးထက်မနည်း ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အသက် ၆၂ နှစ်အရွယ် ရေလုပ်သားတစ်ဦး ပျောက်ဆုံးနေကြောင်း ပင်လယ်ရေကြောင်းဌာန တာဝန်ရှိသူများက ပြောကြားကြသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ရပြီး ရေနံချက်စက်ရုံတစ်ရုံကို ပိတ်ထားရကြောင်း သတင်းတွင် ဖော်ပြသည်။

ဆင်ဟွာ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ဦးခင်ဇော်တို့နှင့်အတူ ယနေ့နံနက် ၇ နာရီတွင် အဆိုပါဝန်ကြီးရုံးအနီး၌ ကျင်းပသော မိုးရာသီ စုပေါင်း သစ်ပင်စိုက်ပျိုးပွဲသို့ ဝန်ထမ်းများနှင့်အတူတက်ရောက်၍ စိန်တလုံးသရက်ပင်များ စိုက်ပျိုးပေးခဲ့ကြသည်။(ယာပုံ)

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ဦးခင်ဇော်တို့သည် စိန်တလုံး သရက်ပင်များ စိုက်ပျိုးပေးခဲ့ကြပြီး ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများလည်း ပါဝင် စိုက်ပျိုးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲတော်သို့တက်ရောက်လာကြသော ဝန်ထမ်းများ အား သစ်ပင်များစိုက်ပျိုးပေးခြင်းသည် ထာဝရကုသိုလ် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ နှစ်စဉ်မြန်မာမှုဓလေ့ထုံးစံအရ သစ်ပင်များစိုက်ပျိုးခြင်းသည် လူသားများ၏ သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်ပြီး စိမ်းစို သာယာလှပစေသည့်အတွက် များစွာအကျိုးကျေးဇူးရှိပါ ကြောင်းပြောကြားပြီး သစ်ပင်စိုက်ပျိုးနေကြသော ဝန်ထမ်း များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ဝန်ကြီးရုံးအတွင်းရှိ အောင်မြင်ဖြစ်ထွန်းနေသော စိန်တလုံးသရက်ပင်များနှင့် နှင်းသီးပင်များကို ကြည့်ရှုခဲ့သည်။ ယနေ့တွင် လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် သီးပင်၊ စားပင်၊ အရိပ်ရပင် စုစုပေါင်း ၈၅၄၆ ပင် စိုက်ပျိုးခဲ့ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ မီဒီယာရှင်းလင်း

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီကကြီးမှူး၍ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ပေးပို့ပြိုင်ပွဲ နှင့် လက်တွေ့ပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ မီဒီယာ များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက မြို့တော်ခန်းမ အစည်းအဝေးခန်းမ (၃) ၌ ကျင်းပ သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေး ဌာနမှူး ဦးချိုထွန်းအောင်က ကျောင်းသားလူငယ်လူရွယ်များ မိမိ တို့ တတ်သိသည့် အသိပညာ၊ အတတ်ပညာများကို ပြသနိုင်မည် ဖြစ်ကြောင်း၊ မြို့တော်စည်ပင် သာယာမှ ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် သဘောပေါက် နားလည်ပြီး မြို့တော်သူ မြို့တော် သားများ ကျယ်ကျယ်ပြန့်ပြန့် သိရှိ လိုက်နာ ဆောင်ရွက်နိုင်စေရန်အတွက် "အဆင့်မြင့် မြို့တော်ဖြစ်စေရေး၊ အားလုံးပါဝင်ဆောင်ရွက်ပေး" ခေါင်းစဉ် ဖြင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊တက္ကသိုလ်၊ အလွတ် တန်းအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲများ ကျင်းပမည့် ရည်ရွယ်ချက် များကို အသေးစိတ် ရှင်းလင်း ပြောကြား၍လည်းကောင်း၊ ပေးပို့ ပြိုင်ပွဲ၊ လက်တွေ့ပြိုင်ပွဲ စည်းကမ်း ချက်များကိုလည်းကောင်း၊ ရန်ကုန်မြို့ တော်စည်ပင်သာယာရေး ကော်မတီ အနေဖြင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲကို ယခုနှစ်တွင်ကျင်းပခြင်း မဟုတ်ဘဲ လွန်ခဲ့သည့် ၁၉၉၁ ခုနှစ်မှ ၂၀၀၂ ခုနှစ်ထိ ၁၁ နှစ်တိုင်တိုင် စဉ်ဆက်မပြတ် ပြုလုပ်ခဲ့ပါကြောင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲသည် ကျယ်ပြန့်ထိရောက်သည့် ပြိုင်ပွဲဖြစ် သည့်အတွက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပညာရှင်ကြီးများနှင့် အကြိမ်ကြိမ် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ကာ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အခြေခံပညာ မူ/လယ်/ထက်၊ တက္ကသိုလ်၊ အလွတ်တန်းဝါသနာရှင် များ အားလုံးပါဝင်၍ ပြိုင်ပွဲ၊ ပြပွဲကြီး ကို စည်ကားသိုက်မြိုက်စွာ ကျင်းပ သွားမည်ဖြစ်ကြောင်း၊ ဆုများကို လည်း ထိုက်ထိုက်တန်တန်ချီးမြှင့်သွား မည်ဖြစ်ကြောင်း အကျယ်တဝင့် ပြောကြားပြီး တက်ရောက်လာကြ သည့် မီဒီယာများ၏ မေးမြန်းချက် များကို ဌာနမှူး ဦးချိုထွန်းအောင်၊ ပန်းချီပညာရှင် ဦးဇော်ဝင်း၊ ကာတွန်း ပညာရှင် ဦးရွှေမင်းသား၊ ပိုစတာ ပညာရှင် ဦးကိုယ်သီးတို့က ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့်စပ်လျဉ်း၍ ပြန်လည်ဖြေကြားကြပြီး လက်ထောက် ဌာနမှူး ဦးလှမင်းက ပြိုင်ပွဲခေါင်းစဉ်၊ ပြိုင်ပွဲစည်းကမ်းချက်များနှင့် အတန်း လိုက် ဆုချီးမြှင့်သွားမည့် ဆုတန်ဖိုး များကို ရှင်းလင်းပြောကြားသည်။

အဆိုပါပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲ၊ ပြပွဲကို အောင်မြင်စွာကျင်းပ နိုင်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ ကြီးကြပ်ဆောင်ရွက်မည်ဖြစ်ပြီး ဆုရွေး ချယ်ခြင်းနှင့်ပတ်သက်၍ ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပညာရှင်ကြီးများ ၏ ဆုံးဖြတ်ချက်ဖြင့် ရွေးချယ်ပေး သွားမည်ဖြစ်ကြောင်း သိရသည်။

(စောသိန်းဝင်း)

လူဦးရေရန်ပုံငွေအဖွဲ့နှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေး လိုအပ်မည့် အစီအမံများ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၈

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် မစ္စဂျဲနက်ဂျက်ဆင်သည် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန၌ လာရောက် တွေ့ဆုံပြီး လာမည့်ကုလသမဂ္ဂအထွေထွေညီလာခံအတွင်း နယူးယောက်မြို့၌ပြုလုပ်မည့် လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှု အပြည်ပြည်ဆိုင်ရာညီလာခံကိစ္စနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေး အတွက် လိုအပ်မည့်အစီအမံများကိစ္စတို့ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွမ်းစရာ မန်းပန်းချီ

ကာတွန်းဖေမင်း

စည်းနဲ့ဝါး. . . စည်းနဲ့ဝါး. . .
ထံတျာတေရှင်. . . ထံတျာတေရှင်. . .
ဒလု . . . ဒလု . . . ထုံး. . . ဒုန့်. . . ဒုန့်. . .
တောပင်တောလုံး. . . နှံ့ပါလို့လေး. . .

ဒီအသံလေးတွေက စာရေးသူတို့ ပန်းချီအခြေခံ ပထမနှစ် ကျောင်းသားများ နေ့စဉ်နံနက် ၉ နာရီ ကျောင်းတက်ချိန်ကာလ စတင်ကြားနေကျ နားရည်ဝ နားယဉ်နေပြီဖြစ်တဲ့ မြန်မာဂီတ အခြေပြု "မဟာဂီတ" သံစဉ်တေးအစ ဆိုတီးနေကျ သဘင်ဂီတ သုခုမ အနုပညာရှင်လေးများ ဖြစ်ကြတဲ့ ပန်တျာအဆို၊ အက၊ အတီး ကျောင်းသူကျောင်းသားလေးများရဲ့ သာယာနာပျော်ဖွယ် ကောင်းလှတဲ့ နံနက်ခင်းတေးဂီတ သံစဉ်လေးများ ဖြစ်ကြပါတယ်။ ပန်းချီအခြေခံသင်တန်းသား ကျောင်းသားတွေက ဘာကိစ္စ ဒီအသံတွေ အမြဲကြားနေကြတာလဲ ဆိုတော့ အနုသုခုမ အတတ်ပညာအစုံ အကုန်သင်ကြားပြသပေးနေတဲ့ မန္တလေးမြို့ နန်းတော်မြို့ရိုးကြီးရဲ့ ကျုံးအရှေ့ဘက် နန်းတော်ရှေ့လို့ခေါ်တဲ့ နန်းရှေ့ရပ်ရှိ တစ်ခုတည်းသော "နိုင်ငံတော်အစိုးရ ပန်းချီ၊ ပန်းပု၊ အနုသုခုမ ဂီတပြဇာတ်နဲ့ ပန်တျာကျောင်းဆိုတဲ့ "မန်းပန်တျာ" ကျောင်းတော်ကြီးမှာ စာရေးသူ ဆယ်ကျော်သက်ဘဝ မွေးဗီဇ ဝါသနာအရ ပန်းချီပညာသင်ကြားခဲ့ရလို့ပါပဲ။

ဒီလို ပန်းချီ၊ ပန်းပု၊ အနုသုခုမ ဂီတနဲ့ ပြဇာတ်သဘင် အနုပညာရှင်လေးများကို နှစ်စဉ်သင်ကြားမွေးဖွားပေးနေတဲ့ "ပန်တျာကျောင်း" ရှိနေတယ်ဆိုတာ အဲဒီအချိန်က ခုနစ်တန်းအောင်ပြီးထားတဲ့ အညာက ကျေးလက်တောရွာသားဖြစ်တဲ့ စာရေးသူ လုံးဝမကြား မသိဘူးခဲ့တာ အမှန်ပဲဖြစ်ပါတယ်။

စာရေးသူဟာ ငယ်စဉ်ကတည်းက ပန်းချီဆွဲတယ်။ ရွာကန်ထဲက ရွှံ့တွေတူးယူပြီး ရွှံ့ပန်းပုရုပ်တွေ ထုဆစ်ပြုလုပ်ပါတယ်။ အထူးသဖြင့် လုပ်ဖြစ်တဲ့ ရွှံ့ရုပ်တွေကတော့ "ဗိုလ်ချုပ်အောင်ဆန်း၊ ဘကြီးမှိုင်းနဲ့ ဆိုဗီယက်ခေါင်းဆောင်ကြီး "လီနင်"ရဲ့ ပုံတူတွေ မကြာခဏ ပြုလုပ်လေ့ရှိပြီး ပန်းချီဆွဲတယ်၊ အထူးသဖြင့် အဲဒီခေတ်ကာလ နေ့စဉ် ထွက်နေကြတဲ့ "ဟံသာဝတီ၊ ဗမာ့ခေတ်" စတဲ့ နာမည်ကြီးသတင်းစာကြီးတွေထဲမှာ အမြဲပါနေကျဖြစ်တဲ့ (ကွယ်လွန်သူ) နိုင်ငံကျော် "ကာတွန်းဆရာကြီး ဦးဘဂျမ်း"ရဲ့ နိုင်ငံရေးကာတွန်းတွေကို အမြဲလို ဖတ်ရှုခဲ့ရာက အသက်ဝင်လှုပ်ရှားမှုအပြည့်အဝပါတဲ့ ဆရာကြီးရဲ့ ရသမြောက်ကာတွန်းလက်ရာတွေကို အလွန်သဘောကျလွန်းတာကြောင့် ကူးဆွဲရာက ဆရာကြီးရဲ့ လက်ရာနဲ့ ထပ်တူအလွတ်ဆွဲနိုင်တဲ့အထိ ရေးဆွဲနိုင်ခဲ့ပါတယ်။ အဲဒီလို စာရေးသူ ရေးဆွဲထားတဲ့ "ဦးဘဂျမ်း"လက်ရာမျိုး ကာတွန်းပုံတွေနဲ့ ဘကြီးမှိုင်း၊ ဗိုလ်ချုပ်အောင်ဆန်းနဲ့ လီနင်တို့ရဲ့ အလွန်ကြီးမားတဲ့ ရွှံ့ပန်းပုရုပ်တွေကို စာရေးသူနဲ့ ဝမ်းကွဲညီအစ်ကိုတော်စပ်သူ မန္တလေးမှာ တက္ကသိုလ်တက်နေတဲ့ ကိုလူအေးက နွေရာသီကာလ ကျောင်းနှစ်လပိတ်ချိန် စာရေးသူနေထိုင်တဲ့ ရွာလေးဆီအလည်အပတ်လာရင်းက စာရေးသူရဲ့ လက်ရာမြောက်လှတဲ့ ပန်းချီ၊ ကာတွန်း၊ ပန်းပုရုပ်တွေကို ရင်သပ်ရှုမောကြည့်ရှုတွေ့မြင်ရတာကြောင့် အဲဒီအချိန် အိမ်ရှေ့မှာ ဂျစ်ကားတစ်စီး အင်ဂျင်ပြင်ဆင်နေတဲ့ အဖေ့ဆီ စာရေးသူရဲ့ လက်ကိုဆွဲခေါ်လာပြီး ဦးလေးစက်ရဲ့သားက ပန်းချီ၊ ပန်းပု လက်စွမ်း လက်စရှိတယ်ဗျ။ ဒါကြောင့် သူ့ကို ပန်းချီ ပန်းပုကျောင်း တက်စေချင်တယ်ဗျာလို့ ဝမ်းသာအားရ အားပေးအားမြှောက်စကား ပြောကြားတာကြောင့် "ဟုတ်လား. . . မောင်လူအေးရ ငါလည်း ဟိုတုန်းက မန္တလေးနန်းရှေ့ ကားမောင်းသွားတိုင်း ဆိုင်းသံ ဗုံသံလေးတွေ ကြားမိတာကြောင့် ကားပေါ်က လှမ်းကြည့်တော့ "ပန်တျာကျောင်း"ဆိုတဲ့ ဆိုင်းဘုတ်ကြီးကို မြင်မိသလိုတော့ရှိတယ်ကွ၊ အဲဒီကျောင်းလား"

"သိပ်ဟုတ်တာပေါ့ ဦးလေးစက်ရာ၊ မန္တလေးမှာ ရှိသလို ရန်ကုန်မှာလည်း ရှိသေးတယ်ဗျ"၊ ဒါပေမယ့် ကိုယ်က အထက်အညာသားတွေပဲ ဟာပဲဗျာ၊ "မန္တလေး ပန်တျာကျောင်း"မှာပဲ တက်စေချင်တယ်၊ ဒါမှ ဦးလေး စက်သား အဆင်ပြေသွားမယ်။

ဒီတော့မှ "သြော် မန္တလေးမှာ ပန်းချီ၊ ပန်းပု၊ အဆို အက အတီးပညာတွေအားလုံး သင်ကြားလို့ရတဲ့ ပန်တျာကျောင်း ရှိတယ်"ဆိုတာ စာရေးသူကျေးတောသား "ငအေ" သိရတော့တာပါပဲ။

မန္တလေးတက္ကသိုလ်ကျောင်းသား ဘီအေ နောက်ဆုံးနှစ် တက်ပြီးရာက ဘွဲ့ရပြီး မန္တလေးတက္ကသိုလ်မှာ နည်းပြဆရာ ပြန်လုပ်နေသူဖြစ်တဲ့ ညီအစ်ကိုတော် ဆရာတစ်ဖြစ်လဲ ကိုလူအေးရဲ့ ကျေးဇူးတော်ကြောင့် စာရေးသူဟာ အဲဒီအချိန်က တောင်ပြင်-စိတ္တရမဟီရပ် မင်္ဂလာတံတားကြီးနဲ့ တည့်တည့်အနီးရှိ စာရေးသူ အဖေရဲ့ နှမဝမ်းကွဲ အိမ်မှာတည်းခိုနေထိုင်ပြီး "နန်းတော်ရှေ့ဆရာတင်" နေခဲ့ဖူးတဲ့ နန်းတော်ရှေ့ နန်းရှေ့ရပ်မှာရှိတဲ့ "မန္တလေး ပန်တျာကျောင်း"မှာ ပန်းချီပညာ သုံးနှစ်သင်တန်း တက်ရောက်သင်ကြားဖြစ်ခဲ့ရတော့တာပါပဲ။

စာရေးသူတို့ ပန်းချီသင်တန်းစတင်တက်ရောက်စဉ်ကာလ အခါသမယ ကြီးမားကျယ်ဝန်းလှတဲ့ မန်းပန်တျာကျောင်းတော် မဟာဝင်းကြီးထဲမှာက ကျောင်းအဆောက်အအုံများ ပြည့်စုံလုံလောက်အောင် မရှိသေးတဲ့အတွက် ကျောင်းဝင်းကြီးထဲမှာ အဆောက်အအုံငယ်လေးများ ဟိုမှာတစ်စု ဒီမှာတစ်နေရာဆိုသလို သီးခြားဝေးကွာရှိကြပါတယ်။

အထူးသဖြင့် ဆိုင်းဝိုင်းကြီး "မြန်မာ့ရွှေဆိုင်းဝိုင်း" ကြီးများနဲ့ "နှဲ"သင်တန်းများကိုတော့ ဆူညံမှုရှိတာကြောင့် အခြားသော သင်တန်းများနဲ့ အလှမ်းဝေးကွာစွာ ထားရှိတာ အလွန်ပဲ သင့်လျော်လှပါတယ်။

စာရေးသူတို့ ပန်းချီအခြေခံ ပထမနှစ်သင်တန်းကိုတော့ ဆောက်လုပ်စ တိုးချဲ့အဆောက်အအုံများ မပြီးဆုံးသေးတာကြောင့် နိုင်ငံတော်အမျိုးသားဇာတ်ခုံကြီး၊ ဇာတ်ရုံကြီးရဲ့ အဓိကဇာတ်သဘင်များ ကပြတဲ့ အလယ်မိန်းခန်းမကြီးပေါ်မှာ သင်ကြားခဲ့ကြရပြီ။ ဇာတ်ခုံကြီး၊ ဇာတ်စင်ကြီးရဲ့ ဘေးနှစ်ဖက် လက်ဝဲ၊ လက်ယာ ခန်းမဆောင်တွေထဲမှာကတော့ လက်ဝဲဘက်မှာ ပန်တျာကျောင်းကြီးရဲ့ မင်းသမီးသင်တန်းဖြစ်ပြီး လက်ယာဘက်မှာက မင်းသားသင်တန်းဖြစ်ပါတယ်။

"လက်ဝဲဘက်"ခန်းက မင်းသမီးသင်တန်းမှာ အက နည်းပြ ဆရာမကြီးအဖြစ် ဇာတ်သဘင်ဂီတမှာ အစဉ်အလာကြီးမားခဲ့သလောက် အောင်မြင်ထင်ရှား ကျော်ကြားလှသူ အငြိမ့်မင်းသမီးကြီး "သြဘာသောင်း"ခေါ် "ဒေါ်သြဘာသောင်း" ဖြစ်ပြီး ဇာတ်ခုံကြီးရဲ့ လက်ယာဘက်ခန်းထဲမှာကတော့ အဓိက မင်းသား အက၊ အဆို သင်တန်းရှိပြီး မင်းသားအက နည်းပြ ဆရာကြီးကတော့ အစဉ်အလာကြီးမားခဲ့သူ ဇာတ်သဘင်အနုသုခုမ ပညာရှင်ဆရာကြီး ဦးရွှေဒေါင်းညိုပါ(ဆရာချစ်ဦးညို)ရဲ့ ဖခင် ဇာတ်သဘင်မင်းသားကြီး ဖြစ်ပါတယ်။

ဆရာကြီး "ရွှေဒေါင်းညို" နဲ့အတူ ပူးတွဲသင်ပြသူက အထက်အညာမန္တလာမှာ ဟိုရှေးခေတ်ကာလစဉ်ကတည်းက ထင်ရှားကျော်ကြားခဲ့သူ အငြိမ့်သဘင်ပညာရှင် မင်းသမီးကြီး "လှလေးစိန်"ခေါ် "ဒေါ်လှလေးစိန်" ဖြစ်ပါတယ်။ (ကွယ်လွန်သူ) ဆိုင်းဆရာကြီးရွှာစား "စိန်ဗေဒါ" နဲ့အတူတွဲဖက်သီဆိုမှုပြုမိခဲ့သူ ဆရာမကြီးဖြစ်ပါတယ်။ မန္တလေးမြို့ကို ရောက်ဖူးသူတိုင်း သိရှိကြတဲ့ "လှလေးစိန်" ထိုးမုန့်ဆိုတာဟာလည်း ဆရာမကြီး ဂီတမယ်လှလေးစိန်ရဲ့ အမည်နာမနဲ့ ထုတ်လုပ်တဲ့ ဆရာမကြီးရဲ့ ထိုးမုန့်အိမ်တွင်းမှု လုပ်ငန်းတစ်ခုပါ။ စာရေးသူတို့ ငယ်ရွယ်စဉ်ကျောင်းသားဘဝကတည်းက နာမည်ထင်ရှားလှတဲ့ ထိုးမုန့်ဖြစ်ပါတယ်။

ဒ့ါအပြင် စာရေးသူတို့ ပထမနှစ်ပန်းချီသင်တန်း ဇာတ်ခုံကြီးရဲ့နောက်က ဇာတ်သဘင်ပညာရှင်များ ဇာတ်ပွဲကစဉ်ကာလ နားနေဆောင်အဖြစ် ပြုလုပ်ထားတဲ့ အခန်းအဆောက်အအုံထဲမှာကတော့ ဟိုစဉ်ရှေးခေတ် ထီးနန်းစိုက်ခဲ့ကြသည့်ကာလများတွင် ထင်ရှားကျော်ကြားလှသည့် ရွှေနန်းတွင်းစောင်းတီးပညာရှင်ကြီး "ဒေဝဣန္ဒမောင်မောင်ကြီး" ခေါ် စောင်းဆရာကြီး၏ တပည့်ရင်းဖြစ်ခဲ့သူ "ဒေါ်မေမေ"က စောင်းဝါသနာရှင် စောင်းပညာ သင်တန်း ကျောင်းသူ ကျောင်းသားလေးများကို ပညာသင်ကြားပေးနေသူ ဆရာမကြီးဖြစ်ပါတယ်။ ဆရာမကြီးရဲ့ စောင်းလက်သံနဲ့အတူ ဆရာမကြီးရဲ့သာယာနာပျော်ဖွယ် ကောင်းလှတဲ့ သီချင်းသီဆိုသံလေးများကိုလည်း ယခု စာရေးနေစဉ်ကာလအထိ စာရေးသူရဲ့နားထဲမှာ လွမ်းမောဖွယ်ရာ ကြားယောင်နေမိတုန်းပါပဲ။

"မန်းပန်တျာ" ကျောင်းဝင်းအတွင်းရှိ အဆို အတီး မင်းသား မင်းသမီးအနုသုခုမ သင်တန်းသားများအားလုံး ဒီလိုကျောင်းတက်စကာလ အချိန်ပိုင်းမှာ "ညှင်း ခြောက်မြင် အောက်ပြည်ဒူလဲညှင်း" ဆိုတဲ့ မြန်မာ့ဂီတ သံစဉ် အခေါ်အဝေါ်များက အစပြုပြီး စည်းနဲ့ဝါး ကြိုးပတ်ပျိုး ယိုးဒယားစသည့် "မဟာဂီတ"နည်းနာများကို စနစ်တကျ ပြုစုပျိုးထောင်သင်ကြားပေးနေတာပါ။

ဒါကြောင့် ဒီလို အနုသုခုမ ဂီတ အဆို၊ အကသင်တန်းများအကြားမှာတည်ရှိနေခဲ့ရတဲ့ စာရေးသူတို့ပန်းချီသင်တန်းသားများအဖို့ ယခုကဲ့သို့ နေ့စဉ်ကြားနေကြရတာပဲ ဖြစ်ပါတယ်။

(တိုးဗေတိုးဗေ. . . တိုးဗေတိုးဗေ. . . ဗေဗေ. . . တတ်. . . ဖေး. . . တတ်ဖေး. . . ဗတတ်. . . ဗတတ်-ပုံ. . . ပုံ. . . ဗတတ် ဗတတ်-ပုံ. . . ပုံ)အဲဒီ ခြောက်လုံးပတ်တီးသံကတော့ ပတ်လုံးလို့ခေါ်တဲ့ "ဗုံခြောက်ခု"ကို ကြိုးစဉ်ငယ်လိုက် သစ်သားဖြင့် ညှပ်ပြီး "ပတ်စာကပ်" တီးတဲ့အတွက် "ခြောက်လုံးပတ်"လို့ခေါ်တဲ့ မြန်မာ့ဇာတ်သဘင်အက အခြေခံဖြစ်တဲ့ "ကဗျာလွတ်"အကဆိုတဲ့ အဆိုသံမပါ ဗလာအကသက်သက်ကို မြန်မာ့ရိုးရာဂီတ ဗုံခြောက်လုံးနဲ့ပဲ အသံရသစုံထွက်အောင်တီးခတ် ကပြလေ့ကျင့်ရတဲ့ "ကဗျာလွတ်" အကနဲ့ တီးကွက်လေးရဲ့ သာယာနာပျော်ဖွယ်ရာ ကောင်းမွန်လှလွန်းတာကြောင့် စာရေးသူတို့ ပန်းချီသင်တန်းသားများ လက်ကစုတ်တံကိုင်ပြီး ရေးဆွဲနေကြရပေမယ့် နားထဲမှာအလိုလို ဝင်ရောက်နေတဲ့ ကဗျာလွတ် ခြောက်လုံးပတ် ဒိုးတီးကွက်သံလေးတွေကြောင့် စာရေးသူတို့ရဲ့အားလပ်နေကြတဲ့ ခြေထောက်များကတော့ ရောယောင်မြောက်ကြွ လှုပ်ခါနေကြတာကို စာရေးသူအပါအဝင် ပန်းချီရေးဆွဲနေကြသူ ဖော်သဟာ အပေါင်းအသင်းများအားလုံး အစုံအညီ ခြေက ကနေကြတာ ဂရုပြုမိရာက ပြုံးမိကြရပါသေးတော့တယ်။

ဒီလိုနဲ့ နေ့လယ်စာ ထမင်းစားကျောင်းဆင်းချိန်ပြီးလို့ သင်တန်းခန်းမထဲ ပြန်လည်ဝင်ရောက်ကြတော့ ထိုစဉ်ခေတ်ကာလ တစ်နေ့တာ လုပ်အားခ တစ်ဆယ့်ငါးကျပ်ရရှိပြီး ကိုယ်ဟန်ပြမယ် "မော်ဒယ်"မန္တလေးသူ လှပျိုဖြူလေးရဲ့ပုံ "စံပြမယ်" လေးကို စာရေးသူတို့ ပုံဆွဲသင်တန်းသားတွေ မိမိနှစ်သက်ရာ ရှုဒေါင့်မှ နေရာယူကြပြီး မိမိတို့ပုံဆွဲပန်းချီ ဘုတ်ပြားပေါ်မှာ ဆေးရောင်မပါ ဗလာကောက်ကြောင်း ဆွဲကြရပါတယ်။

ထမင်းစားပြီးစ နေ့ခင်း မွန်းလွဲချိန်ခါသမယဆိုတော့ စာရေးသူတို့ ပန်ချီသင်တန်းသားတွေ "စံပြမယ်"လို့ခေါ်တဲ့ မော်ဒယ်အလှလေးရဲ့ပုံကို စိတ်ဝင်တစား ရေးဆွဲနေကြသလောက် "မော်ဒယ်အလှ"မိန်းကလေးခမျာ တစ်နာရီစာလောက် မလှုပ်မရှား ငြိမ်သက်စွာ ကျောက်ဆစ်ရုပ်တုပမာ ထိုင်နေရရှာတာကြောင့် ညောင်းညာ အိပ်ငိုက်လာသည်အထိ သတိလစ်ငိုက်မျဉ်းသွားတာကို စာရေးသူ ပန်းချီဆွဲနေရာက တွေ့မြင်ရတော့ ကိုယ်ချင်းစာနာ သနားမိခဲ့ရပါတယ်။

ဒီအချိန်မှာ အလိုက်တသိရှိလှသူ သင်တန်းနည်းပြ ဆရာကြီး "ဦးကံညွန့်"က "တို့ပန်းချီခန်းက အသံတိတ်ဆိတ်လွန်းလို့ အိပ်ချင် ငိုက်ချင်လာပြီကွနော်၊ စကြည့်စမ်း တို့ရဲ့ ဘေးဖက်ကမင်းသားတွေ၊ မင်းသမီးတွေ နှစ်ပါးသွား မြိုင်ထတွေ ကနေလိုက်တာ၊ ဘယ်လောက် ပျော်စရာကောင်းလဲကွာ"

ဟော- ဟော ပြောတုန်းဆိုတုန်း ဟိုဘက်ခန်းက မင်းသား ပတ်မကြီးနဲ့ လင်းကွင်းတီးပြီး ငိုချင်းတောင် ချနေကြပြီ။

အဲ့ဒီလိုဆရာကြီး ဦးကံညွန့်က အရွှန်းအသောလေး တွေနှောပြီး ပြောလိုက်တာကြောင့် ငိုက်မျဉ်းသွားမိသူ စံပြမယ် မော်ဒယ်အလှလေးနဲ့ သူမကိုဝိုင်းဝန်းကြည့်ရှု ရေးဆွဲနေကြသူ စာရေးသူတို့ ပန်းချီသင်တန်းသားတွေ အားလုံး မပြုံးဘဲ ဝါးလုံးကွဲရယ်မောလိုက်ကြတာ သင်တန်း ခန်းမကြီးတစ်ခုလုံး ညံစီသွားတဲ့အထိပါပဲ။

ဆူညံသံများကြောင့် အဝေးမှာထားတဲ့ "ဆိုင်းဝိုင်းကြီး"သင်တန်း၊ "နှဲ"သင်တန်းခန်းများဆီက အသံဗလံများကိုတော့ တစ်ခါတစ်ရံ လေနဲ့အတူလွင့်ပျံ့လာတာ ကြားနေရပါတယ်။

သြော်. . . ဒီ"မန်းပန်တျာ"ကျောင်းဝင်းကြီးအတွင်းရှိ သင်တန်းခန်းမအသီးသီးဆီမှာ မိမိတို့မွေးရာပါ ဝါသနာဗီဇအရ မင်းသား မင်းသမီး၊ အဆို၊ အက၊ အတီး၊ ပန်းချီ၊ ပန်းပု စသည့် "အနုသုခုမ"ဝါသနာရှင်၊ ပညာရှင်များ နှစ်စဉ်မွေးထုတ်သင်ကြားပေးရာ မန္တလေးမြို့ နန်းတော်ရှေ့အရပ်မှာတည်ရှိသော စာရေးသူ နုနယ်ငယ်ရွယ်စဉ်က ပညာရည်နို့သောက်စို့နေထိုင်သင်ကြားခဲ့ရသည့် "မန်းပန်တျာ"ကျောင်းတော်မဟာကြီးအား အထူးသတိရ လွမ်းဆွတ် လွမ်းမောလှစွာဖြင့် ဤစာအား ရေးသားမိခဲ့ရပါတယ်။

ဤစာစုဖြင့် "မန္တလေးမြို့ ပန်တျာကျောင်း"ကြီးတွင် စာရေးသူ ငယ်ရွယ်စဉ် ပန်းချီပညာသင်ကြား တက်ရောက်စဉ်က သင်ကြားပေးခဲ့ကြသည့် (ကွယ်လွန်သူ) "ပန်တျာ"ကျောင်းအုပ်ဆရာကြီး (ဦးစိန်ညွန့်)နှင့် တကွ ဆရာရင်းများဖြစ်ကြသည့် နိပါတ်တော်ရေး ပန်းချီဆရာကြီး(ဦးချစ်မြ)၊ စီးပွားရေးပန်းချီနည်းပြဆရာကြီး (ဦးအေးကျော်)၊ အခြေခံပန်းချီနည်းပြဆရာကြီး(ဦးကံညွန့်)တို့အား အထူးဦးညွှတ်ပူဇော်ကန်တော့ပါ၏။ ။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်

(၂၂)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီး ကျင်းပမည့်နေရာပြောင်းရွှေ့ခြင်းကိစ္စ အသိပေးအကြောင်းကြားခြင်း

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကြီးကျင်းပမည့်နေရာကို ယခင်က "ယုဇနဂါးဒင်း"ဟိုတယ်၌ ကျင်းပရန် ၁၈-၆-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာနှင့် ၁၉-၆-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတို့တွင် ထည့်သွင်းကြေညာခဲ့ပါသည်။

သို့ရာတွင် ယခုအခါ သွားလာရေးလွယ်ကူပြီး အဆင်ပြေမည့် "Dolphin" စားသောက်ဆိုင်၌ အောက်ပါအစီအစဉ်အတိုင်း နေရာပြောင်းလဲကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ တက်ရောက်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၁၃-၇-၂၀၁၄(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၃၀ နာရီ
ကျင်းပမည့်နေရာ - Dolphin Restaurant & Dim Sum
မြေပဒေသာကျွန်း၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ရှေ့၊ ရန်ကုန်တိုင်းဒေသကြီး

မှတ်ချက်။ အစည်းအဝေးဖိတ်စာကို အစီရင်ခံစာများနှင့်အတူ ဘဏ်တွင် မှတ်တမ်းတင်ထားသော လိပ်စာများသို့ ပေးပို့ထားပါမည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်

❖ **ပြည်သူ့လွှတ်တော်မှ**

ဆယ်အိုင်မကျေးရွာများတွင် သောက်သုံးရေရရှိရေး၊ ပညာရေး၊ ဘာသာရေးဆိုင်ရာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ၂၀၀၉-၂၀၁၀ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည့် ငွေပမာဏမှာ ကျပ်သိန်းနှစ်ထောင်ဖိုးခန့်ရှိပြီး ဆောင်ရွက်ပေးခဲ့ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၏ **အဆိပ်ရှိ ပိုးသတ်ဆေးများ ဖော်စပ်ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းလုပ်ငန်းများ အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးအတွက် သီးသန့်စက်မှုဇုန်တစ်ခု သတ်မှတ်ထူထောင်ပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်။

ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတို့ကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးပြီး PRB အဖွဲ့၏ ခွင့်ပြုချက်ဖြင့်သာ ပိုးသတ်ဆေးနှင့် သက်ဆိုင်သောလုပ်ငန်းများ ဆောင်ရွက်စေခြင်းဖြစ်ပါကြောင်း၊ ပြန်လည်ထုပ်ပိုးခြင်းနှင့် သိုလှောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသော ကုမ္ပဏီများအား PRB အဖွဲ့မှ စစ်ဆေးဆောင်ရွက်လျက်ရှိနေပါကြောင်း။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သည် ပိုးသတ်ဆေးများ အန္တရာယ်ကင်းစွာ ဖော်စပ်ခြင်း၊ ထုပ်ပိုးခြင်းနှင့် သိုလှောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပိုးသတ်ဆေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အပိုဒ်-၂၀ နှင့်အညီ လိုက်နာဆောင်ရွက်ရန် လမ်းညွှန်ချက်များကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း။

အထက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် ပါဝင်သော ကျွမ်းကျင်ပညာရှင်များအဖွဲ့မှ စစ်ဆေးပြီးမှသာ ဆောင်ရွက်ခွင့်ပြုခဲ့ခြင်းဖြစ်ပါကြောင်း၊ ပိုးသတ်ဆေးများ ထုပ်ပိုးသည့် စွန့်ပစ်ပစ္စည်းများ၊ ပုံးခွံများ၊ ပုလင်းခွံများကို စနစ်တကျစွန့်ပစ်ရန်နှင့် ဖျက်ဆီးရန်အတွက် ခေတ်မီ မီးရှို့စက်ဖြင့်ဖြစ်စေ၊ ဘေးအန္တရာယ်ကင်းရှင်းစေသည့်နည်းလမ်းများ အသုံးပြု၍ ဖြစ်စေ ဆောင်ရွက်ရန်အတွက်လည်း ပညာပေးဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာနသည် အဆိပ်ရှိပိုးသတ်ဆေးများ ဖော်စပ်ထုတ်လုပ်ခြင်း၊ ပြန်လည်ထုပ်ပိုးခြင်းနှင့် သိုလှောင်ခြင်းလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာရှိ ဌာနမှကုမ္ပဏီသို့ BOT စနစ်ဖြင့် ငှားရမ်းထားသော ပိုးသတ်ဆေးစက်ရုံ၏ ပတ်ဝန်းကျင်ရှိ ဌာနပိုင်မြေတွင် သီးသန့်ပိုးသတ်ဆေးဇုန်တစ်ခုထူထောင်ရန်အတွက် ပိုးသတ်ဆေးကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခဲ့ပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

■

❍ **အမျိုးသားလွှတ်တော်မှ**

စာရင်းကောက်များ ရေးသွင်းထားသည့် စာရင်းကောက်ကွက်အလိုက် အိမ်ထောင်စု၊ လူဦးရေ စာရင်းချုပ်များကိုပြုစု၍ ရှေ့ပြေးလူဦးရေစာရင်းအဖြစ် ၂၀၁၄ ခုနှစ် ဩဂုတ်လခန့်တွင် ထုတ်ပြန်နိုင်မည် ဖြစ်ပါကြောင်း၊ ထွက်ရှိလာသည့် စာရင်းများအရ လူမျိုးစုအမည် သတ်ပုံ၊ သတ်ညွှန်းမှားနေခြင်း၊ လူမျိုးစုအမည်အသစ်ထပ်မံတိုးလာခြင်းနှင့် အချို့မှာပျောက်ကွယ်သွားခြင်းအပေါ် မူတည်၍ တိုင်းရင်းသားလူမျိုးစုများထံမှ အကြံပြုချက်၊ ပူးပေါင်းကူညီဆောင်ရွက်ချက်များရယူ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်သုံးသပ် ပြင်ဆင်သွားနိုင်ရေး အဆင့်ဆင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်ပြီးမှသာ တိုင်းရင်းသားလူမျိုးစု၊ မျိုးနွယ်စုများစာရင်း ပြန်လည်ပြုပြင်ပြောင်းလဲ မှတ်သားပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ရှင်းလင်းဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း၏ **"ပဲခူးတိုင်းဒေသကြီး ပဲခူး-စစ်တောင်းတူးမြောင်းနှင့်အတူ ပေါ်ပေါက်လာသော မိုးယွန်းကြီးအင်းနှင့် ဘေးမဲ့တောတို့၏ဂေဟစနစ်များ ပိုမိုကောင်းမွန်စေရန် ပြန်လည်ပြုပြင်မည့်အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ သစ်တောဦးစီးဌာနသည် မိုးယွန်းကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ထိန်းသိမ်းကာကွယ်ရေးအတွက် အုပ်ချုပ်ရေးမှူးရုံးကို ပျဉ်ပုံကြီးကျေးရွာ၌ ဖွင့်လှစ်ထားရှိပြီး ဝန်ထမ်းများခန့်အပ်ကာ နှစ်စဉ်လုပ်ငန်းစီမံချက်များရေးဆွဲ၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထိန်းသိမ်းရေးရန်ပုံငွေချထားပေးပြီး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆည်မြောင်းဦးစီးဌာနအနေဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ် ပွင့်လင်းရာသီတွင် မိုးယွန်းကြီးတာပေါင်အား အကြီးစားပြုပြင်ထိန်းသိမ်းမှု ပြုလုပ်ခဲ့ကြောင်း၊ မိုးယွန်းကြီးရေလှောင်ကန်အား ပြန်လည်တူးဖော်မည်ဆိုပါက ရေပြင်ကျယ်ဖြစ်သွားမည်ဖြစ်သည့်အတွက် ကန်အတွင်းရှိ ကျွန်းမြေများတွင် နေထိုင်ကျက်စားနေသော

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစိုင်းဝင်းမောင်။

ရေနေပိုးမွှားသတ္တဝါများ ရှင်သန်မှုပြုနိုင်မည်မဟုတ်ပါကြောင်း၊ ဂေဟစနစ်ပျက်သုဉ်းသွားဖွယ်ရှိပြီး ဆောင်းခိုငှက်များ ဝင်ရောက်မှုလျော့နည်းသွားမည်ဟု ယူဆရပါကြောင်း၊ နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးမဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်များပါအတိုင်း နှစ်တို၊ နှစ်ရှည်စီမံကိန်းများဖြင့် ထိန်းသိမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မိုးယွန်းကြီးအင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထိန်းသိမ်းထားရှိမှုနှင့် အခြားမြေအသုံးချမှုများအား စိစစ်ကန့်သတ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေရှည်တည်တံ့ရေး ထိန်းသိမ်းမှုလုပ်ငန်းများတွင် ဒေသခံပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်လာရေးကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ပညာပေးစည်းရုံး ဆောင်ရွက်လျက်ရှိကြောင်း။

မိုးယွန်းကြီးအင်းကို ရေဘေးကာကွယ်ခြင်း၊ တာပေါင်ပြုပြင်ခြင်း၊ ရေတံခါးများ ထိန်းသိမ်းခြင်းကိုသာ အဓိကထားဆောင်ရွက်လျက်ရှိပြီး နုန်းဖမ်းအဆောက်အအုံများ တည်ဆောက်ရန်နှင့် သဲသောင်ခုံများတူးဖော်ရန်အတွက် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်း၊ နိုင်ငံတကာအဆင့်မီ စူးစမ်းလေ့လာမှုများ ဆောင်ရွက်ပြီးမှသာ ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်စိုး၏ **"ရခိုင်ပြည်နယ်**

ဒုတိယဝန်ကြီး ဦးဝင်းမြင့်။

မြောက်ဦးမြို့ ရေရှားပါးမှုအခက်အခဲများကို အထောက်အကူပြု ဆောင်ရွက်နိုင်မည့် တောင်ဖြူဆည်ကန်နှင့် လက်ဆည်ကန်ပြုပြင်မည့် လုပ်ငန်းများကို ပြည်ထောင်စုအစိုးရရန်ပုံငွေ သို့မဟုတ် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် မြောက်ဦးမြို့ မြို့ပေါ်ရပ်ကွက်(၇)ရပ်ကွက် သန့်ရှင်းသောသောက်သုံးရေ(၁၀၀) ရာခိုင်နှုန်းလွှမ်းခြုံမှုရှိအောင် ဆောင်ရွက်နိုင်ရေးအတွက် မြို့ရေပေးရေးစီမံချက်အား အသစ်ရေးဆွဲထားရှိပြီးဖြစ်ပါကြောင်း၊ စီမံချက်တစ်ခုလုံး၏ ခန့်မှန်းခြေတွက်ချက်မှုအရ စုစုပေါင်း(၁၀၃၅ ဒသမ ၇၀)သန်း ကုန်ကျမည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ် မြောက်ဦးမြို့ တောင်ဖြူဆည်ကန်မှ ဓမ္မရာဇ်ရပ်ကွက်၊ လော်ကမူရပ်ကွက်နှင့် လက်ကောက်ဈေးရပ်ကွက်များသို့ ရေအလုံအလောက်ဖြန့်ဝေနိုင်ရေးအတွက် ပထမအဆင့်အနေဖြင့် ရန်ပုံငွေကျပ်သန်း(၃၅၀ ဒသမ ၀၀)ကုန်ကျမည်ဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အဖွဲ့ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဘဏ္ဍာရေးနှစ်အလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။ **(သတင်းစဉ်)**

❑ **အရည်အသွေးမီမှ**

လွန်ခဲ့သော ဆယ်စုနှစ်များတွင်မူ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများက အာလူးကို ပိုမိုတိုးချဲ့စိုက်ပျိုးလာကြသည်။ ယင်းအနက်မှ တရုတ်၊ အိန္ဒိယ၊ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် အာလူးအများဆုံး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့်နိုင်ငံများ ဖြစ်လာကြသည်။

ကမ္ဘာပေါ်တွင် စိုက်ပျိုးစားသုံးသော အာလူးမျိုးနွယ်ခွဲပေါင်း ၈၀၀၀ ခန့်ရှိပြီး အဓိကစိုက်ပျိုးသည့်မျိုးမှာ Solanum Tuberosum ဖြစ်သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးနေသော မျိုးများမှာ စစ်ဘို(Up to Date)၊ မဟာမိတ်(Ally)နှင့် ခရမ်းပြာမျိုး(Kufri Jyoti)တို့ ဖြစ်ကြသည်။

အာလူးပင်သည် တစ်နှစ်ခံသစ်ပျော့ပင်မျိုးဖြစ်ပြီး အပင်အမြင့်အနေဖြင့် နှစ်ပေ(၆၀ စင်တီမီတာ) ခန့်ရှိသည်။ အပင်အမြင့်မှာ မျိုးအလိုက်ကွဲပြားခြားနားမှုရှိကြောင်း သိရသည်။ ပင်ကြားဝတ်မှုန်ကူးသော အပင်မျိုးဖြစ်သော်လည်း ပင်တည်းဝတ်မှုန်ကူးမှု အနည်းငယ်ရှိသည်။ အာလူးပင်၌ ပွင့်သောအပွင့်များမှာ အဖြူရောင်၊ ပန်းရောင်၊ အနီရောင်၊ အပြာ(သို့မဟုတ်)ခရမ်းရောင်ရှိပြီး ဝတ်ဆံတိုင်မှာ အပြာရောင်ဖြစ်သည်။

အာလူးစိုက်ပျိုးရန် ရာသီဥတုမှာ အအေးပိုင်းဒေသများ၏ ရာသီဥတုမျိုးဖြစ်ရန်လိုပြီး ယခုနောက်ပိုင်းကာလများတွင် အပူပိုင်းဒေသများ၌ပါ တိုးချဲ့စိုက်ပျိုးလျက်ရှိနေပြီဖြစ်သည်။ အာလူးစိုက်ပျိုးဖြစ်ထွန်းရန် ပျမ်းမျှအပူချိန် ၆၅ ဒီဂရီဖာရင်ဟိုက်ရှိရန်လိုအပ်ပြီး နေ့အပူချိန် ၉၀ ဒီဂရီဖာရင်ဟိုက်နှင့် ညအပူချိန် ၆၈ ဒီဂရီဖာရင်ဟိုက်ထက် မပိုသော အခြေအနေကို နှစ်သက်ကြောင်း သိရသည်။ အပင်ကြီးထွားဖွံ့ဖြိုးရန် သင့်တော်သော အပူချိန်မှာ ၇၀ ဒီဂရီဖာရင်ဟိုက်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အာလူးကို မြေပြန့်ဒေသများ၌ ဒီဇင်ဘာလ၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနှင့် မတ်လများတွင် စိုက်ပျိုးကြသည်။ ရှမ်းဒေသများတွင် စကအာလူးကို ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လများတွင်လည်းကောင်း၊ ဆောင်းအာလူးကို စက်တင်ဘာလ၊ အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင်လည်းကောင်း၊ ရေအာလူးကို ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလများတွင်လည်းကောင်း စိုက်ပျိုးကြသည်။

အာလူးကို မြေဆီမြေသြဇာထက်သန်၍ ရေစီးဆင်းမှုကောင်းသော မည်သည့်မြေမဆို စိုက်ပျိုးနိုင်ပြီး သဲနုန်း၊ နုန်းနှင့် နုန်းမြေစေးများတွင် ပိုမိုစိုက်ပျိုးဖြစ်ထွန်းကြောင်း သိရသည်။ မြေပြင်မှုအနေဖြင့် ဒေသအလိုက်ကွဲပြားသော်လည်း အဓိကမှာ ပေါင်း၊ မြက်ကင်းရှင်း၍ ထယ်ရေးနက်၊ ထယ်ရေးညက်၍ ထယ်ရေးပြင်ညီညာရန်သာ လိုအပ်သည်။ သို့မှသာ မြေတွင်း လေဝင်လေထွက်နှင့် ရေစီးဆင်းမှုကောင်းကာ ပင်ပေါက်ညီပြီး ဥဆင်း၊ ဥကြီးထွားနှုန်း ကောင်းမည်ဖြစ်သည်။

အာလူးပင်တွင် ကျရောက်တတ်သော ဖျက်ပိုးများမှ ဖိုးလမင်းကျိုင်း၊ ပင်ဖျက်ပိုး၊ အာလူးလိပ်ခုံးကျိုင်း၊ ပျ၊ သရစ်ပိုး၊ လှေးကျိုင်း၊ မြေခွေးပုရစ်တို့ဖြစ်သည်။ ၎င်းအပြင် စောပင်နာကျရောဂါ၊ နှောင်းပင်နာကျရောဂါ၊ ဖားဥကြေးဖတ်ရောဂါ၊ အာလူးကြေးဖတ်ရောဂါ၊ မီးခိုးမှိုရောဂါနှင့် ဗက်တီးရီးယားပင်ညှိုးရောဂါ စသည့် ရောဂါများလည်း အာလူးပင်တွင် ကျရောက်ဖျက်ဆီးတတ်သည်။

အာလူးပင်တွင် နိုက်ထရိုဂျင်(N)ချို့တဲ့မှု၊ ဖော့စဖရပ်(P)ချို့တဲ့မှု၊ ပိုတက်ဆီယမ်(K)ချို့တဲ့မှု၊ မဂ္ဂနီဆီယမ်(Mg)ချို့တဲ့မှု၊ ကယ်လ်ဆီယမ်(Ca)ချို့တဲ့မှု၊ ကန့်(S)ချို့တဲ့မှု၊ သံ(Fe)ချို့တဲ့မှု၊ သွပ်(Zn)ချို့တဲ့မှု၊ ကြေး(Cu)ချို့တဲ့မှု၊ မိုလက်တီနမ်(Mo)ချို့တဲ့မှု၊ လက်ခြား(B)ချို့တဲ့မှုနှင့် မဂ္ဂနိစ်(Mn)ချို့တဲ့မှု စသည့် အာဟာရချို့တဲ့မှု လက္ခဏာများလည်း တွေ့ရတတ်သည်။ ထိုကဲ့သို့ အာလူးပင်များတွင် ပိုးများ၊ ရောဂါများ ကျရောက်ဖျက်ဆီးမှု ကာကွယ်ရန် ပိုးသတ်ဆေးများ၊ မှိုရောဂါသတ် ဆေးများကို အချိုးကျစွာ ထည့်ပေးခြင်း၊ ဖျန်းပေးခြင်းများကို ပြုလုပ်ပေးရကြောင်း သိရသည်။

ဤကဲ့သို့ စနစ်ကျနစွာ စိုက်ပျိုးထုတ်လုပ်ထားသည့် ရောင်းတမ်းဝင်အာလူးများကို ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေး ကြံဆောင်ရမည်ဖြစ်သည်။ စားသုံးမှုဖူလုံအောင် စိုက်ပျိုးထုတ်လုပ်ရုံ မဟုတ်ဘဲ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေး ရည်ရွယ်ကာ တောင်သူများသာမက စိုက်ပျိုးရေးကုမ္ပဏီများကပါ ဝိုင်းဝန်းကြိုးပမ်းပါမှ တောင်သူများဘဝမြင့်မားတိုးတက်ပြီး တိုင်းပြည်ဝင်ငွေပါ တိုးမြင့်လာမည်ဖြစ်ပေသည်။ ။

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ပေါင်းတည်၌ ကျင်းပ

ပေါင်းတည် ဇူလိုင် ၈

ပေါင်းတည်မြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၅ ရက် နံနက် ၈ နာရီက သစ်တောဦးစီးဌာနမှ ကြီးမှူး၍ ပျဉ်းပင်ကန်ရပ်ကွက် ကန်သာယာလမ်း ပြည်တော်သာကန်ပေါင်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သိန်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအောင်နိုင်ဦးနှင့် ဦးလှဖေ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြိုးဖြိုးညွန့်နှင့်အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးစိုင်းခွန်ဖုန်းနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူ ၃၅၀ ဦးတို့က ကျွန်း၊ ယူကလစ်၊ မဟော်ဂနီ၊ ရေတမာ၊ ခရေစသည့် အပင်မျိုးပေါင်း ၄၀၀၀ ကျော်ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

အေးအေးခိုင်(IPRD)

မန်စီမြို့နယ်အတွင်းရှိ စွန့်လွှတ်မြေများ ပြန်လည်ပေးအပ်

မန်စီ ဇူလိုင် ၈

ကချင်ပြည်နယ် မန်စီမြို့နယ်အတွင်းရှိ တပ်မတော်က ပြန်လည်စွန့်လွှတ်မြေများကို သက်ဆိုင်သူများထံ ပြန်လည်ပေးအပ်ပွဲနှင့် ပြည်သူလူထုနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဇူလိုင် ၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မန်စီမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မန်စီမြို့ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူအောင်က တပ်မတော်မှ ယခင်သိမ်းဆည်းထားမှုအခြေအနေများနှင့် ပြန်လည်လွှဲပြောင်းပေးသည့်အခြေအနေများကို ရှင်းလင်းတင်ပြ၍ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်စွန့်လွှတ်မြေများအတွက် ယာယီလုပ်ပိုင်ခွင့်ပုံစံ(၃)များကို ပေးအပ်ရာ တောင်သူများကိုယ်စား တောင်သူတစ်ဦးထံ ပေးအပ်ခဲ့သည်။

ယင်းနောက် ကောက်ရာရပ်ကွက်နှစ်ခြင်းဘုရားကျောင်းအတွင်းရှိ စစ်ရှောင်စခန်းတွင် စစ်ရှောင်မိသားစုဝင်များနှင့် တွေ့ဆုံ၍ ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေများ၊ ခြုံစောင်များ၊ မိုးကာများနှင့် ကလေးအဝတ်အထည်များကို လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ တိုးချဲ့မြှင့်တင်အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့စည်းဝေး

နေပြည်တော် ဇူလိုင် ၈

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ တိုးချဲ့မြှင့်တင် အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက နိုင်ငံတော်သမ္မတကြီး၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအား တတိယအဆင့် အရှိန်မြှင့်တင်ရေးဆိုင်ရာ လမ်းညွှန်ချက်တွင် ပုဂ္ဂလိကကဏ္ဍစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်ရရှိလာရေးအတွက် နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာ ဖွံ့ဖြိုးရေးဆောင်ရွက်ကြရန် ပါရှိပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီး ဖွင့်လှစ်ထားသော အသက်မွေးဝမ်းကျောင်း သင်တန်းများကို ပြန်လည်သုံးသပ်၍ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး လိုအပ်ချက်နှင့် ကျွမ်းကျင်လုပ်သား ဈေးကွက် ချိတ်ဆက်ဖြည့်ဆည်းရေး လက်တွေ့ကျကျ ပြုပြင်ပြောင်းလဲ ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ [illegible] ကြောင်း၊ မူဝါဒနှင့် ဥပဒေများ ရေးဆွဲရာတွင်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားရေးလက်တွေ့ဘဝလိုအပ်ချက်များကို [illegible] ချက်များနှင့်ကိုက်ညီအောင် သင်တန်းများအား ဒေသအလိုက် ဖွင့်လှစ်နိုင်ရေးနှင့် နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ [illegible]

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေမူကြမ်းနှင့် ပတ်သက်၍ ဆွေးနွေးအကြံပြုတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ **မျိုးသုဉ်းတော့မည့်မှ**

ကျွန်တော့်ခြံမှာ အောင်မြင်နေတဲ့ သစ်မွှေးပင်တွေက သက်သေပြနေပါတယ်” ဟု ကိုအောင်ကျော်ရှိန်က ရှင်းလင်းပြောပြသည်။

ယင်းသစ်မွှေးစိုက်ပျိုးခြံကို ၂၀၀၉ ခုနှစ်မှာ မြေ ၁၈ ဧကဖြင့် စတင်စိုက်ပျိုးခဲ့ကြောင်း၊ စတင်စိုက်ပျိုးစဉ်က ပျိုးပင်များကို မြစ်ကြီးနားမှ ရထားဖြင့် သယ်ယူ၍စိုက်ပျိုးခဲ့ကြောင်း၊ အချို့ပျိုးပင်များကို ပြန်လည်ရောင်းချပြီး ပျိုးပင် ၇၀၀ ကို စစိုက်ခဲ့ရာ အဝေးမှသယ်ရသည့်အတွက် အပင်နာပါလာသဖြင့် မျှော်မှန်းသလောက် မအောင်မြင်ခဲ့ကြောင်း၊ နောက်တစ်နှစ်တွင် ကိုယ်တိုင်မျိုးစေ့ယူပျိုးဖောက်၍ စိုက်ပျိုးခဲ့ကြောင်း၊ ယခုဆိုလျှင် ကိုယ်တိုင်စိုက်ပျိုးပြီး ရောင်းချပေးနေကာ အများပြည်သူများလည်း သစ်မွှေး၏ အသုံးဝင်ပုံ၊ အဖိုးတန်ခြင်းအကြောင်းများကို နားလည်လာကာ စိုက်ပျိုးလာကြသည့်ခြံများလာကြောင်း၊ စိုက်ပျိုးမည့်သူများကို နည်းစနစ်ပိုင်းမှအစ ရှင်းလင်းပြောပြခဲ့ကြောင်း၊ ထိန်းသိမ်းမှုကောင်းလျှင် ကောင်းသလို အောင်မြင်နိုင်ပြီး အောင်မြင်သွားခဲ့လျှင်လည်း များစွာအကျိုးဖြစ်ထွန်းနိုင်ကြောင်း ဆက်လက်ရှင်းပြသည်။

အဖိုးတန် သစ်မွှေးဆီထုတ်လုပ်ရန်အတွက် မည်သို့ လုပ်ဆောင်ရမည်ကို ဆက်လက်ရှင်းပြရာတွင် စိုက်ပျိုးပြီး သစ်မွှေးပင်တိုင်း အဆီထွက်ရှိရန်အတွက် အမေရိကန်မှ ပရော်ဖက်ဆာတစ်ဦးက ၁၃ နှစ်ခန့် အသေးစိတ်လေ့လာ၍ သုတေသနပြုလုပ်ခဲ့သဖြင့် အချိန်အနည်းငယ်အတွင်းတွင် အဆီထွက်ရှိနိုင်သည့် မှိုဆေးနှင့်နည်းပညာရရှိခဲ့ကြောင်း ရှင်းပြသည်။

အောင်မြင်သည့် သစ်မွှေးပင်တစ်ပင်ဖြစ်ရန် Fungus ဆိုသည့် မှိုဆေးရည်တစ်မျိုးသွင်းပေးရသည့်အကြောင်းကို ရှင်းပြရာတွင် သစ်မွှေးပင်၏ ပင်စည်တိုင်း၌ ဒဏ်ရာတစ်ခုခုရခဲ့သော် ယင်းဒဏ်ရာမှတစ်ဆင့် ပင်စည်ထဲသို့ ရောက်ရှိသွားသည့်အခါတွင် ပင်စည်နံရံ၌ရှိသည့် ဆဲလ်များကို ပျက်စီးမှုဖြစ်စေပြီး ပင်စည်ဆဲလ်များမှတစ်ဆင့် ဓာတ်တုံ့ပြန်ပြီး ဓာတ်ပြုကြသဖြင့် အဖြူရောင်အစေးများထွက်လာကာ ယင်းအဖြူရောင်အစေးများ အချိန်ကြာသည့်အခါ အရောင်ပြောင်းလာပြီး အညိုရောင်၊ အညိုရောင်မှတစ်ဆင့် အနက်ရောင်၊ ထိုသို့အဆင့်ဆင့်အရောင်ပြောင်းလာသည်မှ တစ်ဆင့်ပြီး တစ်ဆင့် သစ်မွှေးဆီဖြစ်တည်လာကြောင်း၊ သစ်မွှေးပင်တိုင်း သစ်မွှေးဆီမရနိုင်ကြောင်း၊ သဘာဝအတိုင်းဖြစ်လာရန် အချိန်များစွာစောင့်ရသဖြင့် ယခုလို မှိုဆေးသွင်းနည်းကို ရှာဖွေလေ့လာသုံးစွဲခဲ့သဖြင့် ယင်းခြံတွင် မှိုဆေးသွင်းနည်းဖြင့် အောင်မြင်နေကြောင်း ပြောပြသည်။

ဤသို့ အဖိုးတန်သစ်မွှေးပင်များကို ကိုယ်တိုင်ပျိုးထောင်စိုက်ပျိုးပြီး ကိုယ်တိုင်မှိုဆေးရည်ထိုးသွင်းကာ သစ်မွှေးအဆီဖြစ်တည်မှုမှာ အောင်မြင်နေသည်ကို လက်တွေ့ပြသသဖြင့် ကိုယ်တိုင်ကြည့်ရှုလေ့လာခွင့်ရခဲ့သည်များကို ပြန်လည်တင်ပြလိုက်ရပါသည်။ ॥

နိုင်ငံတော်အစိုးရ၏ ရင်းနှီးမြှုပ်နှံမှု မူဝါဒများ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံရေး၊ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိရေးနှင့် ယှဉ်ပြိုင်မှုရရှိရေးအတွက် များစွာအကျိုးရှိစေ

နေပြည်တော် ဇူလိုင် ၈

နိုင်ငံတော်အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုမူဝါဒများသည် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံရေး၊ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိရေးနှင့် ယှဉ်ပြိုင်မှုရရှိရေးတို့အတွက် များစွာအကျိုးရှိစေပါကြောင်း၊ နိုင်ငံတော်အတွင်း Green Economy နှင့် Green Growth ရရှိရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်နေပါကြောင်းဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Royal Ace ဟိုတယ်၌ပြုလုပ်သော ဂျပန်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး နှစ်(၆၀)ပြည့် အထိမ်းအမှတ် MIZUHO Myanmar Mission ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ယခုအခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် အတွေ့အကြုံများကို တံခါးဖွင့်ဖိတ်ခေါ်လျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်အရ ရင်းနှီးမြှုပ်နှံသူများအား အကျိုးခံစားခွင့် ပိုမိုရရှိခံစားစေမည်ဖြစ်ပါကြောင်း၊ ဥပဒေပိုင်းနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များ နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရေးအတွက် ASEAN၊ EU ၊ ADB၊ World Bank တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အသေးစား စက်မှုလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးရေး ဆောင်ရွက်နေကြောင်းနှင့် ၎င်းကဏ္ဍဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် အထောက်အပံ့များစွာ လိုအပ်ပါကြောင်း။

ဂျပန်နိုင်ငံမှ ကုမ္ပဏီများအနေဖြင့် မိမိတို့နိုင်ငံအတွင်း အဓိကအားဖြင့် စိုက်ပျိုးရေး၊ ဆက်သွယ်ရေးဆိုင်ရာ ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများရှိနေပြီဖြစ်၍ ယခုအလုပ်ရုံဆွေးနွေးပွဲမှ အနာဂတ်ပူးပေါင်းဆောင်ရွက်မှုများအတွက် အခွင့်အလမ်းများကို ဆွေးနွေးဖော်ထုတ်နိုင်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပို့ဆောင်ရေး ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး MIZUHO Myanmar Mission မှ ကုမ္ပဏီပေါင်း ၂၆ ခု တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၈

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ ဝန်ကြီးဌာနရုံးအနီး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် ဒုတိယဝန်ကြီး ဦးထင်အောင်တို့က ရတနာတန်းဝင်ကျွန်းပင်များကို စိုက်ပျိုးပေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အရာထမ်း၊ အမှုထမ်းများ၏ သစ်ပင်ပျိုးပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ရတနာတန်းဝင် ကျွန်းပင် ၁၀၀၊ ပျဉ်းကတိုးပင် ၅၀၊ ယင်းမာပင် ၃၀၊ ကံ့ကော်ပင် ၃၀၊ ငုဝါပင် ၃၀၊ မဲဇလီပင် ၃၀၊ ပနားမားငုပင် ၃၀ အပါအဝင် စုစုပေါင်းအပင် ၃၀၀ တို့ကို စိုက်ပျိုးခဲ့ကြပြီး ယခင်နှစ်များ အပါအဝင် စုစုပေါင်း ၁၁၂၅ ပင် စိုက်ပျိုးပြီးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်ဒေသအရောက် စက်မှုနှင့် အသက်မွေးပညာရွေ့လျားသင်တန်း ပခုက္ကူခရိုင် ကမ္မစံပြကျေးရွာ၌ စတင်ဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၈

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးတို့အတွက် ရည်ရွယ်၍ စက်မှုဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့်စက်မှုညွှန်ကြားရေးဦးစီးဌာန လူ့စွမ်းအားအရင်းအမြစ်ဌာန ကြီးကြပ်မှုအောက်ရှိ အမှတ်(၄) စက်မှုသင်တန်းကျောင်း(ပခုက္ကူ)၏ စက်မှုနှင့် အသက်မွေးပညာရွေ့လျားသင်တန်း(Mobile Vocational Training) အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ကမ္မစံပြကျေးရွာ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမျိုးအောင်က အမှာစကားပြောကြားသည်။

စက်မှုဝန်ကြီးဌာနသည် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရေးရည်ရွယ်ချက်ဖြင့် ဆင်တဲ၊ မန္တလေး၊ သာဂရ၊ ပခုက္ကူ၊ မကွေးနှင့် မြင်းခြံမြို့များတွင် စက်မှုသင်တန်းကျောင်းများဖွင့်လှစ်ကာ စက်မှုကျွမ်းကျင်သူများ နှစ်စဉ်မွေးထုတ်ပေးလျက်ရှိကြောင်းသိရသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းမြင့်မောင်က အမှာစကားပြောကြားကာ သင်တန်းဆောင်ရွက်ရန် သင်ထောက်ကူပစ္စည်းများခင်းကျင်းပြင်ဆင်ထားမှုကို လှည့်လည်ကြည့်ရှုသည်။

ယနေ့ဖွင့်လှစ်သည့်စက်မှုနှင့် အသက်မွေးပညာရွေ့လျားသင်တန်းအမှတ်စဉ်(၁)တွင် သံဂဟေဆက်ပညာရပ်နှင့် စိုက်ပျိုးရေးသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်း ပညာရပ်တို့ကို စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်းဖြင့် ၁၀ ရက် (နာရီပေါင်း ၈၀) ကြာ အမှတ်(၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) မှ အတွေ့အကြုံရှိကျွမ်းကျင်နည်းပြ ဆရာများက သင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်းသို့ ကမ္မစံပြတိုက်နယ် အနီးဝန်းကျင်ရှိ ကျေးရွာအုပ်စု ၁၄ အုပ်စုမှ အခြေခံပညာအလယ်တန်း၊ အထက်တန်းနှင့် ဘွဲ့ရအသက် (၁၅) နှစ်မှ (၃၇)နှစ် အရွယ်အတွင်းရှိ လူငယ်စုစုပေါင်း ၅၄ ဦးတို့က သံဂဟေဆက် ပညာသင်တန်းတွင် ကျား ၁၇ ဦး၊ မ ခုနစ်ဦး ပေါင်း ၂၄ ဦး စိုက်ပျိုးရေးသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်းတွင် ကျား ၂၃ ဦး၊ မ ခုနစ်ဦး ပေါင်း ၃၀ တို့ တက်ရောက်သင်ကြားလျက်ရှိသည်။

ယခုသင်တန်းပြီးစီးပါက ပခုက္ကူခရိုင် မြစ်ခြေတိုက်နယ်နှင့် မြို့မတိုက်နယ်တို့တွင်လည်း ဆက်လက်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ လိုအပ်ချက်ရှိသော ဒေသများတွင်ပါ အဆိုပါသင်တန်းများ ဖွင့်လှစ်သွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

အင်ဂျင်နီယာကျောင်းသားအရည်အသွေး ပိုမိုပြည့်ဝရေးအတွက် သိန်း ၇၀၀ တန်ဖိုးရှိ ဓာတ်ခွဲခန်းသုံးပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇူလိုင် ၈

ရန်ကုန် နည်းပညာတက္ကသိုလ်တွင် သင်ကြားပို့ချနေသော ဘာသာရပ်လေးခုအတွက် သိန်း ၇၀၀ တန်ဖိုးရှိ လက်တွေ့စမ်းသပ်ခန်းသုံး လျှပ်စစ်ပစ္စည်းများကို Schneider Electric ကုမ္ပဏီနှင့် မိတ်ဖက်အဖွဲ့အစည်းများက ရန်ကုန်နည်းပညာတက္ကသိုလ်သို့ ယနေ့လှူဒါန်းလိုက်သည်။

ရန်ကုန် နည်းပညာတက္ကသိုလ်တွင် ဘာသာရပ်ကြီး ၁၂ ခုကို သင်ကြားပို့ချနေပြီး Electrical Power၊ Electronic and Communication၊ Information and Communication နှင့် Mechantronic အတန်းများမှ ကျောင်းသား ကျောင်းသူများ အသုံးပြုနိုင်သည့် အဆိုပါ လက်တွေ့စမ်းသပ်ခန်းသုံး လျှပ်စစ်ပစ္စည်းများကို ယခုပညာသင်နှစ်မှ စတင်ကာ လက်တွေ့အသုံးပြုသွားနိုင်မည်ဖြစ်ကြောင်း ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန် နည်းပညာတက္ကသိုလ်၌ ကျင်းပသည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားမှ သိရသည်။

ရန်ကုန်နည်းပညာတက္ကသိုလ်ကို Center of Excellence - COE အဖြစ် ကြိုးစားဖော်ဆောင်နေရာ ယခုလက်ခံရရှိခဲ့သည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများမှာ အင်ဂျင်နီယာကျောင်းသားများအတွက် လက်တွေ့ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းခွင်ဝင်ရောက်သည့် အခါတွင်လည်း လွယ်ကူအဆင်ပြေစေမည် ဖြစ်ကြောင်းကို “အခု ပစ္စည်းတွေဟာ အီးယူနိုင်ငံတွေမှာသုံးတဲ့ နောက်ဆုံးပေါ် ခေတ်မီ ဓာတ်ခွဲခန်းသုံးပစ္စည်းတွေဖြစ်တဲ့အတွက် သင်ကြားခံရတဲ့ ကျောင်းသား ကျောင်းသူတွေလုပ်ငန်းခွင်အတွက် ကြိုတင်ပြင်ဆင်ရာရောက်သလို လက်တွေ့သင်ကြားပေးရမယ့် ဆရာ ဆရာမတွေပါ အကျိုးကျေးဇူးရစေမှာဖြစ်ပါတယ်” ဟု ပါမောက္ခချုပ် ဒေါက်တာအေးမြင့်က ပြောသည်။

လက်တွေ့စမ်းသပ်ခန်းတွင် သုံးစွဲနိုင်ရန် Domestic Enclosure ငါးလုံး၊ Motor Starter Enclosure ငါးလုံး၊ PLC Training Kit ငါးလုံး၊ ဆော့ဝဲလ်များ၊ လျှပ်စစ်နှင့် ဓာတ်ခွဲခန်းတွင် လိုအပ်သည့် ဆက်စပ်ပစ္စည်းများ စသည်ဖြင့် အမျိုးအစားရှစ်မျိုးပါဝင်ကြောင်း သိရသည်။

“သီအိုရီနဲ့ လက်တွေ့ပိုင်းမှာ လက်တွေ့က ၆၀ ရာခိုင်နှုန်း ထိရောက်မှုရှိတယ်။ အရင်က ကျောင်းတွေမှာ ဓာတ်ခွဲခန်းသုံးပစ္စည်းတွေ ပြည့်စုံမှု အားနည်းတယ်။ အခုလို ဓာတ်ခွဲခန်းသုံးပစ္စည်းပံ့ပိုးမှုတွေရှိလာမယ်ဆိုရင် ကျောင်းသား ကျောင်းသူတွေအတွက် ထိတွေ့မှုပိုများတာကြောင့် အရည်အသွေးပြည့်ဝတဲ့ အင်ဂျင်နီယာပညာရှင်တွေအဖြစ် ရပ်တည်လာနိုင်ရေးမှာလည်း အထောက်အကူပြုစေမှာဖြစ်ပါတယ်”ဟု အဆိုပါတက္ကသိုလ်မှ မဟာတွဲ့ ကျောင်းသူတစ်ဦးကလည်း သူ၏ ထင်မြင်ချက်ကို ပြောသည်။

Schneider Electric ကုမ္ပဏီသည် လျှပ်စစ်နှင့် ပတ်သက်သည့် ကုမ္ပဏီတစ်ခု ဖြစ်ခြင်းကြောင့် စွမ်းအင်အသုံးချရေးနှင့် သက်ဆိုင်သည့် ဘာသာရပ်များကို သင်ကြားပို့ချနေသည့် နည်းပညာတက္ကသိုလ်တွင် ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်ရခြင်းဖြစ်သကဲ့သို့ ပညာရေးကဏ္ဍတိုးတက်စေရန် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများနှင့် အခြားလူမှုအကျိုးပြု လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဈေးကွက်ဒါရိုက်တာ ကိုဇော်ဇော်အောင်က ပြောသည်။

Schneider Electric ကုမ္ပဏီသည် မြန်မာနိုင်ငံ ဈေးကွက်ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလဆန်းတွင် စတင်ဝင်ရောက်ခဲ့ပြီး စွမ်းအင်အသုံးချမှုဆိုင်ရာ နည်းလမ်းများနှင့် ကုန်ပစ္စည်းများကို ပြည်တွင်းကုမ္ပဏီများနှင့် ပူးပေါင်းဖြန့်ဖြူးလျက်ရှိသည်။ ကျောင်းမတက်နိုင်သည့်သူများ၊ အချိန်ပိုင်း အလုပ်လုပ်လိုသူများနှင့် လျှပ်စစ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများအတွက် အခြေခံလျှပ်စစ် အသက်မွေးမှုဆိုင်ရာ လေးလသင်တန်းကို Online University ဝက်ဘ်ဆိုက်တွင် Account ဖွင့်ကာ သင်ခန်းစာ ၂၀၀ ကျော်မှ လိုချင်သည့် ဘာသာရပ်ကို ရွေးချယ်၍ Free Education အဖြစ် သင်ယူနိုင်မည်ဖြစ်ပြီး အသိအမှတ်ပြုလက်မှတ်ပေးအပ်မည်ဟု သိရသည်။ **(ဝင်းဝင်း)**

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သတိပေးစာစောင်များဖြန့်ဝေ

နေပြည်တော် ဇူလိုင် ၈

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် ပေါ့ဆမှု၊ အန္တရာယ်ရှိသော ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများအနီး ရောက်ရှိမှုကြောင့် ဒဏ်ရာရရှိမှု၊ ဓာတ်လိုက်သေဆုံးမှု ကင်းဝေးစေရေးအတွက် မီးသုံးစွဲသူမိဘပြည်သူများ သတိပြုရှောင်ရှားနိုင်စေရန် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး သတိပေးစာစောင်များအား ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက မြို့နယ်ရပ်ကွက်များအတွင်း လိုက်လံရှင်းလင်း ဝေငှခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားအဆင့်ပညာရေး အရည်အသွေးမူဘောင်သတ်မှတ်ရေး ဆွေးနွေး

ရန်ကုန် ဇူလိုင် ၈

ဒေသတွင်း ရွှေ့ပြောင်းသင်ယူမှု၊ အလုပ်လုပ်ကိုင်မှုနှင့် ဘဝတစ်သက်တာ သင်ယူမှုအတွက် ပညာရေးကဏ္ဍအားလုံးကို လွှမ်းခြုံသော အာဆီယံဒေသအဆင့် အရည်အသွေးမူဘောင်တွင် ပူးပေါင်းပါဝင်နိုင်ရန် အခြေခံဖြစ်သော အမျိုးသားအဆင့် အရည်အသွေးမူဘောင် သတ်မှတ်ရေး စတုတ္ထအကြိမ်ဆွေးနွေးပွဲကို ဇူလိုင် ၇ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)နှင့် ပညာရေး၊ ကျန်းမာရေး၊ သမဝါယမဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များမှ တာဝန်ရှိသူများ၊ ယူနက်စကို - မြန်မာမှ အဆင့်မြင့်ပညာကဏ္ဍ ပညာရှင် Dr.Roger Chao တို့ တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဝန်ကြီးဌာနအသီးသီးရှိ တက္ကသိုလ်၊ ကောလိပ်များ၊ အမျိုးသားကျွမ်းကျင်မှုနှင့် စံသတ်မှတ်ရေးအာဏာပိုင်အဖွဲ့-မြန်မာနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသော အစိုးရ၊ ပုဂ္ဂလိက သင်တန်းကျောင်းများမှ တာဝန်ရှိသူများ စုံလင်စွာ ပါဝင်သော အစည်းအဝေးတစ်ရပ်ကို အမြန်ဆုံးကျင်းပကာ မြန်မာနိုင်ငံ အမျိုးသားအဆင့် အရည်အသွေးမူဘောင်တစ်ရပ်ကို စက်တင်ဘာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် လုပ်ငန်းစဉ်သတ်မှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ **မြန်မာ့မီးရထားမှ**

မြန်မာ့မီးရထားလုပ်ငန်း အင်ဂျင်နီယာမှူး (မြို့ပြရုံး) တိုင်း(၇) ရန်ကုန်မှ မန်နေဂျာ (သွားလာရေး/တိုင်း) ဦးကျော်စိုးလင်းက “ဇူလိုင် ၁၄ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပြီး Open Tender အဆိုပြုတင်သွင်းရပါမယ်။ ဒီအဆိုတင်သွင်းကြမယ့် ဖောင်တွေကလည်း တစ်စောင်ကို ငွေကျပ် သုံးသောင်းနဲ့ မည်သူမဆို ဝယ်ယူနိုင်ကြပါတယ်။ လက်ရှိဖောင်အစောင်ရေ ၂၃ စောင် ရောင်းချပြီးနေပါပြီ။ စိတ်ဝင်စားတဲ့သူလည်း များပါတယ်။ ကျွန်တော်တို့က လုပ်ကိုင်ခွင့်ရတဲ့သူရဲ့အကျိုးအမြတ်အတွက်ကို ခရီးသည်တစ်ဦးချင်းအပေါ် လက်မှတ်နှုန်းထားသတ်မှတ်ပြီး ပေးချေဆောင်ရွက်သွားမှာပါ။ ဒါကလည်း တင်ဒါအောင်ပြီးမှ အသေးစိတ်သိရမှာပါ။ ဆိုလိုတာက လက်မှတ်ရောင်းချတဲ့ စုစုပေါင်း ငွေကြေးအပေါ် အခြေမခံပါဘူး။ သူတို့ကိုပေးချေတဲ့အခါမှာ လက်မှတ်အစောင်ရေပေါ်ပဲ မူတည်ပြီး စောင်ရေ အရေအတွက်နဲ့ပဲ ပေးချေသွားမှာပါ”ဟု ရှင်းပြခဲ့သည်။

ဆက်လက်၍ ၎င်းက “ဒီကွန်ပျူတာအသုံးပြု လက်မှတ်ရောင်းချမှုစနစ်ပြောင်းလိုက်လို့ လက်မှတ်ခနှုန်းထားက ပြောင်းဖို့မရှိပါဘူး။ အရင်သတ်မှတ်နှုန်းထား အတိုင်းပဲ တစ်စောင်ကို ငွေကျပ် ၁၀၀၊ ၂၀၀၊ ၃၀၀၊ ၄၀၀ နဲ့ပဲ ရောင်းချဖို့စီစဉ်ထားပါတယ်။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူကို သုံးနှစ်ခွင့်ပြုမယ်၊ ဒီလုပ်ကိုင်ခွင့်ရသူတွေ အတွက်လည်း တစ်နှစ်တစ်ကြိမ် စာချုပ်ချုပ်ဆိုပေးသွားပါ့မယ်” ဟု ဆိုသည်။

ရန်ကုန်မြို့တော်အတွင်းရှိ သတ်မှတ်ဘူတာအသီးသီးတွင် လသုံးလက်မှတ်ကတ်၊ ကျောင်းသားလက်မှတ်ကတ်၊ ဆရာ ဆရာမလက်မှတ်ကတ်များအား ပုံမှန်ရောင်းချပေးလျက်ရှိနေပြီး ယင်းလက်မှတ် ကတ်များပါမကျန် ကွန်ပျူတာအသုံးပြုလက်မှတ်ရောင်းချစနစ်များပြုလုပ်ရန် အစီအစဉ်များရှိကြောင်း၊ ပုံမှန်ရောင်းချပေးနေသော လက်မှတ်စနစ်များလည်း ရှိနေမည်ဖြစ်ကြောင်း၊ ကွန်ပျူတာအသုံးပြုလက်မှတ်ရောင်းချစနစ်အား ဘူတာပေါင်း ၁၅ ဘူတာတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး အောင်မြင်မှုများရှိလာပါက ဘူတာများအသီးသီးတွင် ထပ်မံ တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ စုံစမ်းသိရသည်။

မိုးကြိုးထိမှန်၍ သေဆုံး

နေပြည်တော် ဇူလိုင် ၈

ရှမ်းပြည်နယ် လားရှိုးမြို့နယ် နားမွန်ရွာအနီးတွင် ဇူလိုင် ၆ ရက် ညနေ ၅ နာရီက မိုးကြိုးပစ်၍ လူတစ်ဦး သေဆုံးကြောင်း သတင်းအရ လားရှိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ၎င်းကျေးရွာနေ ဒေါ်နန်းအေးယုံ(၃၀)နှစ်သည် တောင်ယာခင်းအတွင်း ခင်ပွန်းဖြစ်သူ ဦးစိုင်းထွန်းရင်(၃၂)နှစ်၊ ၎င်း၏အစ်မ ဒေါ်အေးစိန် (၄၅)နှစ်တို့နှင့်အတူ ပြောင်းခင်းအား ပေါင်းပေါက်နေစဉ် မိုးကြိုးပစ်ရာ ဒေါ်နန်းအေးယုံတွင် ရင်ညွှန့်ညိုမည်း မီးလောင်ဒဏ်ရာရရှိကာ သေဆုံးသွားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

နိုင်ငံတကာအဆင့်မီ လက်ကားဈေးကြီးအဖြစ် တည်းကုန်းတွင် စီစဉ်နေ

ရန်ကုန် ဇူလိုင် ၈

မြန်မာနိုင်ငံတွင် ပထမဆုံးသော ကမ္ဘာ့အဆင့်မီဖြစ်လာမည့် လက်ကားဈေးကြီးကို တည်းကုန်းတွင် စီစဉ်နေကြောင်း ဇွန် ၈ ရက်တွင် ကျင်းပသော သားငါးကဏ္ဍဆိုင်ရာ လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲ အခမ်းအနားမှ သိရသည်။

အဆိုပါနေရာတွင် မူလကရှိနေသော တည်းကုန်း ကုန်စိမ်းဈေးနေရာတွင် မြန်မာနိုင်ငံ၏ပထမဆုံး နိုင်ငံတကာ လက်ကားဈေးကြီးအဖြစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စီစဉ်နေခြင်းလည်းဖြစ်သည်။ “လက်ရှိရှိနေတဲ့ဈေးတွေက နိုင်ငံတကာအဆင့်မီမဟုတ်သေးဘူး၊ လမ်းဆုံလိုနေရာမျိုးဖြစ်တဲ့ ရထားလမ်း၊ ကားလမ်း၊ ရေလမ်းဆုံတဲ့ နေရာလိုမျိုးမှာရှိရမယ်၊ ကုန်ဝင်ကုန်ထွက်လွယ်တဲ့ နေရာမျိုးမှာ ရှိရမယ်၊ တည်းကုန်းနေရာက လှိုင်မြစ်နဲ့ လည်းနီးတယ်၊ ရွှေပြည်သာဘက်လမ်းဆုံနဲ့လည်းနီးတယ်၊ ရထားလမ်းနဲ့လည်း နီးတဲ့နေရာဖြစ်တယ်” ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောကြားသည်။

လတ်တလောတွင် ပထမအဆင့်အဖြစ် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် အသားများကို အရောင်းအဝယ်လုပ်ရန်ရှိသလို သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် အသားငါးများသိုလှောင်ရန် အအေးခန်းလည်း ပါဝင်မည်ဟုသိရပြီး ပြည်တွင်းစားသုံးမှုမှ နိုင်ငံတကာဈေးကွက်သို့တင်ပို့နိုင်သည်အထိ စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။ “ငါးတော့ပါမှာမဟုတ်သေးဘူး၊ ပထမအဆင့်မှာငါးကိုတွဲထားတာမရှိဘူးလို့သိရပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လက်ကားဈေးအဖြစ် ရောင်းဝယ်သည့်အခါ လေလံစနစ်ဖြင့် ဈေးပြိုင်ရောင်းချမှုများရှိလာနိုင်သလို ထုတ်လုပ်ရောင်းချမှုအခြေအနေများလည်း များစွာမြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

မင်းကင်းမြို့တွင် ယာဉ်တိမ်းမှောက် တစ်ဦးသေဆုံး

မင်းကင်း ဇူလိုင် ၈

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် မောက္ကတော်ကျေးရွာအနီး၌ ဇူလိုင် ၅ ရက် ညနေ ၆ နာရီခွဲက ၁၀ ဘီးယာဉ်တစ်စီး တိမ်းမှောက်ရာမှ လူတစ်ဦးသေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်မှာ အင်ဒိုင်းကုန်းကြိုးဝိုင်းမှ ညနေ ၆ နာရီခွဲတွင် ယာဉ်အမှတ် ပ/--- နီဆန်းအမျိုးအစား ၁၀ ဘီးယာဉ်မောင်းနှင်သူ ဦးတင်စိုး အသက်(၅၈)နှစ် မောင်းနှင်လာသည့် ကားပေါ်တွင် မျောများနှင့်အတူ ခရီးသည် ၁၆ ဦးလိုက်ပါလျက် မောက္ကတော်ကျေးရွာအနီး တစ်မိုင်ခန့်အကွာအဆင်းတွင် ဘရိတ်ပေါက်ပြီး တိမ်းမှောက်ရာမှ မောက္ကတော်ကျေးရွာနေ မောင်ရဲလင်းဦး အသက်(၁၇)နှစ် သေဆုံးပြီး ခရီးသည် ကိုးဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။

(လင်းလက်ကြယ်စင်)

■

အာဆီယံစီးပွားရေးအသိုက်ဝန်းသို့ မြန်မာနိုင်ငံဝင်ရောက်နိုင်ရန် လိုအပ်သောပြင်ဆင်မှုများ ကမ္ဘာ့ဘဏ်နှင့် ဝန်ကြီးဌာနများ ပူးပေါင်းလုပ်ဆောင်သွားမည်

သတင်း – ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ – ဖိုးထောင်

ရန်ကုန် ဇူလိုင် ၈

အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)သို့ မြန်မာနိုင်ငံ ဝင်ရောက်ရန်အတွက် လိုအပ်သောပြင်ဆင်မှုများ ပြုလုပ်ရာတွင် ကမ္ဘာ့ဘဏ်နှင့် မြန်မာအစိုးရဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ကမ္ဘာ့ဘဏ်၏ ဒေသတွင်း ကုန်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကျွမ်းကျင်သူ Mr. Fabio Artuso က ပြောကြားလိုက်သည်။

Mr. Fabio Artuso က ဇူလိုင် ၇ ရက်က ရန်ကုန်မြို့ UMFCCI တွင်ပြုလုပ်သည့် ၂၀၁၅ အာဆီယံစီးပွားရေးအသိုက်အဝန်း အတွင်းရှိ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း ပေါ်ပေါက်လာပါက အာဆီယံဒေသတွင်းနိုင်ငံများ အချင်းချင်းတွင် ကုန်စည်၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ကျွမ်းကျင်လုပ်သားနှင့် ငွေကြေးတို့ လွတ်လပ်စွာစီးဆင်းနိုင်မည်။ မြန်မာနိုင်ငံအနေဖြင့် ယှဉ်ပြိုင်မှုရှိသော စီးပွားရေးဒေသဖြစ်ပေါ်ရန်အတွက် ဒေသတွင်းယှဉ်ပြိုင်နိုင်မှုမူဝါဒများ၊ စားသုံးသူကာကွယ်ရေး၊ e-commerce (အီလက်ထရွန်နစ်ဆိုင်ရာကုန်သွယ်မှု) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့် အခွန်အကောက်များအတွက် မဟာဗျူဟာမြောက်အစီအစဉ်များရေးဆွဲရန် လိုအပ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ညီမျှစေရန် အသေးစား အလတ်စား စီးပွားရေးလုပ်ငန်း(SMEs)များ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ရန်လိုအပ်သည်ဟု ကမ္ဘာ့ဘဏ်၏ အာဆီယံရေးရာကျွမ်းကျင်သူ Mr. Paolo R. Vergano က AEC Challenges and Opportunities (အာဆီယံစီးပွားရေး အသိုက်အဝန်းအတွက် စိန်ခေါ်မှုနှင့် အခွင့်အလမ်းများ) ခေါင်းစဉ်ဖြင့် ယနေ့ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြဆွေးနွေးသည်။

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

"အာဆီယံကုန်သွယ်မှုကို တိုးပွားအောင်လုပ်မယ်ဆိုရင် ကုန်သွယ်မှုချောမွေ့အောင် လုပ်မှရမယ်။ ကျွန်တော်တို့ ထုတ်ပြန်ထားတဲ့ ဥပဒေတွေ၊ လိုင်စင်တင်ရတဲ့ လုပ်ငန်းအဆင့်ဆင့်တွေဟာ ပွင့်လင်းမြင်သာမှုရှိဖို့ လိုတယ်။ ဒါတွေကို ပုဂ္ဂလိကကဏ္ဍကသိမှ ကုန်သွယ်မှုက ချောမွေ့မယ်။ လိုအပ်တာတွေကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အကောက်ခွန်ဌာနနဲ့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့က လုပ်ဆောင်ပေးမှ အာဆီယံအသိုက်အဝန်းမှာ စီးပွားရေးကဏ္ဍအနေနဲ့ ယှဉ်ပြိုင်နိုင်တဲ့အဆင့်ကိုရောက်မယ်"ဟု နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန (FERD)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဖြူက ပြောကြားခဲ့သည်။

အာဆီယံအသိုက်အဝန်း (AEC) ကို ၂၀၁၅ ဒီဇင်ဘာ ၃၁ တွင် စတင်အကောင်အထည်ဖော်မည်ဟု အာဆီယံနိုင်ငံများအနေဖြင့် ဆုံးဖြတ်ထားပြီးဖြစ်သော်လည်း ပေါ်ပေါက်လာမည့် အာဆီယံစီးပွားရေး အသိုက်အဝန်းသို့ ဝင်ရောက်ရန် အသင့်မဖြစ်သေးသည့် မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယား သုံးနိုင်ငံအား ၂၀၁၈ တွင်နောက်ဆုံးထား၍ ဝင်ရောက်ရန် ခွင့်ပြုထားကြောင်း အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

"၂၀၁၅ မှာ အာဆီယံအသိုက်အဝန်းစမယ် ဆိုပေမယ့် မြန်မာ၊ လာအိုနဲ့ ကမ္ဘောဒီးယား သုံးနိုင်ငံက အဆင်သင့်မဖြစ်သေးဘူး။ ဒါကြောင့် ၂၀၁၈ အထိ အချိန်ကို ဆွဲဆန့်ပေးတယ်။ အခု ၂၀၁၄ ဆိုတော့ နောက်ထပ်သုံးနှစ်ကျော် လေးနှစ်နီးပါးလောက် အချိန်ရတယ်။ အန်ကယ်တို့နိုင်ငံက အခြားအာဆီယံနိုင်ငံတွေနဲ့ ယှဉ်ရင် ကွာဟချက်က တော်တော်များနေတယ်။ အခွန်အကောက်အတွက် ကန့်သတ်တဲ့ ကုန်ပစ္စည်းတွေ၊ နည်းပညာတိုးတက်မှုတွေ၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်ရမယ့် ဥပဒေတွေ၊ ပညာရေး ဘွဲ့ဒီဂရီတွေနဲ့ ပညာရှင်တွေကို တခြားနိုင်ငံတွေက အသိမှတ်ပြုဖို့၊ အရည်အချင်းတွေ တန်းတူညီမျှဖြစ်ဖို့ အများကြီးညှိနှိုင်းရဦးမယ်။ အာဆီယံအသိုက်အဝန်း စတာနဲ့ အကုန်လုံးက တစ်ပြေးညီဖြစ်သွားပြီ"ဟု မိုးမြင့်ဌေးကုမ္ပဏီလီမိတက်၏ ဒါရိုက်တာဖြစ်သူ ဦးစိန်ထွေးက သုံးသပ်သည်။

ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် AEC နိုင်ငံများအတွင်း ကြုံတွေ့နိုင်မည့်စိန်ခေါ်မှုနှင့် အခွင့်အလမ်းများကို သိရှိနိုင်ရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းကာ အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို ဇွန် ၈ ရက်တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်းအား နော်ဝေနိုင်ငံလွှတ်တော်အမတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၈

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား နော်ဝေနိုင်ငံလွှတ်တော်အမတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ Honorable Ola Elvestuen နှင့် အဖွဲ့သည် ယမန်နေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နော်ဝေနိုင်ငံ လွှတ်တော်အမတ်နှင့်အတူ Liberal Party ၏ ဗဟိုကော်မတီအဖွဲ့ဝင် Ms. Rebekka Brosch၊ Worldview International Foundation - WIF ၏ အတွင်းရေးမှူးချုပ် Dr.Arne Fjoftoft နှင့် Worldview Myanmar ဥက္ကဋ္ဌ ဦးအေးလွင်တို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နော်ဝေနိုင်ငံက မြန်မာနိုင်ငံသစ်တောသယံဇာတအရင်းအမြစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေးတွင် ထောက်ပံ့ပေးနေမှု၊ ဒီရေတောများ ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် သစ်တောဦးစီးဌာနနှင့် Worldview International Foundation - WIF နှင့် Worldview Myanmar တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအတွင်း ဒီရေတောများ ပြန်လည်တည်ထောင်ခြင်းအတွက် စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း လုပ်ငန်းစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးကြသည်။

ယမန်နေ့နံနက်ပိုင်းတွင်လည်း နော်ဝေနိုင်ငံကိုယ်စားလှယ်အဖွဲ့နှင့် သစ်တောဦးစီးဌာန တာဝန်ရှိသူများအကြား ဒီရေတောပြန်လည်ထူထောင်ရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းပွဲကို ကျင်းပခဲ့ပြီး မြိတ်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မောင်ချို၊ မော်လမြိုင်တက္ကသိုလ်မှ အဏ္ဏဝါဇီဝဗေဒ ပါမောက္ခဒေါက်တာစံသာထွန်းတို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

Honorable Ola Elvestuen သည် နော်ဝေနိုင်ငံညွန့်ပေါင်းအစိုးရအဖွဲ့တွင်ပါဝင်သည့် Liberal Party မှ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသူဖြစ်ပြီး ယခင်ကလည်း ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာဝန်ကြီးအဖြစ် တာဝန်ယူထမ်းဆောင်ခဲ့သူဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တောင်ဥက္ကလာပ၊ စက်မှုဇုန်၊ (၈)ရပ်ကွက်၊ (၅)လမ်းအတွင်းရှိ
မြေကွက်များ အမြန်ဝယ်လိုပါသည်။
ပိုင်ရှင်များတိုက်ရိုက်ဆက်သွယ်ပေးပါရန်။
ဖုန်း-၀၉-၄၉၃၃၆၅၇၃







ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်သပြေလမ်း၊ အမှတ်(၃၉/ဘီ)မြေညီထပ်၊ အခန်းအကျယ်အဝန်းပေ(၁၆×၆၄) အကျယ်အဝန်းရှိတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးကျော်ထွန်းဦး[၁၂/ပဘတ(နိုင်)၀၀၁၂၁၀]နှင့် ဦးကျော်ထွန်းလေး[၁၂/ပဘတ(နိုင်)၀၂၇၃၀၅]ထံမှ ကျွန်မဒေါ်နီလာဝင်း[၁၂/လသန(နိုင်)၀၀၁၃၁၇]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသဖြင့် မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာစာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ကျွန်မထံ ခိုင်လုံသောအထောက်အထားများနှင့်တကွ တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်သတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်နီလာဝင်း
အမှတ်(၃၁/A)၊ ကျွန်းတောလမ်း၊ ပထမထပ်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၆)၊ မြေကွက်အမှတ် (၅၈၇)၊ (အလျားပေ၄၀× အနံပေ၆၀)၊ မြေဧရိယာ(၀. ၀၅၅)ဧက၊ (၂၄၀၀) စတုရန်းပေရှိ မြေပါမစ်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သန်းသန်းချို[၁၂/သဃက(နိုင်)၀၀၂၄၆၉]ထံမှ ကျွန်မ ဒေါ်တင်မိုးခိုင်[၁၂/တမန(နိုင်)၀၀၈၆၂၉]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်း စာရွက်စာတမ်းများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်တင်မိုးခိုင်
[၁၂/တမန(နိုင်)၀၀၈၆၂၉]
တိုက်(၆)၊ စီ(၁)၊ မဟာမြိုင်အိမ်ရာ၊ ၄၁ တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံ

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အခြေခံပညာဆရာ ဆရာမအထူးမွမ်းမံသင်တန်းဖွင့်

နေပြည်တော် ဇူလိုင် ၈

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၇ ရက် နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ကျင်းပရာ**(ယာပုံ)** ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌဦးကျော်သူက ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းနှင့် ပတ်သက်ပြီး နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဂယနဏသိရှိနိုင်အောင် လေ့လာထားကြရန် အထူးလိုအပ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံ ထူထောင်ရန်အတွက် အစဉ်လေ့လာသင်ယူနေသော လူ့အဖွဲ့အစည်းကြီးတစ်ရပ်ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်အားလုံးကို ဆောင်ရွက်ပေးနိုင်သူများ၊ ဆောင်ရွက်ပေးရမည့်သူများသည် ဆရာ ဆရာမများဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မိမိကျောင်းသည် မိမိဒေသ၏သင်ယူမှုပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်သည် အထိမျှော်မှန်းပြီး ဆရာ ဆရာမတို့အနေဖြင့် နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ကသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင် တည်ဆောက်နိုင်ကြမည်ဖြစ်သဖြင့် ကြံ့ခိုင်ဖြောင့်မတ်သော စိတ်ဓာတ်၊ စောင့်စည်းအပ်သော လူမှုကျင့်ဝတ်၊ လိုက်နာအပ်သောစည်းကမ်း၊ တွေးခေါ်မြော်မြင်နိုင်စွမ်းရှိသော အသိပညာ၊ တီထွင်ဖန်တီးနိုင်စွမ်းရှိသော အတတ်ပညာများကို သင်ကြားလေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း၊ အတန်းလိုက်ပြဋ္ဌာန်းထားသည့် သင်ရိုးဝင်ဘာသာရပ်များနှင့် တွဲဖက်သင်ရိုးဝင်ဘာသာရပ်များကို ဟန်ချက်ညီညီ လေ့ကျင့်သင်ကြားပေးကြရန် လိုကြောင်း၊ အရည်အသွေးကောင်းမွန်သောပညာရေး Quality Education ဖြစ်ပေါ်လာအောင် အရည်အသွေးပြည့်ဝသည့် ဆရာ ဆရာမများကသာလျှင် ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် အရည်အသွေးပြည့်ဝသည့် ဆရာ ဆရာမများဖြစ်အောင် ကြိုးစားအားထုတ်လေ့လာဆည်းပူးကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

အဆိုပါသင်တန်းသို့ အခြေခံပညာ ဆရာ ဆရာမ သင်တန်းသား သင်တန်းသူ ၁၅၀၀ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်သူများအား ချီးမြှင့်ပွဲ မအူပင်၌ကျင်းပ

မအူပင် ဇူလိုင် ၈

မအူပင်မြို့နယ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်မှုမှာ နှစ်စဉ်တိုးတက်မြင့်မားလာခဲ့ရာ ၁၀ နှစ်တာကာလအတွင်း ၂၀၁၄ ပညာသင်နှစ်၌ ၄၄ ဒသမ ၄၁ ရာခိုင်နှုန်းထိမြင့်တက်လာကြောင်း၊ ၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုသူ ၂၅၄၈ ဦးရှိရာ ၇၈၁ ဦး အောင်မြင်ခဲ့ပြီး ဂုဏ်ထူးရရှိမှုအနေဖြင့် ခြောက်ဘာသာ ငါးဦး၊ ငါးဘာသာ တစ်ဦး၊ လေးဘာသာ ခြောက်ဦး၊ သုံးဘာသာ ရှစ်ဦး၊ နှစ်ဘာသာ ၂၄ ဦးနှင့် တစ်ဘာသာ ၁၆၈ ဦးရှိခဲ့ကြောင်း၊ ၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုသူ ၃၀၂၂ ဦးအနက် ၁၃၄၂ ဦး အောင်မြင်ခဲ့ပြီး ဂုဏ်ထူးရရှိမှုမှာ ခြောက်ဘာသာ သုံးဦး၊ ငါးဘာသာ နှစ်ဦး၊ လေးဘာသာ ငါးဦး၊ သုံးဘာသာ ၂၆ ဦး၊ နှစ်ဘာသာ ၆၈ ဦးနှင့် တစ်ဘာသာ ၃၄၈ ဦးတို့ရှိကြောင်း၊ ဇူလိုင် ၇ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးကျောင်းနှင့် ထူးချွန်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်းက ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် မအူပင်မြို့ အလက-၁ (တွဲဖက်အထက)ကျောင်းမှ ကျောင်းသားကျောင်းသူလေးများက ကရင်ဒုံးယိမ်းအကဖြင့် ဖျော်ဖြေကြသည်။**(ဝဲပုံ)**

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်းက ၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ကျောင်းများနှင့် ခြောက်ဘာသာဂုဏ်ထူးရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ ဆက်လက်၍ ငါးဘာသာမှတစ်ဘာသာအထိ ဂုဏ်ထူးရရှိသူများအား ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုဆုအသီးသီးချီးမြှင့်ပေးကြကြောင်းသိရသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးသည် မအူပင်မြို့နယ် ကျောင်းရွာကျေးရွာ၌ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးကျောင်းနှင့် ထူးချွန်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကိုလည်းတက်ရောက်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ရာမည)**

ပြည်ပနည်းပညာရွှေဆိုင်းများကြောင့် ရိုးရာရွှေဆိုင်းလုပ်ငန်းမေးမှိန်ပျောက်ကွယ်သွားမည်ကို စိုးရိမ်

မြန်မာ့လက်မှုပညာတစ်ရပ်ဖြစ်သော ရွှေဆိုင်းခတ်ပညာရပ်သည် မိရိုးဖလာလက်မှုပညာဖြစ်သည့်အတွက် နိုင်ငံခြားခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားစွာ နေ့စဉ်လာရောက်ကြည့်ရှုလေ့လာလျက်ရှိပြီး ယခုနှစ်တွင် ပြည်ပနည်းပညာဖြင့် ပြုလုပ်ထားသည့် ရွှေဆိုင်းများမှာ ပြည်တွင်းသို့ဝင်ရောက်လာသဖြင့် ရိုးရာလက်မှုပညာရပ်ဖြစ်သော ရွှေဆိုင်းခတ်လုပ်ငန်း မေးမှိန်ပျောက်ကွယ်သွားမည်ကို စိုးရိမ်လျက်ရှိကြကြောင်း သိရသည်။

“မြန်မာတစ်နိုင်ငံလုံးမှာ လက်မှုလုပ်ငန်းတစ်ခုအဖြစ် မန္တလေးမြို့ မျက်ပါးရပ်(ရပ်ကွက်)မှာ ရွှေဆိုင်းခတ်လုပ်ငန်းလုပ်တယ်။ ဘယ်မှာမှ မရှိဘူး။ ရွှေကိုအလွန်ပါးလွှာအောင် ပြုလုပ်တဲ့ ရပ်ကွက်ဖြစ်၍ ရွှေပါးရပ်လို့ ရှေးတုန်းက အမည်တွင်ခဲ့တယ်။ မင်းတုန်းမင်းတရားကြီးလက်ထက်မှာတော့ ရပ်ကွက်ကြီးနေရာတစ်ခုအဖြစ် သတ်မှတ်ပေးခဲ့တယ်။ ပါဠိဘာသာနဲ့ ရွှေကို-မျက်လို့ဖွင့်ဆိုထားတာကြောင့် နောက်ပိုင်းမှာ မျက်(ရွှေ)+ပါး+ရပ်ကွက်=မျက်ပါးရပ်(ကွက်)ဆိုပြီး ခေါ်ဝေါ်သုံးစွဲခဲ့တယ်”ဟု မန္တလေးမြို့ မျက်ပါးရပ်မှ ရွှေဆိုင်းခတ်လုပ်ငန်းနှစ် ၄၀ လုပ်ကိုင်သူတစ်ဦးကပြောကြားသည်။

“ဒီနှစ်ထဲမှာ ပြည်ပနည်းပညာနဲ့ ပြုလုပ်ထားတဲ့ ရွှေဆိုင်းတွေဝင်လာတာတွေ့ရတယ်။ အဲဒီရွှေဆိုင်းဟာ အရည်အသွေး မီသလား၊ မမီဘူးလားဆိုတာ မသိဘူး။ ပြည်တွင်းရွှေဆိုင်းရဲ့ ရွှေပါဝင်မှုအရည်အသွေးက ၉၂ ဒသမ ၂၂ ရာခိုင်နှုန်းရှိတယ်။ ရွှေဆိုင်းကို မြင့်မြတ်တဲ့ ဘုရား၊ စေတီ၊ ပုထိုးတွေမှာ ပူဇော်ကြတာဖြစ်လို့ ပြည်ပနည်းပညာနဲ့ပြုလုပ်ထားတဲ့ ရွှေဆိုင်းတွေဟာ ရွှေအရည်အသွေးရယ်၊ ရွှေမိုက်ထုတ်လို့ ရ/မရဆိုတာတွေရယ် စစ်ဆေးဖို့တော့လိုတယ်။ နောက်တစ်ခုက ပြည်ပရွှေဆိုင်းတွေ ဝင်လာရင် စားဝတ်နေရေးအတွက် ရွှေဆိုင်းလုပ်ငန်းလုပ်ကိုင်နေတဲ့ လုပ်ငန်းရှင်တွေနဲ့ မှီခိုနေရသူလုပ်သားအင်အား ငါးသောင်းကျော် အလုပ်လက်မဲ့ဖြစ်သွားနိုင်တယ်။ ပုဂံခေတ်ကနေ ဒီနေ့အထိရှိနေတဲ့ မြန်မာ့ရိုးရာလက်မှုပညာ ရွှေဆိုင်းခတ်လုပ်ငန်းဟာ မေးမှိန်ပျောက်ကွယ်သွားမယ်ဆိုတာ သေချာသလောက်ပါပဲ” ဟု ရွှေဆိုင်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မျက်ပါးရပ်မှ ပြုလုပ်သည့် ရွှေဆိုင်းသည် တစ်ရက်လျှင် အလုပ်သမား ၁၀ ဦးမှ အဆိုင်းပေါင်း ၂၀၀ ခန့်သာပြီးစီးကြောင်း၊ ရွှေဆိုင်းသည် တိုင်းရင်းဆေးအဖြစ် သုံးနိုင်၍ အမှုန်များဖြစ်သောကြောင့် တိုက်ရိုက် စားသုံးနိုင်ကြောင်း ရွှေဆိုင်းရရှိရန် လူအားဖြင့် အဆင့်ပေါင်း ငါးဆင့် ပြုလုပ်ရသည့်အပြင် ယင်းအဆင့်များကြားထဲ၌ ရွှေပြင်လုပ်သူထံသို့ လေးကြိမ်ပို့ရသေးကြောင်း၊ မျက်ပါးရပ်တွင် ရွှေဆိုင်းခတ်လုပ်ငန်း လုပ်ကိုင်သူ ၄၉ ဦးသာရှိကြောင်း၊ ရွှေဆိုင်းအသုံးပြုမှုမှာ မန္တလေးမဟာမုနိရုပ်ရှင်တော်မြတ်၌ တစ်လလျှင် အရွက်တစ်ရာပါ ရွှေဆိုင်းပေါင်း ၁၅၀၀၀ ခန့်ထိရှိကြောင်း၊ မျက်ပါးရပ်ရွှေဆိုင်းလုပ်ငန်း လည်ပတ်မှုသည် ရွှေတိဂုံစေတီ(ရန်ကုန်)နှင့် မဟာမုနိရုပ်ရှင်တော်မြတ်(မန္တလေး)တို့တွင် အဓိကမှီခိုနေရသောကြောင့် အလုပ်သမားများစွာ၏ အလုပ်အကိုင်အခွင့်အလမ်းကိုလည်းကောင်း၊ ငွေကြေးထက် မြန်မာ့ရိုးရာလက်မှုပညာကို ထိန်းသိမ်းသောအားဖြင့်လည်းကောင်း ပြည်တွင်းဖြစ် ရွှေဆိုင်းများကိုသာ အသုံးပြုကြရန် ဆန္ဒရှိကြသည်။

ရွှေဆိုင်းခတ်ပညာရပ်သည် အနော်ရထာမင်းလက်ထက်ကတည်းက ရှိခဲ့ပြီး မွန်လူမျိုးတို့ထံမှ လက်ဆင့်ကမ်းသယ်ဆောင်ခဲ့သည်ဟု ခေတ်အဆက်ဆက်ရွှေဆိုင်းခတ်ပညာရှင်တို့က ပြောဆိုခဲ့ကြောင်း၊ မြင့်မြတ်သည့် ဘုရား၊ စေတီပုထိုးများတွင် ကပ်လှူပူဇော်ခြင်းဖြစ်၍ ရွှေဆိုင်းများပါးလွှာအောင်လုပ်ရန်“တူ”ထုခြင်းမတိုင်မီ လက်အုပ်ချီ ဂါရဝပြုလေ့ရှိကြောင်း၊ ယင်းနေရာတွင် ဆရာအစဉ်အဆက်ကို ပူဇော်အလေးထားသောအားဖြင့် အောင်သပြေနှင့် ညောင်ရေအိုးထားရှိခြင်း၊ ပန်းကန်ပြားပေါ်၌ ငွေသားတင်ထားခြင်းနှင့် အုန်းပွဲ၊ ငှက်ပျောပွဲလှူခြင်းတို့ ပြုလုပ်လေ့ရှိကြောင်းသိရပြီး ရွှေဆိုင်းခတ်လုပ်ငန်းသို့ နေ့စဉ်နိုင်ငံခြားခရီးသွားဧည့်သည်များစွာ လာရောက်လေ့လာနေကြကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

အမေရိကန်တွင်ကျင်းပမည့် ကိုရီးယားနေ့အခမ်းအနားတွင် အမျိုးသားသီချင်းသီဆိုမည့် Ye Eun

တောင်ကိုရီးယားအမျိုးသမီး ပေါ့ပ်ဂီတအဖွဲ့ Wonder Girls မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ Ye Eun က ဇူလိုင် ၁၁ ရက်တွင် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌ ကျင်းပမည့် ကိုရီးယားနေ့ အခမ်းအနားတွင် တောင်ကိုရီးယားနိုင်ငံ၏ အမျိုးသားသီချင်းကို တက်ရောက်သီဆိုမည်ဖြစ်ကြောင်း ဂျေဝိုင်ပီအင်န်တာတိန်းမန့်က သတင်းထုတ်ပြန်ထားသည်။

ထို့အပြင် Ye Eun သည် တက္ကဆက်-လော့စ်အိန်ဂျလိစ် အိန်ဂျယ်လ် ဘေ့စ်ဘောအားကစားပြိုင်ပွဲတွင်လည်း တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေသွားမည်ဖြစ်ကာ နံနက်ပိုင်းတွင် ပရိသတ်များနှင့်တွေ့ဆုံပွဲများကိုလည်း ဆက်တိုက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တေးသံရှင်၊ မော်လ်ဒယ်၊ တေးရေးဆရာနှင့် သရုပ်ဆောင်တစ်ဦးဖြစ်သူ Ye Eun သည် ယမန်နှစ်အတွင်းက Basketball အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူလည်းဖြစ်သည်။

ဝင်ငွေအကောင်းဆုံးစာရင်းတွင်နှစ်ပတ်ဆက်တိုက် ထိပ်ဆုံးမှရပ်တည်ခဲ့သည့် Transformers 4

ယခုနှစ်အတွင်း ထွက်ရှိခဲ့သည့် စတုတ္ထမြောက် Transformers ဇာတ်လမ်းတွဲ Transformers: Age of Extinction ဇာတ်ကားသည် မြောက်အမေရိကရုပ်ရှင်ရုံများ၌ ဇွန်လကုန်ပိုင်းမှစတင်ပြသခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၁ သန်းဖြင့် နှစ်ပတ်ဆက်တိုက် ရုံဝင်ငွေအများဆုံးအဖြစ် ထိပ်ဆုံးမှရပ်တည်နေကြောင်း သိရသည်။

ထို့အပြင် ဇူလိုင် ၂ ရက်က ထွက်ရှိခဲ့ပြီး အမေရိကန်မင်းသမီး Melissa McCarthy, ခေါင်းဆောင်ပါဝင်ထားသည့် Tammy ဟာသဇာတ်မြူး ဇာတ်ကားက စုစုပေါင်းလက်မှတ်ရောင်းရငွေ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၆ သန်းဖြင့် ဒုတိယနေရာတွင်လည်းကောင်း၊ 22 Jump Street အက်ရှင်ဇာတ်ကားက စုစုပေါင်းဝင်ငွေ အမေရိကန် ဒေါ်လာ ၉ ဒသမ ၈ သန်းဖြင့် တတိယနေရာတွင်လည်းကောင်း ရပ်တည်လျက်ရှိနေသည်။

မျိုးစန္ဒာမောင် - စုစည်းသည်

“လေးစားစွာအသိပေး အကြောင်းကြားခြင်း”

Junction Centre များတွင် စဉ်ဆက်မပြတ် ဝယ်ယူအားပေးလျက်ရှိသော ဈေးဝယ်သူများ၊ Junction Centre များနှင့် လက်တွဲဆောင်ရွက်လျက်ရှိသော Business Partner များအတွက် ပိုမိုကောင်းမွန်သော Service & Facilities များ ဆောင်ရွက်ပေးရန် ရည်ရွယ်၍ Junction Centre Mawtin တွင် အကြီးစားပြင်ဆင်မှုလုပ်ငန်းများအား ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ မှ အောက်တိုဘာလအထိ ပြုလုပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အကြီးစားပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း Junction Centre Mawtin အား ခေတ္တယာယီ ပိတ်ထားမည်ဖြစ်ပါကြောင်း ဈေးဝယ်သူများ၊ Junction Centre များနှင့် လက်တွဲဆောင်ရွက်လျက်ရှိသော BusinessPartner များသို့ ခင်မင်လေးစားစွာ အကြောင်းကြားအပ်ပါသည်။

Junction Centre Mawtin ခေတ္တယာယီ ပိတ်ထားချိန်တွင် ဆက်လက်ဖွင့်လှစ်မည့်ဆိုင်ခန်းများ
City Mart Supermarket, mDrive (authorised seller),
Swensen's (ice cream), FITNESS XPRESS (Body Fitness)

For more information
Please contact us : 01 218161, 09 73120648
Email : mawtincentre@gmail.com

ဂါလာတာစာရေးအသင်း၏နည်းပြအဖြစ် ပရင်ဒယ်လီ ခန့်အပ်ခံရ

တူရကီထိပ်သီးကလပ် ဂါလာတာစာရေးအသင်းသည် ၎င်းတို့၏ လစ်လပ်လျက်ရှိသော နည်းပြရာထူးနေရာတွင် အီတလီလူမျိုးနာမည်ကျော်နည်းပြဖြစ်သူ ပရင်ဒယ်လီအားခန့်အပ်လိုက်ပြီ ဖြစ်ကြောင်းသိရသည်။ ဂါလာတာစာရေးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီတွင် အောင်မြင်မှုကြီးကြီးမားမားမရရှိခဲ့ဘဲ ပြည်တွင်းရှုံးထွက်ဖလားတစ်လုံးသာရရှိခဲ့ခြင်းကြောင့် နည်းပြဟောင်းဖြစ်သူ ရော်ဘတ်တိုမန်စီနီအား ရာထူးမှထုတ်ပယ်ခဲ့ပြီး ယခုကဲ့သို့ ပရင်ဒယ်လီအား ခန့်အပ်ခဲ့ခြင်းလည်းဖြစ်သည်။ ပရင်ဒယ်လီသည် ပြီးခဲ့သည့်လက အီတလီလက်ရွေးစင်နည်းပြရာထူးမှ နုတ်ထွက်ထားခဲ့သူဖြစ်ပြီး ဂါလာတာစာရေးအသင်းက ၎င်းအား ငွေကြေးအင်အားများစွာ သုံးစွဲကာခေါ်ယူခဲ့ခြင်းဖြစ်သည်။ ပရင်ဒယ်လီသည် အီတလီကလပ်များဖြစ်သည့် ရိုးမား၊ ပါးမား၊ ဖီအိုရင်တီးနား စသည့်ကလပ်အသင်းများကို နည်းပြခဲ့ဖူးသူဖြစ်ပြီး ဂါလာတာစာရေးအသင်းက ၎င်းအား ၂ နှစ် စာချုပ်ချုပ်ဆိုထားကြောင်းသိရသည်။

[စွမ်းထက်အောင်]

ဘာစီလိုနာတိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်အား ခေါ်ယူရန် ပရီမီယာလိဂ်ထိပ်သီးကလပ် အာဆင်နယ်အသင်း နီးစပ်နေ

အင်္ဂလန်ထိပ်သီးကလပ် အာဆင်နယ်အသင်းသည် ဘာစီလိုနာအသင်း၏ ချီလီတိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်အား ခေါ်ယူနိုင်ရန်အတွက် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။ အာဆင်နယ်အသင်းသည် ဆန်းချက်ဇ်အား ခေါ်ယူရန်အတွက် ပြီးခဲ့သည့် ဇူလိုင်လအစောပိုင်းကတည်းက ကြိုတင်ကမ်းလှမ်းထားခဲ့ခြင်းဖြစ်ပြီး ယခုအချိန်တွင်မူ ၎င်းကိုခေါ်ယူရန်အတွက် အကြိုသဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့ကြသည်။ သို့သော် ပြီးခဲ့သည့်ရက်သတ္တပတ်က ဆန်းချက်ဇ်မှာ လီဗာပူးအသင်းသို့ ရောက်ရှိနိုင်ရန် အခြေအနေရှိနေကြောင်း ဗြိတိန်သတင်းစာ Daily Mail က ဖော်ပြထားခဲ့ပြီး ဘာစီလိုနာအသင်း ခေါ်ယူလိုနေသော ဆွာရက်ဇ်အား ခေါ်ယူရန် ၎င်းအား အလိုက်ပေးသွားမည်ဖြစ်ကြောင်း တစ်ပါတည်း ဖော်ပြခဲ့သော်လည်း လက်ရှိအချိန်တွင်မူ ဆန်းချက်ဇ်မှာ အာဆင်နယ်အသင်းနှင့် စာချုပ်ချုပ်ဆိုရန် သဘောတူညီမှု ရရှိထားခဲ့ပြီ ဖြစ်ကြောင်းသိရသည်။ အာဆင်နယ်အသင်းသည် ဆန်းချက်ဇ်အား ခေါ်ယူနိုင်ရန်အတွက် ထိပ်ဆုံးမှ ရေပန်းစားနေခဲ့သော်လည်း ဥရောပကလပ်အသင်းကြီးများ ဖြစ်သည့် ဂျူဗင်တပ်စ်နှင့် မန်ယူတို့ကလည်း ၎င်းအား စိတ်ဝင်စားလျက်ရှိနေသလို မန်ယူအသင်းကလည်း ဆန်းချက်ဇ်အား ကြားဖြတ်ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း ဗြိတိန်မီဒီယာများကဖော်ပြခဲ့ကြသည်။ သို့သော် ဘာစီလိုနာ အသင်းမှာမူ ဆန်းချက်ဇ်အတွက် ပေါင်သန်း ၃၀ ကျော်ပေးမှသာ ရောင်းထုတ်သွားရန် ဆန္ဒရှိနေပြီး လက်ရှိအချိန်တွင် အာဆင်နယ်အသင်းနှင့် ပေါင် ၃၂ သန်းဖြင့်သဘောတူညီချက်ရရှိထားကြောင်းသိရသည်။ လက်ရှိအချိန်တွင် နောက်ဆုံးရရှိခဲ့သော သတင်းများအရ ဆန်းချက်ဇ်မှာ အာဆင်နယ်သို့ ရောက်ရှိရန် သေချာသလောက်ရှိနေခဲ့ပြီ ဖြစ်ကြောင်း ဗြိတိန်မီဒီယာများက ခန့်မှန်းဖော်ပြခဲ့ကြသည်။ [ကိုရဲ]

အာဂျင်တီးနားကိုနိုင်မည့်အကြောင်းပြချက်များစွာရှိကြောင်း ဟစ်ဒင့်ခ်ပြောကြား ဒီမာရီယာမပါဝင်နိုင်ခဲ့ခြင်းသည် မက်ဆီအပေါ် ဖိအားတိုးလာစေဟုဆို

ဇူလိုင် ၉ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်ပွဲစဉ်တွင် နယ်သာလန်အသင်း ဦးဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ထားကြောင်း ၂၀၁၄ ကမ္ဘာ့ဖလားပြီးပါက လက်ရှိနယ်သာလန်နည်းပြ လူးဝစ်ဗန်ဟားလ်၏ နည်းပြရာထူးတာဝန်ကို ဆက်ခံမည့် ဟစ်ဒင့်ခ်က ပြောကြားခဲ့သည်။

နယ်သာလန်အသင်းသည် ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်တွင် ပြိုင်ဘက် အာဂျင်တီးနားအသင်းအား အနိုင်ရရှိနိုင်မည့် အကြောင်းပြချက်များစွာ ရှိနေသည်ဟု ယုံကြည်ထားကြောင်းလည်း ဟစ်ဒင့်ခ်က ၎င်း၏ ယုံကြည်ချက်ကို ပြောကြားခဲ့သည်။



အာဂျင်တီးနားအသင်းသည် ဘယ်လ်ဂျီယံအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ၂၄ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းလာခဲ့ခြင်းဖြစ်ပြီး အာဂျင်တီးနား တိုက်စစ်မှူး ဒီမာရီယာသည် ဘယ်လ်ဂျီယံအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာပြဿနာ ကြုံခဲ့ခြင်းကြောင့် အာဂျင်တီးနားအသင်း အောင်မြင်မှုသည် အသင်းခေါင်းဆောင် လီယွန်နယ်မက်ဆီ အပေါ်တွင်သာ ဖိအားတစ်ရပ် ဖြစ်စေခဲ့ခြင်းသည် နယ်သာလန်အသင်းအတွက် အားသာချက်တစ်ခုဖြစ်ခဲ့သည်ဟုလည်း ဆိုသည်။

နယ်သာလန်အသင်းသည် ကမ္ဘာ့ဖလားကွာတားဖိုင်နယ် အဆင့်တွင် ကော်စတာရီကာအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ၌ သာမန်ပွဲကစားချိန် မိနစ် ၉၀နှင့် အချိန်ပို မိနစ် ၃၀ တို့ ကစားခဲ့သော်လည်း ဂိုးမရှိသရေကျခဲ့ပြီးနောက် ပင်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရာတွင် လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းသည် နယ်သာလန်အသင်းအတွက် ကမ္ဘာ့ဖလား ဗိုလ်လုပွဲအထိ တက်လှမ်းနိုင်မည့် အခွင့်အရေးတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်ဟုလည်း ဟစ်ဒင့်ခ်က ကောက်ချက်ချခဲ့သည်။

နယ်သာလန်အသင်း၏ အရည်အချင်းကို မြင်အောင်ကြည့်နိုင်ပါက အာဂျင်တီးနားအသင်းနှင့် ကစားရမည့် ဆီမီးဖိုင်နယ်တွင် နယ်သာလန်အသင်း အနိုင်ရမည်ဆိုတာနှင့်ပတ်သက်၍ လက်ခံယုံကြည်သင့်ကြောင်း၊ အာဂျင်တီးနားအသင်းတွင် ကမ္ဘာ့အကောင်းဆုံးကစားသမားတစ်ဦးဖြစ်သည့် လီယွန်နယ်မက်ဆီသည် အကောင်းဆုံးကစားနိုင်သည့် ကစားသမားတစ်ဦးဖြစ်သကဲ့သို့ မိမိတို့ နယ်သာလန်အသင်းတွင်လည်း အာဂျန်ရော်ဘင်ကဲ့သို့သော အားထားရသည့် ကစားသမားရှိကြောင်းနှင့် ဆီမီးဖိုင်နယ်တွင် အာဂျင်တီးနားအသင်းအား အနိုင်ရရှိကာ ကမ္ဘာ့ဖလားဗိုလ်လုပွဲသို့ တက်လှမ်းနိုင်မည်ဟု မျှော်လင့်ထားကြောင်း ဟစ်ဒင့်ခ်က ပြောကြားခဲ့သည်။

[ငွေကြယ်]

ဖီဖာ၏ ပြစ်ဒဏ်ချမှတ်ခံရမှုမှ ဇူနီဂါ လွတ်မြောက်

ဘရာဇီးတိုက်စစ်မှူးနေမာအား ထိခိုက်ဒဏ်ရာရရှိစေရန်ရည်ရွယ်လုပ်ဆောင်ခဲ့သည်ဟုဆိုကာ ကိုလံဘီယာနောက်တန်းကစားသမား ဇူနီဂါအား ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)အနေဖြင့် ပြစ်ဒဏ်တစ်စုံတစ်ရာ ချမှတ်ရန် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သော်လည်း လက်ရှိတွင် ဇူနီဂါသည် ဖီဖာ၏ ပြစ်ဒဏ်ချမှတ်ခံရမှုမှ လွတ်မြောက်သွားခဲ့ပြီဖြစ်သည်။

ကိုလံဘီယာအသင်းက ဘရာဇီးအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ကမ္ဘာ့ဖလားကွာတားဖိုင်နယ် ပွဲစဉ်တွင် ကိုလံဘီယာနောက်တန်းကစားသမား ဇူနီဂါအနေဖြင့် တိုက်စစ်မှူးနေမာ၏ကျောအား ဒူးဖြင့်ထောက်မိခဲ့ခြင်းသည် မတော်တဆဖြစ်ပွားခဲ့ခြင်းဟုဆိုကာ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ စဉ်းစားတော့မည်မဟုတ်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်စည်းမျဉ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီက ကောက်ချက်ချခဲ့ခြင်းကြောင့် ဇူနီဂါမှာ ပြစ်ဒဏ်ချမှတ်ခံရမှုနှင့် လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။

[ငွေကြယ်]



အမှားပြင်ဆင်ချက်

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၆-၇-၂၀၁၄ ရက်နှင့် ၇-၇-၂၀၁၄ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့၌ ထည့်သွင်းကြော်ငြာ၍ အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့သည့် တည်ဆောက်ရေးလုပ်ငန်းများအနက် ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ အရာထမ်းအိမ်ရာ(၂)ခန်းတွဲ၊ (၂)ထပ်(၂)လုံးတည်ဆောက်ခြင်း လုပ်ငန်းအစား အရာထမ်းအိမ်ရာ (၂)ခန်းတွဲ၊ (၄)ထပ်(၁)လုံးတည်ဆောက်ခြင်းလုပ်ငန်းအဖြစ် ပြင်ဆင်ဖတ်ရှုပေးပါရန်။

ဖခင်အမည်မှန်

လှိုင်မြို့နယ်၊ အမက(၁၀)၊ လ/ခွဲ၊ လှိုင်ဆဌမတန်း(အေ)မှ မဆုမြတ်ဝတ်ရည် [၁၂/အစန(နိုင်)၂၃၈၉၁၉]၏ ဖခင်အမည်မှန်မှာ ဦးခင်ထွဋ်ဝင်း[၁၂/အစန(နိုင်)၀၁၀၆၁၅] ဖြစ်ပါကြောင်း။ ဦးခင်ထွဋ်ဝင်း

ကချင်ပြည်နယ်လွှတ်တော်

ကချင်ပြည်နယ်လွှတ်တော်ရုံး အဆောက်အအုံဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်လွှတ်တော်ရုံး အဆောက်အအုံအား မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ အကွက်အမှတ်(၄)၊ ယောရင်ကွင်း၊ ဦးပိုင်အမှတ်(၃၀/၂+၃၅/၂-င+ ၃၅/၂-က)၊ ဧရိယာ(၁၀)ဧကပေါ်တွင် ဆောက်လုပ်မည်ဖြစ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များ၊ ဆောင်ရွက်ရမည့်လုပ်ငန်း၏ (Drawing)များအား ၉-၇-၂၀၁၄ ရက်မှစတင်၍ ရုံးချိန်အတွင်း ကချင်ပြည်နယ်လွှတ်တော်ရုံး၊ အစည်းအဝေး/စီမံဌာနတွင် ရောင်းချပေးမည်ဖြစ်ပြီး တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၇-၈-၂၀၁၄ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထားတင်သွင်းရမည် ဖြစ်ပါသည်။ တင်ဒါဖွင့်မည့်ရက်အား တင်ဒါတင်သွင်းသူများသို့ ဆက်သွယ်အကြောင်းကြားသွားမည် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို တယ်လီဖုန်း- ၀၇၄-၂၂၇၄၅၊ ၂၉၅၄၃များသို့ ၉-၇-၂၀၁၄ ရက်မှ ၇-၈-၂၀၁၄ ရက်အထိ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးလုပ်ငန်းကော်မတီ
ကချင်ပြည်နယ်လွှတ်တော်ရုံး၊ မြစ်ကြီးနားမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၁၃၆/ခ)၊ မြေကွက်တည်နေရာအမှတ်-၁၃၆၊ သိင်္ဂီ(၄)လမ်း၊ ၅ ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးခင်မြင့်) အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးခင်မြင့်(ဖခင်)နှင့် ဒေါ်စန်းမြင့်(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်မြတ်မြတ်စိုး [၁၂/သကတ(နိုင်)၀၀၂၁၈၁]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၁၃၄၅၅/၂၀၁၄)ရသူ ဒေါ်ဝင်းဝင်းခိုင်[၁၂/ဥကတ(နိုင်)၁၃၂၀၀၅]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျွန်းလှမြို့အတွက် ဆီသယ်ယာဉ်တိမ်းမှောက်

ကျွန်းလှ ဇူလိုင် ၇

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှ မြို့နယ် ကျွန်းလှ- ငါးဘတ်အိုင်ကားလမ်း တပ်ကုန်းကျေးရွာအနီးတွင် ဇူလိုင် ၃ ရက် နံနက်ပိုင်းက ကျိုက်ထိုမြို့မှ ဆီသယ်ယာဉ် ၁ဂ/. . . ယူဒီ ကောင်တာဂါလန် ၃၂၀၀ ရှစ်ဘီးယာဉ် တိမ်းမှောက်သွားကြောင်း သိရသည်။

အဆိုပါ ဆီသယ်ယာဉ်ပေါ်တွင် ယာဉ်မောင်း တင်ကိုလတ် (ခ) ကိုလတ် (၄၇)နှစ် မြောက်ဥက္ကလာပ မြို့နယ် ရန်ကုန်မြို့နေသူနှင့် ယာဉ်နောက်လိုက် သက်နိုင်ဦး (၃၁)နှစ် သန်လျင်ကျောက်တန်း၊ ယာဉ်ပေါ် အတူပါလာသူ တင်မင်းထွန်း (၂၃) နှစ် ဒုတိယနှစ် အင်္ဂလိပ်စာ ကျောင်းသား ကျိုက်ထိုမြို့ မွန်ပြည်နယ်တို့ လိုက်ပါလာပြီး ယာဉ်မောင်းမှာ ဝဲဘက်လက်ကောက်ဝတ် ဖူးရောင်ဒဏ်ရာ၊ ယာဉ်ပေါ် အတူပါလာသူမှာ နှာခေါင်းသွေးထွက် ဒဏ်ရာရရှိ၍ ဆေးရုံသို့ ဆေးကုသခံယူစေပြီး ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။**(အောက်ပုံ)**

မျိုးဝင်းညို(ကျွန်းလှ)

ရေစကြိုမြို့နယ်တွင် နွားလန့်ထွက်ပြေးရာမှ လှည်းမောင်းသူပြုတ်ကျသေဆုံး

ရေစကြို ဇူလိုင် ၈

ရေစကြိုမြို့နယ် ငါးမြွားကြီးကျေးရွာတွင် အမျိုးသား တစ်ဦး လှည်းပေါ်မှ ပြုတ်ကျသေဆုံးခဲ့မှု ဇူလိုင် ၅ ရက် နံနက် ၈ နာရီက ဖြစ်ပွားခဲ့ကြောင်း ငါးမြွားကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြည်၏ သတင်းပေးချက်အရ ပခန်းကြီးနယ်မြေရဲစခန်း၏ ဒုရဲအုပ်မြတ်သူနှင့် အဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ ဦးထွန်းကြိုင် ရေစကြိုမြို့နယ် နေသူသည် ထိုကျေးရွာရှိ ယျုံဘုန်းတော်ကြီးကျောင်း ရွှေ့ပြောင်းရာတွင် ကျောင်းပစ္စည်းများအား နွားလှည်းဖြင့် ကျောင်းဆောက်မည့်နေရာသို့ သယ်ဆောင်ခဲ့ပြီး ပစ္စည်းများချနေစဉ် နွားလန့်ထွက်ပြေးခဲ့သဖြင့် ဦးထွန်းကြိုင်မှာ ယာဘက်လှည်းဘီးအောက်သို့ ပြုတ်ကျခဲ့ရာ နှာတံပေါက်ပြဲဒဏ်ရာရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသဖြင့် ရေစကြိုမြို့နယ် ပခန်းကြီးနယ်မြေရဲစခန်းမှ (ပ)၆၅/၂၀၁၄ ပုဒ်မ ၃၀၄-က ဖြင့်အမှုဖွင့်ထားကြောင်း သိရသည်။ **ကျော်ဇေယျ(မကွေး)**

လူသွားလမ်းပိတ်ထား၍ ဓားခုတ်မှုဖြစ်

မကွေး ဇူလိုင် ၈

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ကျွန်းတောကုန်းကျေးရွာတွင် လူသွားလမ်းပိတ်ထားသည့်ကိစ္စနှင့် ပတ်သက်၍ စကားများရန်ဖြစ်ရာမှ ဓားခုတ်မှု ဇူလိုင် ၅ ရက်က ဖြစ်ပွားခဲ့သည်။ဖြစ်စဉ်မှာ ဇူလိုင်၅ ရက် ညနေ ၄ နာရီက ထိုကျေးရွာနေဒေါ်နွဲ့နွဲ့ဝင်းနှင့် သမီးဖြစ်သူ မဖြိုးဖြိုးဆွေတို့နှင့် တစ်ရွာတည်းနေ မိုးဝင်းတို့ လူသွားလမ်းပိတ်ထားသည့်ကိစ္စနှင့် ပက်သက်၍ စကားများရန်ဖြစ်ကြရာမှ မိုးဝင်းက ဓားရှည်ဖြင့်ခုတ်ခဲ့သဖြင့် ဒေါ်နွဲ့နွဲ့ဝင်းတွင် ယာပခုံးပြတ်ရှဒဏ်ရာနှင့် မဖြိုးဖြိုးဆွေတွင် ယာလက်ညိုး၊ လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်းတို့ အရင်းမှ ပြတ်တောက်ဒဏ်ရာ၊ ယာလက်ဖျံပြတ်ရှဒဏ်ရာ(စိုးရိမ်ရ)ရရှိခဲ့သဖြင့် ဒေါ်နွဲ့နွဲ့ဝင်းက မိုးဝင်းအား တရားလိုပြုတိုင်တန်းခဲ့ရာ ကံမမြို့နယ် မြို့မရဲစခန်းက (ပ)၄၂/၂၀၁၄၊ ပုဒ်မ ၃၂၆/၃၂၄ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကျော်ဇေယျ(မကွေး)

စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၈

ရန်ကုန်တိုင်းဒေသကြီး အမှတ်(၄၁) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၄ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်က မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ကျောက်တံတားမြို့နယ် (၃)ရပ်ကွက် (၃၅) လမ်းရှိ "လားရှိုးလေး"စားသောက်ဆိုင်တွင် စောင့်ဆိုင်းနေစဉ် ရောက်ရှိလာသူများဖြစ်သည့် သန်လျင်မြို့ အောင်ချမ်းသာ(၃)ရပ်ကွက်နေ တင်မြင့်အောင်(၄၄)နှစ်နှင့် ရှမ်းပြည်နယ် နမ့်ဆန်မြို့ မင်္ဂလာရပ်ကွက်နေ အောင်သန်း(ခ) အိုက်သန်း(၄၀)နှစ်တို့ နှစ်ဦးအား ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့ ရှာဖွေရာ တင်မြင့်အောင်၏ ပလတ်စတစ်လက်ဆွဲအိတ်အတွင်းမှ WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ ကိုးထုပ်၊ ၁၀၀ ပါ တစ်ထုပ်နှင့် အောင်သန်း(ခ)အိုက်သန်း ကိုင်ဆောင်ထားသောထီးအတွင်းမှ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ ကိုးထုပ်၊ ၁၉၀ ပါ တစ်ထုပ် စုစုပေါင်း ဆေးပြား ၃၈၉၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ၎င်းတို့ နှစ်ဦးအား ကျောက်တံတားမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

ခရီးသည်တင် ယာဉ်ပေါ်မှ မလိုလားအပ်သော အန္တရာယ်

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော မထသ ၂၁၀ ခရီးသည်တင် ယာဉ်တစ်စီးပေါ်တွင် သံပြားများကို ထားရှိခြင်းကြောင့် ခရီးသည်များအနေဖြင့် မလိုလားအပ်သော အန္တရာယ်များဖြစ်နိုင်သည်ကို မြင်တွေ့ရသည်။**(အပေါ်ပုံ)**

ယာဉ်ပိုင်ရှင်များအနေဖြင့် ငွေကြေးရရန် တစ်ခုတည်းသာမကြည့်ဘဲ ခရီးသည်များ အန္တရာယ်ဖြစ်စေမည့် အခြေအနေမျိုးကို ကြည့်ရှုကာ ပြုပြင်သင့်ကြောင်းသိရသည်။ **(၆၈၀)**

ကိုယ့်အားကိုယ်ကိုး ကျေးရွာ လျှပ်စစ်မီး လင်းရေး ဖွင့်ပွဲအခမ်းအနား မကွေးတိုင်း မြို့သစ်မြို့နယ်တွင် ကျင်းပ

မကွေး၊ ဇူလိုင် ၈

မြို့သစ်မြို့နယ်၊ ချောက်ကြားကျေးရွာအုပ်စု၊ ဆားတဲကျေးရွာ၊ နဘဲကုန်းကျေးရွာ၊ ကိုရံ(တောင်) ကျေးရွာများတွင် ဇူလိုင် ၅ ရက် နံနက် ၉ နာရီက ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်း ဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးကိုကိုနိုင်က ဆားတဲကျေးရွာ၊ နဘဲကုန်းကျေးရွာနှင့် ကိုရံ(တောင်) ကျေးရွာတို့တွင် လျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်၊ တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းမြင့်မောင်၊ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်ဆိုင်သော ကုမ္ပဏီလီမိတက် ဒါရိုက်တာဦးအောင်သောင်း၊ ဆားတဲကျေးရွာ၊ နဘဲကျေးရွာနှင့် ကိုရံ(တောင်)ကျေးရွာ လျှပ်စစ်မီးလင်းရေးကော်မတီဝင်များသည် ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးလင်းရေးဆိုင်းဘုတ်မှခ်ဦးအားဖွင့်လှစ်ပေးခဲ့ကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်၊တိုင်းဒေသကြီး ဆောက်လုပ်ရေးအင်ဂျင်နီယာမှူးကြီး ဦးကျော်ကျော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်သူ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးချစ်သိန်း၊ဦးခင်မောင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးရဲထွန်းနှင့် မြို့နယ်အဆင့်ဌာနဆိုင် ရာအကြီးအကဲများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ကျောင်းသား/သူများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ အင်အား ၂၀၀၀ ခန့် တက်ရောက်ခဲ့သည်။

"အခုလိုကျေးရွာမှာ လျှပ်စစ်မီးရရှိတော့မှာဆိုတော့ အရင်နှစ်တွေကလို ဖယောင်းတိုင်နဲ့ ဘက်ထရီအိုးတွေကို အားကိုးအားထား ပြုစရာမလိုတော့သလို တီဗွီအပေါ်စက် အောက်စက်တွေကိုလည်း ကြည့်ရှုနိုင်တော့မှာပါ"ဟု ဒေသခံတစ်ဦးကပြောသည်။

ကျော်ဇေယျ

ကျောက်မကျေးရွာတွင် မူလတန်း(လွန်)ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်

ကျောက်ထု၊ ဇူလိုင် ၈

ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ်(ခွဲ) ကျောက်မကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းအား မူလတန်း(လွန်)ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီက အဆိုပါ စာသင်ကျောင်းရှေ့မျက်နှာစာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မူလတန်း(လွန်)ကျောင်းကို ကျောက်ထုမြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မေတိုး၊ ကျောက်မကျေးရွာ မူလတန်း(လွန်)ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှဝင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျန်မောင်တို့က ဖွင့်လှစ်ပေးသည်။

ယခင် မူလတန်းကျောင်းကို ၁၉၅၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး မူလတန်း(လွန်)ကျောင်းကို ယခုနှစ်တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်သည့်အတွက် ကျောက်မကျေးရွာသာမက အနီးပတ်ဝန်းကျင် ကျေးရွာများဖြစ်သည့် ငါလွှန်း၊ သရက်ချဉ်၊ အကြည်ပန်းပလွှန်း စသည့်ကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရေးအတွက်အဆင်ပြေကြောင်းသိရသည်။ **(၄၆၅)**

ပိုင်ရှင်မရှိစဉ် တဲပေါ်လာအိပ်ရာမှ စကားများ၍ ဓားထိုးမှုဖြစ်ရာမှ ပွဲချင်းပြီးသေဆုံး

ကျောက်ကြီး၊ ဇူလိုင် ၈

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် တုံးတောကျေးရွာတွင် လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

၎င်းသတင်းအရ မုန်းနယ်မြေ ရဲတပ်ဖွဲ့စခန်းမှူးဦးခင်စိုးလွင်၊ တာဝန်မှူးရဲအုပ်ဇော်ဝင်း၊ နယ်ထိန်းတပ်ကြပ်ကြီးဝင်းနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ တုံးတောကျေးရွာမှူး ဦးဌေးသိန်းနှင့် အသိသက်သေများ သွားရောက်စစ်ဆေးခဲ့ပြီး ချက်ခြင်း တရားခံအားဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းများအား သိမ်းဆည်းခြင်း မြေပုံကြမ်းရေးဆွဲခြင်း စသည့်ရဲလုပ်ငန်းများ အပြည့်အစုံဆောင်ရွက်ပြီး အမှုအားစစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ တုံးတောရွာနေ စောလှဝေး(ဘ)ဦးချာထူး (၃၅)နှစ်သည် ၎င်း၏တဲ၌ တစ်ရွာတည်းနေ ကျော်စိုး(ဘ)ဦးဘချစ် (၃၇) နှစ်သည် လူမရှိစဉ်လာရောက်အိပ်ပြီးမိမိတဲမှ ပစ္စည်းများ ပျောက်နေသဖြင့် လာမအိပ်ရန်ပြောဆိုခဲ့၏။

ထိုသို့ပြောခဲ့သော်လည်း ထပ်မံ၍ မိမိတဲပေါ် လာရောက်အိပ်ပြီးပစ္စည်းများအား ခိုးနေသဖြင့် မအိပ်ရန်ပြောရာမှ စကားများပြီး ကျော်စိုးက စတင်ရန်ပြုသဖြင့် လွယ်အိတ်ထဲတွင် ပါလာသည့် အရိုးအသွား(၁၁)လက်မရှိ ဓားမြောင်ဖြင့် သုံးချက်ဆင့်၍ ထိုးခဲ့ရာ ယာဆီးခုံအပေါ် တစ်ချက်၊ ယာပေါင်တစ်ချက်၊ ယာနံကြားတစ်ချက် ထိုးသွင်းဒဏ်ရာများရရှိခဲ့ပြီး နေရာမှာပင်ပွဲချင်းပြီး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ သေဆုံးသူကျော်စိုး၏ဇနီး မန္တဲ့မှ အရေးယူပေးပါရန် တိုင်တန်းသဖြင့် မုန်းနယ်မြေရဲစခန်းက (ပ)၈၇/၂၀၁၃ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ပန်းချီသန်းဝင်း(ကျောက်ကြီးမီဒီယာအဖွဲ့)

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများအား မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင်ဆုချီးမြှင့်

ဂန့်ဂေါ၊ ဇူလိုင် ၈

၂၀၁၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက်က မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ မြစ်သာခန်းမတွင်ကျင်းပခဲ့ရာ မြန်မာ အမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ၂၀၁၄ ခုနှစ် ဂန့်ဂေါမြို့နယ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ကြသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့သူများ ဖြစ်သော ငါးဘာသာဂုဏ်ထူးရှင် မရွှေရည်ရဲမြင့် အပါအဝင် လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ရှစ်ဦး စုစုပေါင်း ၁၁ ဦးတို့ကို ဂန့်ဂေါခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဌဒေါ်နီလာမြင့်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်းသိရသည်။

အဆိုပါ ဆုရရှိကြသူများအနက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ငါးဘာသာဂုဏ်ထူးရှင်မရွှေရည်ရဲမြင့်၏ စုစုပေါင်းရမှတ်မှာ ၄၇၈ မှတ်ဖြစ်ကြောင်း သိရသည်။ **(၄၆၅)**

ကျောက်တံခါးတွင် ဒုတိယအကြိမ်မြောက် အရန်သားဖွားသင်တန်းဆင်း

ကျောက်တံခါး၊ ဇူလိုင် ၈

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဇူလိုင် ၄ ရက် ညနေ ၅ နာရီခွဲက ဒုတိယအကြိမ် အရန်သားဖွားဆရာမ သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပခဲ့ရာ သင်တန်းဆင်းပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျောက်တံခါးမြို့နယ် ကျန်းမာရေးဦးစီးဌာနတွင် မတ် ၂၃ ရက်မှ စ၍ ဒုတိယအကြိမ် အရန်သားဖွားသင်တန်းတက်ရောက်သူ ၃၀ ဦးအား သင်တန်းဆင်း လက်မှတ်များနှင့် ကစ်ပုံးများကို အသီးသီးပေးအပ်ခဲ့သည်။

သင်တန်းဆင်းပွဲသို့ ကျောက်တံခါးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းဦး၊ ကျန်းမာရေးဝန်ကြီးဌာနညွှန်ချုပ်၊ တိုင်းကျန်းမာရေးဦးစီးမှူးနှင့် ကျောက်တံခါးမြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့နှင့် ဆေးရုံကြီးကြပ်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်းသူများ စုစုပေါင်း ၇၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)







ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၁၀၁၁)အား အမည်ပေါက် ဦးလှဝင်း[၁၂/လကန(နိုင်)၀၅၆၇၆၇]ထံမှ ဝယ်ယူထားသူ ဒေါ်ခင်နွဲ့နွဲ့[၁၂/သဃက(နိုင်)၀၈၂၇၄၇]မှ မြေချပါမစ် ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇စီ)၊ မြေကွက်အမှတ်(၁၂၁)၊ မြေကွက်တည်နေရာအမှတ်(၁၈)၊ စမ်းရေတွင်းလမ်း၊ စမ်းချောင်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ဦးဝင်းမြင့်၊ ဒေါ်လမိုင်ကျော့ အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဝင်းမြင့်[၁၂/စခန(နိုင်)၀၀၅၄၉၂]၊ ဒေါ်လမိုင်ကျော့[၁၂/လမန(နိုင်)၁၀၅၀၁၄]တို့က (၁၉၉၆)ခုနှစ်တွင် ကူးယူခဲ့သော အရောင်းအဝယ်စာချုပ်ရန် မြေပုံနှင့်(၂၀၀၉)ခုနှစ် ထုတ်ယူခဲ့သော ဘဏ်ချေးရန် မြေပုံကူးများ ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာနှင့်ကတိသစ္စာပြုလွှာတင်ပြ၍ အပိုင်ပေးမြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/တောင်)၊ မြေကွက်အမှတ်-၉၅၇/က၊ မြေကွက်တည်နေရာအမှတ်(၉၅၇/က)၊ သလ္လာဝတီ(၈)လမ်း၊ ၁၀/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမောင်မြင့်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ခင်အေး[၁၂/သကတ(နိုင်)၀၆၉၁၂၆]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၅၀၅၇/၁၄ (၁၉-၂-၂၀၁၄)ဖြင့်ရသူ ဦးစိန်နိုင်(TME-038220)မှ သေစာရင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖတ်စရာ

ဒီလိုခေါ်ရင် ကျေနပ်ပါသည်

à &ãJt mifef

ကျွန်တော်ပင်စင်စားတစ်ယောက်ဖြစ်သည်။ နိုင်ငံတော်က ပင်စင်လစာများ တိုးမြှင့်ပေးခဲ့သဖြင့် လစဉ် ၂၁ ရက်နေ့ရောက်တိုင်း စောစောရရန် ဘဏ်သို့ စောစောသွားရသည်။ အိမ်က အဖွားကြီးက စောစောနိုးသည်။ မထချင် ထချင်ဖြင့် မိန်းမကြောက်၍ဘဏ်သို့ အလုအယက် အပြေးအလွှားသွားရသည်။ ဒါမှ ပေးစရာရှိသည်များကို ပေးရသည် ချေးရမည်။

ဘဏ်အရောက်တွင် ကိုယ်က စောလှပြီထင့် အခြားပင်စင်စားများက ကိုယ့်ထက်လုံ့လဝီရိယ ကောင်းသည်။ ရောက်နှင့်ကြလေပြီ။ သို့သော် ပင်စင်စား မိတ်ဆွေသူငယ်ချင်းများနှင့် စကားပြောရခြင်းသည် အရသာ တစ်မျိုးရှိလှ၏။ လက်ဖက်ရည်ဆိုင် သစ်ပင်ရိပ် ဆိုက်ကားဂိတ်များတွင် ထိုင်စောင့်ကြပြီး ရှေးဖြစ်နောက်ဟောင်း ပြောကြသည်။

"သူငယ်ချင်း ပင်စင်ယူပြီး မင်း ဘာတွေလုပ်နေသလဲ" တွေ့တဲ့ ပင်စင်စားတိုင်းမေးသည်။ ကျွန်တော် ပင်စင်ယူပြီး အလုပ်မရှိ အိမ်မှာ မိန်းမအခေါ် 'တတမရ' တောက်တိုမယ်ရ အလုပ်လုပ်သည်။ မင်းတစ်ခုလုပ်၊ တို့ကတော့ လုံခြုံရေးဝန်ထမ်း၊ ကြီးကြပ်ရေးဝန်ထမ်း၊ အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်မှု လုပ်ငန်းကုမ္ပဏီညစောင့်ဝန်ထမ်း အသီးသီး 'အသက အသက' လုပ်နေကြတယ်ဟု ပြောကြသည်။

ကျွန်တော် ရှက်မိသည်။ ကိုယ်က ပင်စင်ယူပြီး အလုပ်မရှိ အလုပ်ရှာမည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ ရပ်ကွက်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်တောင်းသည်။ ဘာအတွက်လဲ၊ ဘာလုပ်ဖို့လဲ မေးသည်။ အလုပ်လျှောက်ရန်ဖြစ်သည်ဟု ပြောသည်။ ဒီအရွယ်ကြီးကျမှဆိုသောအကြည့်ဖြင့် အားနာပါးနာ လက်မှတ်ထိုးပေးသည်။ ထောက်ခံပေးသည်။

> ဘယ်ကုမ္ပဏီ ဘယ်အဖွဲ့အစည်းကမှ အလုပ်မခေါ်ချင်နေပါစေ. .

ရဲစခန်းသို့သွားသည်။ ဦးလေးဘာလုပ်ဖို့လဲဟုမေးသည်။ အလုပ်လျှောက်ရန်ဖြစ်သည်ဟု ပြောသည်။ ဘာအလုပ်လျှောက်မှာလဲ ပြောရခက်နေသည်။ ဘာအလုပ်လျှောက်ရမှန်းမသိ သူ့သဘောဖြင့်သူ ရေး၍ လက်မှတ်ထိုးပေးလိုက်ပါသည်။ 'လုံခြုံရေးလောက်တော့ ရမှာပေါ့တဲ့။'

ထိုမှတစ်ဆင့် လေဘာရုံးသို့ အပြေးအလွှားသွား၍ လေဘာလက်မှတ်လုပ်သည်။ ဦးကြီး ဘာအလုပ်လုပ်မှာလဲမေးသည်။ ကျွန်တော်နှုတ်ကဖြေရန် ဆွံ့အနေသည်။ သူ့သဘောဖြင့် သူဖြေ၍ ရေးပေးပါသည်။ 'လုံခြုံရေးဝန်ထမ်း' အကျင့်စာရိတ္တကောင်းမွန်ကြောင်းရပြီ၊ ပြစ်မှုကင်းရှင်းကြောင်းရပြီ၊ လေဘာလက်မှတ်ရပြီ CV Form ရေး၍ အလုပ်ရရှိရေးအတွက် သက်ဆိုင်ရာကုမ္ပဏီရုံး၊ အိမ်ရာစီမံကိန်းဝင်း လုံခြုံရေးဝန်ထမ်း အသီးသီးသို့ အလုပ်လျှောက်လွှာတင်သည်။ ကျွန်တော်၏ အသက်အရွယ် အနေအထားကို ကြည့်၍ အားနာပါးနာစွာဖြင့် "လိုအပ်လျှင်ခေါ်ပါမည်ဟု" ပြောပါသည်။ 'အခေါ်'စောင့်ပါ။ ကျွန်တော်ကလည်း 'အခေါ်'စောင့်ပါမည်ဟု ပြောခဲ့သည်။ သို့သော် 'မခေါ်ပါ'

ကျွန်တော် 'အခေါ်'စောင့်ရင်း အသက်အရွယ်သည်လည်း တဖြည်းဖြည်းနေဝင်ချိန်သို့ ရောက်ရှိလာပါသည်။ 'နေဝင်ချိန်မှ စပါးလှန်း'သည်နှင့် တူပါသည်။ သို့သော် 'နေညိုချိန် တိမ်တောက်တဲ့အချိန်'စောင့်မိသည်။ ပင်စင်စားသူငယ်ချင်းများနှင့် နောက်တစ်ကြိမ်တွေ့လျှင် ငါ အလုပ် လုပ်နေပြီဟု ကြွားချင်သည်။ 'ဘဝကို ပြဋ္ဌာန်းသောအရာမှာ အလုပ်' ဖြစ်ကြောင်း သက်သေပြချင်သည်။ 'အလုပ်ဟူသမျှ ဂုဏ်ရှိစွ' ဆိုသော စကားရှိသည်။ သို့သော် ဘယ်ကုမ္ပဏီ၊ ဘယ်အဖွဲ့အစည်း၊ ဘယ်အသင်းကမှ မခေါ် အသိအမှတ်ပြုခြင်း မခံရ။

တစ်နေ့ (၃-၇-၂၀၁၄)နေ့ ကြေးမုံသတင်းစာကိုဖတ်ရင်း အောင်ကျော်ညို(ဆင်ချဆိပ်) ရေးသားသည့်'အဖေတစ်ယောက်၊ သားသုံးယောက်' ဆောင်းပါးကိုဖတ်ရင်း ကြည်နူးနေမိပါသည်။ ဆက်လက်၍သတင်းစာ၏ စာမျက်နှာ-၅ ကော်လံ-၄ တွင် 'မိဘပင်စင်စားများသို့ ပန်ကြားချက်' ဆိုသည့် မြန်မာ့စီးပွားရေးဘဏ်က ကြေညာချက်ကို ဆက်ဖတ်လိုက်မိသည်တွင် ယခင်အခါများက မကြားဖူးမမြင်ဖူးသော အခေါ်အဝေါ်ကို နွေးထွေးလိုက်လျောစွာ ဖတ်လိုက်ရပါသည်။ ပင်စင်များကို ၂၁ ရက်နေ့တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန် မလိုအပ်ဘဲ မိမိအဆင်ပြေသည့် ဘဏ်ဖွင့်ရက်များတွင်လည်း အလွယ်တကူ အဆင်ပြေစွာ ထုတ်ယူနိုင်ပါကြောင်း ပင်စင်စားများကို မိဘသဖွယ်ရိုသေလေးစားစွာ ခေါ်၍'အသိပေးကြေညာချက်ကို ဖတ်လိုက်ရ၍ ဘယ်ကုမ္ပဏီ၊ ဘယ်အဖွဲ့အစည်း၊ ဘယ်အသင်းအဖွဲ့ကမှ အလုပ်မခေါ်ချင်နေပါစေ မိဘပင်စင်စားများ'ဟုအခေါ်ခံလိုက်ရသည်ကိုပင် 'သကာပေါ်အချိုလောင်း' သလိုခံစားရသည်။

ဘီးလင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနသည် ကျေးရွာအထောက်အကူပြုကော်မတီများနှင့်ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီက တောင်စွန်းတိုက်နယ်ဆေးရုံခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူဇာဝင်းက သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ တောင်စွန်းတိုက်နယ်ဆရာဝန် ဒေါက်တာအောင်သိုက်ထွန်းက မိမိနယ်မြေအတွင်း ရောဂါဖြစ်ပွားမှုအခြေအနေများနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားပြီး ပြည်သူများမှ သိရှိလိုသော မေးမြန်းချက်များကို ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- မြို့နယ်ပြန်/ဆက်

ရွှေဥဒေါင်းစာကြည့်တိုက်သို့ SkyNet ပေးအပ်

ဝက်လက်၊ ဇူလိုင် ၈

စာရေးဆရာကြီး ရွှေဥဒေါင်း၏ ဇာတိမွေးရပ်မြေဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ် မန်ကျည်းတုံကျေးရွာ ရွှေဥဒေါင်းစာကြည့်တိုက်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဆင်းရဲမှုလျှော့ချရေး အစီအစဉ်မှ ၂၀၁၃-၁၄ ဘဏ္ဍာနှစ် ဖြည့်စွက်ထောက်ပံ့ပေးသော Sky Net တစ်စုံကို ဇူလိုင် ၅ ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းစာကြည့်တိုက်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သော Sky Net တစ်စုံကိုရွှေဘိုခရိုင် ပြန်/ဆက်ဦးစီးအရာရှိ ဦးဌေးဝင်းနှင့် ဝက်လက်မြို့နယ်ဦးစီးမှူး ဒေါ်နန်းမြင့်တို့က ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး နှင့် စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌတို့က လက်ခံရယူသည်။ **နန်းမြင့်**

Mobile စနစ်ဖြင့် ကျေးလက်နေပြည်သူများအား အခမဲ့ဆေးကုသမှု ဆောင်ရွက်

ပခုက္ကူ၊ ဇူလိုင် ၈

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် ကျေးလက်နေပြည်သူများအား Mobile စနစ်ဖြင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အခမဲ့ကွင်းဆင်းကုသခြင်း လုပ်ငန်းများ ဆောင်ရွက်နေကြောင်းသိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဇူလိုင် ၅ ရက် နံနက်ပိုင်းက ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း ဦးဆောင်မှုဖြင့် ဆိပ်ဖြူမြို့နယ် ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာမြင့်မြင့်သန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဌေးဌေးဝင်းနှင့် အသင်းဝင်များ အမျိုးသမီးရေးရာ အဖွဲ့ဝင်များသည် ဆိပ်ဖြူမြို့နယ်၊ အင်ကန်းကျေးရွာသို့ ရောက်ရှိကြကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် Mobile စနစ်ဖြင့် ကျန်းမာရေး ကွင်းဆင်းဆောင်ရွက်ရာတွင် အင်ကန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးလေးမျိုးနှင့် ကျေးရွာအထောက်အကူပြု ကော်မတီဝင်များမှ ကူညီဆောင်ရွက်ခဲ့ပြီး အင်ကန်းကျေးလက်ကျန်းမာရေးဌာန လက်အောက်ရှိ ကျေးရွာ ၁၈ ရွာမှ ကျေးရွာသူကျေးရွာသား ၂၈၄ ဦးအား အခမဲ့ဆေးကုသပေးခဲ့သည်။

မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဌေးဌေးဝင်းနှင့် အသင်းဝင်များက ကျေးရွာရှိ သက်ကြီးအဘိုးအဘွားနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖြစ်စေမည့် အစားအစာဆေးဝါးများအတွက် အလှူငွေစုစုပေါင်း ငွေကျပ် ၂၀၀၀၀၀ အား ပေးအပ်ခဲ့သည်။ **ကျော်ဇေယျ**

ကောက်စိုက်နေစဉ် မိုးကြိုးထိမှန်၍ တစ်ဦးသေဆုံး တစ်ဦးစက်ကွင်းမိ

မော်လူး၊ ဇူလိုင် ၈

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူးဒေသ၊ သူရောင်းအုပ်စု၊ ခိုးကောင်းကျေးရွာ ကွင်းအမှတ် ၅၅၅၊ ဦးပိုင်အမှတ် ၇၂ လယ်ကွင်းထဲတွင် ဇူလိုင် ၆ ရက် မွန်းလွဲ ၁ နာရီခွဲခန့်ကကောက်စိုက်နေစဉ် မိုးကြိုးပစ်ရာ တစ်ဦးသေဆုံးပြီး တစ်ဦးစက်ကွင်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၆ ရက်က ခိုးကောင်းကျေးရွာနေ မနုနုစိုး အသက် ၂၄ နှစ် နှင့်အတူ ကောက်စိုက်သမ ရှစ်ဦးအဖွဲ့တို့သည် ကွင်းအမှတ် ၅၅၅၊ ဦးပိုင်အမှတ် ၇၂ လယ်ကွင်းထဲတွင် ကောက်စိုက်နေစဉ် မိုးရွာသွန်းလာရာမှ မိုးကြိုးပစ်ပြီး မနုနုစိုးမှာ နှုတ်ခမ်းညိုမည်း၊ ဝမ်းဗိုက်သုံးချက် အပ်ချုပ်ကြောင်းအရာထင်ပြီး နေရာတွင်ပင် သေဆုံးခဲ့သည်။

ဂုဏ်နှင့် ၁၂ ပေ ကျော်ခန့်အကွာရှိ မဝိုင်းမှာ သတိလစ်ကာ လက်ဝဲဘက် လက်တစ်ဖက်သာ လှုပ်ရှားပြီး၊ လျှာနှစ်ချက် ပေါက်ဒဏ်ရာရရှိခဲ့၍ မော်လူးတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကာ ဆေးကုသမှု ခံယူနေရကြောင်း သိရသည်။

မိုးရာသီ လယ်ယာစိုက်ပျိုးချိန်တွင် မိုးရွာ မိုးခြိမ်းလျှင် ကောက်စိုက်၊ လယ်ထွန်နေကြသူများ သတိထားရှိရန် လိုအပ်ကြောင်း တောင်သူတစ်ဦးက ပြောသည်။

ခင်မောင်ဆွေ(မော်လူး)

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း

အဆင့်မြင့်ပန်းအလှပြုပြင်မှုသင်တန်း(၂၀၁၄)ဖွင့်မည်

နေ့ရက် - ၂၁-၇-၂၀၁၄ ရက်မှ ၁-၈-၂၀၁၄ ရက်အထိ
နေရာ - ပြည်သူ့ဥယျာဉ်အတွင်းရှိ သင်တန်းခန်းမ
အချိန် - မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ
သင်တန်းကြေး - ၃၅၀၀၀ိ/- (သင်တန်းအထောက်အကူပစ္စည်းဖိုးမပါ)
(၂၀-၇-၂၀၁၄ ရက် နောက်ဆုံးထား၍ သင်တန်းကြေးပေးသွင်းရန်)
ဖုန်း-၀၁-၃၇၉၃၆၁၊ ၀၉-၂၅၄၃၁၉၅၃၅



မြေကွက်ရောင်းမည်

ပြင်ဦးလွင် ကျွဲနွားထောက်ရွာ၊ စကားဝါလမ်းသွယ်၊ (၁၃)ရှိ မြေကွက် ပေ(၆၀×၇၀)များ ရောင်းရန်ရှိသည်။ ရေ၊ မီး လွယ်ကူသည်။

ဖုန်း-၀၉ ၇၃၀၀၂၃၉၈၊ ၀၉ ၄၃၀၅၅၀၅၈

၂၂-၆-၂၀၁၄ ရက်စွဲပါ ဦးစံလင်း[၁၂/ပတန(နိုင်)၀၀၃၆၀၉]နှင့် ဦးမြမောင် [၁၃/မနန(နိုင်)၀၀၂၃၇၁]တို့၏ မြန်မာ့အလင်းသတင်းစာပါ ကြေညာချက်အား ပြန်လည်အသိပေးအကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ခရမ်းမြို့၊ အေးချမ်းသာယာကွက်သစ်၊ (၃)ရပ်ကွက်၊ ခရမ်း-ရန်ကုန် ကားလမ်း၊ မဟာဗန္ဓုလလမ်းသွယ်၊ အမှတ်(B-36)၊ အလျားပေ(၆၀)၊ အနံပေ(၆၀)ရှိ မြေကွက်အား ၄-၄-၂၀၀၀ ပြည့်နေ့တွင် ကာလတန်ဖိုးငွေ ၁၃၀၀၀၀ိ/-(တစ်သိန်းသုံးသောင်းတိတိ)ဖြင့် ကျွန်မ ဦးကျင်ဝင်း၏သမီး မသန္တာဝင်းနှင့် ခင်ပွန်းဦးထွန်းမင်းနိုင်တို့မှ ခရမ်းမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ ဆရာတော်ဦးကုမာရ၊ ဦးစီးပဓာနနာယက၊ ဓမ္မသီရိအောင်မေတ္တာပရိယတ္တိစာသင်တိုက်ထံမှ ၄-၄-၂၀၀၀ ရက်တွင် ကာလတန်ဖိုးငွေဖြင့် ပေးချေဝယ်ယူပြီး ယင်းနေ့ကတည်းကပင် အရပ်စာချုပ်ဖြင့် ချုပ်ဆိုဝယ်ယူကာ ယင်းခြံမြေနှင့်သက်ဆိုင်သော သက်ဆိုင်ရာ စာရွက်စာတမ်း၊ ငွေသွင်းချလန်မူရင်းတို့ဖြင့် လက်ဝယ်ကိုင်ဆောင်ပြီး ယင်းခြံမြေကို နေထိုင်လာခဲ့သည်မှာ ၁၄ နှစ်ကျော်ရှိပြီဖြစ်သောကြောင့် အမှန်တကယ် ကျွန်ုပ်သာလျှင် ဝယ်ယူနေထိုင်ပိုင်ဆိုင်ခဲ့သူဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

ကျွန်ုပ်ဝယ်ယူခဲ့သည့်ခြံမြေနှင့်သက်ဆိုင်သော စာရွက်စာတမ်းများမှာ ယနေ့အချိန်ထိ ကျွန်ုပ်လက်ဝယ်တွင် ရှိသောကြောင့်လည်းကောင်း၊ မည်သူ၏လက်ဝယ်သို့ လွှဲပြောင်းခြင်းမရှိပါသောကြောင့် လူကြီးမင်းတို့လက်ဝယ်ရှိ စာရွက်စာတမ်းများမှာ အတုအပများသာဖြစ်နိုင်ကြောင်း အကြောင်းကြားသိစေအပ်ပါသည်။ ဒေါ်သန္တာဝင်း(ဘ)ဦးကျင်ဝင်း
[၁၂/သခန(နိုင်)၁၀၅၇၃၁]
အမှတ်(၃၆-B)၊ မဟာဗန္ဓုလလမ်းသွယ်၊ ခရမ်း-ရန်ကုန်ကားလမ်းမကြီး၊
အမှတ်(၃)ရပ်ကွက်၊ အေးချမ်းသာယာကွက်သစ်၊ ခရမ်းမြို့



မိုနဲ့ဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံ ကြိုက်ရာယူ(ချည်ထိုးနှင့်ဆေးရိုက်ဝန်ဆောင်မှုပေးပါသည်)
- ချည်သား T.Shirt M - 1000 ကျပ် (မှစ၍)
  Shirt အကျီ - 2900 ကျပ်
  Sport Shirt - 2950 ကျပ်
  Style Pants - 2950 ကျပ်
  ဦးထုပ် - 950 ကျပ် (မှစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- အမှတ်-၇၉၊ မြေညီထပ်၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်
- **Ph:01-292129, 09-250388594, 09-428016552,**
- **E-mail:kyonedoe@gmail.com**

ကျောက်အိုင်ကျေးရွာ အလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ် ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်း

ကျွန်းလှ၊ ဇူလိုင် ၈

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ကျောက်အိုင်ကျေးရွာ၊ အခြေခံပညာ အလယ်တန်းကျောင်း အဆင့် တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် 'ကံ့ကော်' ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်း ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၅ ရက် နံနက် ၈ နာရီက အဆိုပါကျောင်းရှေ့မုခ်ဦးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခြေခံပညာအလယ်တန်းကျောင်း မုခ်ဦးအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးကျော်နိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်း၊ မြို့နယ်ပညာရေးမှူး ဦးဝင်းရွှေတို့ ဖွင့်လှစ်ပေးပြီး အလယ်တန်းကျောင်းသူကလေးများက ကျောင်းဆိုင်းဘုတ်အား ကြိုးဆွဲ၍ ဖွင့်လှစ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက 'ကံ့ကော်' ကျောင်းဆောင်သစ် ဆိုင်းဘုတ်အား စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက အမှာစကားပြောကြားပြီး 'ကံ့ကော်' ကျောင်းဆောင်သစ်နှင့် ပတ်သက်ပြီး စာရွက်စာတမ်းများကို ကျေးရွာဆောက်လုပ်ရေးကော်မတီ ဦးမောင်လှက ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူ၍ အထိမ်းအမှတ်အလံများကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးငွေးလှ၊ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မြတို့က ပေးအပ်ရာ ဝန်ကြီးနှင့် တာဝန်ရှိသူတို့က လက်ခံရယူခဲ့သည်။

ထို့နောက် ဝန်ကြီးက ကျောင်းအတွက် တီဗွီတစ်လုံး၊ ပန်းပွားနှင့် ကဗျာလွတ်အဖွဲ့တို့အတွက် ဂုဏ်ပြုဆုငွေ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ကျောင်းသုံးဗလာစာအုပ်တို့ကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူ၍ ကျေးရွာ ရွာမိရွာဖ ဦးခင်မောင်မြင့်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ကျောက်အိုင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရှေ့မုခ်ဦးတွင် စုပေါင်း၍အမှတ်တရဓာတ်ပုံရိုက်ကြစဉ်။

အဆိုပါ ကျောင်းဆောင်သစ်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ် ၄၃၂ သိန်းဖြင့် ဆောက်လုပ်၍ အလျား ၁၄၀× အနံ ၃၀× အမြင့် ၁၂ ပေ ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

awmifbynmay; oifwe;zGefbs

သံတွဲ၊ ဇူလိုင် ၈

သံတွဲမြို့တွင် ခေတ်မီစိုက်ပျိုးနည်းပညာသင်တန်းနှင့် အထူးအထွက်တိုးပုလဲသွယ် စပ်မျိုးစပါး ပေးအပ်ပွဲ အခမ်းအနားကို ၂၀၁၄ ခုနှစ်၊ ဇူလိုင် ၆ ရက် နံနက် ၈ နာရီက ခြံပြင်ကျေးရွာအုပ်စုတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် သံတွဲခရိုင်၊ စိုက်ပျိုးရေးဦးစီးဌာနမှူး ခရိုင်ဦးစီးမှူး ဦးသန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူး ဦးတင်ဝင်းမောင်က သီပွံနည်းကျ (GAP) စိုက်ပျိုးနည်းကို အသေးစိတ် ရှင်းလင်းပြောကြားပြီး ခြံပြင်ကျေးရွာအုပ်စုမှ တောင်သူ ၁၁၀ ဦးအား ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့များ ပေးအပ်ခဲ့သည်။ ယင်းနောက် ခရိုင်တာဝန်ခံများနှင့် မြို့နယ်ရုံးဝန်ထမ်းများမှ ဌာနစိတ်အလိုက် အသီးသီး သင်ကြားပို့ချခဲ့ကြသည်။

အခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်ရေးအဖွဲ့များ၊ခရိုင်/မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**

သတင်းတို

မူးယစ်ဆေးဝါးအလွဲသုံးမှုတိုက်ဖျက်ရေးနေ့ ဆောတွင်ကျင်းပ

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက်နံနက်က ဂန့်ဂေါခရိုင် ဆောမြို့ ယောမင်းကြီးဦးဘိုးလှိုင်ခန်းမတွင် ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်းက ဖတ်ကြားသည်။ ထို့နောက် အဆိုပါနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းဆင့်နှင့် အလယ်တန်းဆင့် စာစီစာကုံးပြိုင်ပွဲဆုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကျော်တို့က ဆုများချီးမြှင့်ခဲ့ကြကြောင်းသိရသည်။**(၄၆၅)**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟဲကျေးရွာတွင် GSM ဖုန်းတာဝါတိုင် စိုက်ထူမှုပြီးစီး

မော်ဟန်၊ ဇူလိုင် ၆

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မော်ဟဲကျေးရွာတွင် ဇူလိုင် ၄ ရက်က GSM ဖုန်း တာဝါတိုင် စိုက်ထူနေကြောင်း သိရသည်။

၎င်း GSM ဖုန်းတာဝါတိုင်ကို ၂၀၁၄ ခုနှစ်၊ မေ ၂၂ ရက်က အကျယ် ၁၁ ပေ၊ အနက် ၁၁ ပေရှိ မြေကျင်းတူးဖော်ခြင်း ကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ မေလ ၁၈ ရက်တွင် တာဝါတိုင်ကို မော်ဟဲကျေးရွာ မန္တလေး-မြစ်ကြီးနား မီးရထားလမ်း အနောက်ဘက် အားကစားကွင်းအနီးတွင် စိုက်ထူခြင်းဆောင်ရွက်ခဲ့ရာ ဇူလိုင် ၄ ရက်က ပြီးစီးခဲ့ကြောင်း သိရသည်။ ကျန်ရှိနေသေးသော စက်များ တပ်ဆင်ခြင်းလုပ်ငန်းကို ဩဂုတ်လတွင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

GSM ဖုန်းတာဝါတိုင် ပြီးစီးသွားပါက မော်ဟဲကျေးရွာ၊ ပင်လုံကျေးရွာ၊ မြိုင်သာယာကျေးရွာ၊ သာယာကုန်းကျေးရွာ၊ နန့်စီးအောင်ကျေးရွာ စသည့် ရွာများတွင် GSM ဖုန်းများ သုံးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **ခင်မောင်ဆွေ(မော်လူး)**

စီးပွားရေး ပူးပေါင်းလုပ်ကိုင်ရန် ထိုင်း–မြန်မာ စက်မှုလက်မှုလုပ်ငန်းရှင်များတွေ့ဆုံမည်

ရန်ကုန်၊ ဇူလိုင် ၈

အိမ်နီးချင်းထိုင်းနိုင်ငံမှမြန်မာပြည်နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်လိုသော ကုမ္ပဏီ ၂၀ ခန့်ပါဝင်သည့် ထိုင်းစီးပွားရေးအဖွဲ့သည် ရန်ကုန်နှင့် မန္တလေးမြို့များတွင် မြန်မာလုပ်ငန်းရှင်ကြီးများနှင့် တိုက်ရိုက်တွေ့ဆုံ ဆွေးနွေးနိုင်ရန် ဇူလိုင်လလယ်ခန့်တွင် လာရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ၏ စီးပွားကူးသန်းဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံခြားကုန်သွယ်မှု မြှင့်တင်ရေးဌာနခွဲ၏ ပံ့ပိုးမှုဖြင့် ထိုင်း - မြန်မာ စက်မှုလက်မှုလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ဆန်းမစ်ပါခ်ဖြူးဟိုတယ်၌ ဇူလိုင် ၁၈ ရက်၊ သောကြာနေ့ နံနက် ၁၀ နာရီခွဲမှ ညနေ ၅ နာရီခွဲတွင် တစ်ကြိမ်၊ မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ဇူလိုင် ၂၁ ရက်၊ တနင်္လာနေ့ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီတွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်ကျင်းပသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါ ထိုင်းကုမ္ပဏီများ၏ အသေးစိတ်အချက် အလက်များရယူရန်နှင့် ချိတ်ဆက် ဆွေးနွေးမှုအတွက် စာရင်းပေးသွင်းနိုင်ရန် TTF ရန်ကုန်ကုမ္ပဏီဖုန်းနံပါတ် ၀၁-၃၉၂၅၇၉ နှင့် ၃၉၂၅၈၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၆၈၈/က)၊ မြေကွက်တည်နေရာအမှတ်(၆၈၈/က)၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ နော်ဘေဘီစော၊ ဦးမြင့်ဝေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြင့်ဝေ ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်နော်ဘေဘီစော[၁၂/ဥကတ(နိုင်)၀၁၀၇၆၂]က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၃)ရပ်ကွက်၊ ခိုင်ရွှေဝါ(၂)လမ်း၊ အမှတ်-ခ/၁၂၃၃ နေ ဦးမျိုးမြင့်၏သား မောင်ညီညီပိုင်မှူး[၁၂/သကတ(နိုင်)၁၈၄၂၈၄]သည် မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးမျိုးမြင့်[၁၂/သကတ(နိုင်)၀၆၅၇၃၇]

ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်းကြေညာခြင်း

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ဆောင်းဟေမာန်အိမ်ရာ၊ (၃၀)ရပ်ကွက်၊ တိုက်(၇)၊ အခန်း(၂၄)နေ (အဖ)ဦးကျော်စိန်ဝင်း (အမိ)ဒေါ်ကေသွယ်တို့၏သမီး၊ မိုးကုတ်မြို့၊ အမှတ်(ဃ)၊ ၁၀၈၊ ဘောလုံးကွင်းရှေ့၊ အောင်နန်းရပ်နေ ကျွန်တော်၏ဇနီး ဒေါ်ခိုင်ရည်မွန်[၁၂/ဗဟန(နိုင်)၀၀၄၁၆၇]သည် ကျွန်တော်၏ခွင့်ပြုခြင်းမရှိဘဲ ကျွန်တော်မရှိခိုက် ၁၀-၁၁-၂၀၁၃ရက်တွင် ၎င်း၏မိဘမောင်နှမများခေါ်ဆောင်ရာသို့ ထွက်ခွာသွားသည်မှာ ယနေ့ထိ ဖြစ်ပါသည်။ ၎င်းသည် ယခင်ကလည်း ကျွန်တော်ခွင့်ပြုချက်မရှိဘဲ နေအိမ်မှ အကြိမ်ကြိမ်ထွက်ခွာသွားပြီး ကျွန်တော် စိတ်ဆင်းရဲအောင်နှင့် ဂုဏ်သိက္ခာညှိုးနွမ်းအောင် ရိုင်းစိုင်းစွာ ပြုမူဆက်ဆံခဲ့ပါသည်။ သို့ပါ၍ ယနေ့မှစ၍ ကျွန်တော်၏ ဇနီးမယားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းနှင့် စုံစမ်းမေးမြန်းခြင်းသည်းခံရန် ကြေညာအပ်ပါသည်။

ဦးအေးဝဏ္ဏဝင်း[၂/လကန(နိုင်)၀၄၉၅၈၅]

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်း-၂၀)
တောင်ကြီးမြို့နယ်တရားရုံး
၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၃

ဦးရန်အောင်	ဒေါ်ယဉ်ယဉ်ဝင်း
အမှတ်(၂၄၆/၆)၊ ၃၉လမ်း၊ ကျောက်တံတား	အမှတ်(၃၇/၄)၊ ယောမင်းကြီးလမ်း၊
မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
(ယင်း၏အခွင့်ရကိုယ်စားလှယ်ဦးသန်းဝင်း)	(ယခင်လိပ်စာဖြစ်သည်။ ယခုလိပ်စာစုံစမ်းမရပါ။)
တရားလို	တရားပြိုင်

အထက်ပါအမှုမှ တရားပြိုင် ဒေါ်ယဉ်ယဉ်ဝင်း(အမှတ်-၃၇/၄၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး)နေ (ယခုနေထိုင်သည့်အိမ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ် တရားလို ဦးရန်အောင်က "အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ ဇူလိုင်လ ၁၈ရက်၊ နံနက် ၁၀နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ ဇူလိုင်လ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝွန်ဂျာအောင်
တွဲဖက်မြို့နယ်တရားသူကြီး(၁)
တောင်ကြီးမြို့နယ်တရားရုံး

ရှားတောစံပြမူလတန်းလွန်ကျောင်းတွင် ဂုဏ်ထူးရ ကျောင်းသားများအား ဂုဏ်ပြုဆုများချီးမြှင့်

မြင်းခြံ၊ ဇူလိုင် ၈

မန္တလေးတိုင်းဒေသကြီး ၊ မြင်းခြံမြို့နယ်၊ ရှားတောစံပြကျေးရွာရှိ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ကျောင်းဝတ်စုံ၊ စာရေးကိရိယာ ထောက်ပံ့ခြင်း၊ နွားနို့ တိုက်ကျွေးခြင်းနှင့် ၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရကျောင်းသားများ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အလှူရှင် အမှတ်(၁၅)ရပ်ကွက် ကျော်မေတ္တာသစ်စက်ပိုင်ရှင် ဒေါ်ပြုံးက ကျောင်းဝတ်စုံ၊ စာရေးကိရိယာ၊ ဂုဏ်ထူးရကျောင်းသားများကို ဆုများချီးမြှင့်ခြင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လက်ထောက်ပညာရေးမှူး ၊ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူးတို့ကလည်း ဆုများအသီးသီး ချီးမြှင့်ပေးခဲ့သည်။

အဆိုပါ အခမ်းအနားတွင် အလှူရှင် ဒေါ်ပြုံးမှ ကျောင်းသား၊ ကျောင်းသူ ၃၂၈ ဦးအတွက် ကျောင်းဝတ်စုံများအပြင် ဆရာ၊ ဆရာမ ၁၈ ဦးအတွက်လည်း ဝတ်စုံများပေးအပ်ခဲ့ပြီး ၎င်းအပြင် ရှားတောစံပြကျေးရွာရှိ ပုဗ္ဗာရုံဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား၊ကျောင်းသူ ၆၀၀ ကိုလည်း နွားနို့များတိုက်ကျွေးခြင်း၊ စာရေးကရိယာများ ထောက်ပံ့ပေးအပ် လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည် ။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်ဦး၊ လက်ထောက်ပညာရေးမှူး ဦးကျော်စိန်ဝင်း ၊ အခြားဌာနဆိုင်ရာ အရာရှိများနှင့် ဝန်ထမ်းများ ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အလှူရှင် ဒေါ်ပြုံးမိသားစုတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

v|yfpfmwtm;o,jcJGk tqif ajyapa&;uG,fqifaqmifcGif

ရန်ကုန်၊ ဇူလိုင် ၈

မြို့နယ်၊ ရပ်ကွက်နေ လုပ်သားပြည်သူများ စဉ်ဆက်မပြတ် လျှပ်စစ်မီး သုံးစွဲနိုင်ရေး၊ ဗို့အား ပြည့်မီစွာ သုံးစွဲနိုင်ရေး၊ ယူနစ်ပျောက်ဆုံးမှု မရှိစေရေး၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးတို့ကို အဓိကထား ဆောင်ရွက်ချက် တစ်ရပ်အနေဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဆောင်ရွက်နေကြောင်းသိရသည်။

ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဇွန် ၂၈ ရက်နှင့် ၂၉ ရက်များတွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၃ နာရီမှ ညနေ ၅ နာရီအထိ တစ်ကြိမ် တစ်နေ့လျှင် နှစ်ကြိမ် ဆောင်ရွက်ခဲ့သည်။

မြို့နယ်အတွင်းရှိ ၃၃ ကေဗွီ၊ လှိုင်သာယာ(၁-၂)ဖီဒါ ကေဗွီ မြို့တွင်း တိုးချဲ့၊ ရွှေဘုံသာဖီဒါ၊ ဖီဒါ ၃၃ ကေဗွီ၊ လှိုင်သာယာ ရွှေလင်ပန်းဖီဒါ၊ ၁၁ ကေဗွီ ထန်တပင်ဖီဒါများအား စီမံချက်ဖြင့် လျှပ်စစ်ဓာတ်အားခွဲရုံ (၁)(၂)သို့ သွယ်ယူထားသော လျှပ်စစ် ဓာတ်အားလိုင်းကြိုးများ ကြံ့ခိုင်ရေးအတွက် မလွတ်ကင်းသည့် သစ်ပင်ချုံနွယ်များကို ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

၎င်းအပြင် ယာယီဓာတ်အားပြတ်တောက်မှုဖြစ်နိုင်သည့် ရပ်ကွက်၊ စက်မှုဇုန် အသီးသီးတို့တွင်အသံချဲ့စက်များအသုံးပြုလျက် လှည့်လည်အသိပေးကြေညာကာ စနစ်တကျ ဆောင်ရွက်သွားခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးခင်မောင်ကျော်၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့(မြောက်ပိုင်ခရိုင်) အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်၊ လှိုင်သာယာမြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးဌေးနိုင်နှင့် တာဝန်ရှိသူများက ဦးဆောင်၍ မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ (ပန်းဥယျာဉ်ဌာန)မှ ဝန်ထမ်းအင်အားကို အသုံးပြု၍ လုပ်ငန်းများဆောင်ရွက်ခဲ့ကြသည်။

မင်းထက်ပိုင်(လှိုင်သာယာ)

ဒုတိယအကြိမ် တိုင်းရင်းဆေးသေတ္တာအသုံးပြုနည်း သင်တန်းနှင့်အရေးပေါ်သုံးဆေးသေတ္တာများပေးအပ်

ချောင်းဦး၊ ဇူလိုင် ၈

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ မြို့နယ် တိုင်းရင်းဆေးကုဌာနမှ ကြီးမှူး၍ အရေးပေါ်သုံးတိုင်းရင်းဆေးသေတ္တာများ ဒုတိယအကြိမ်ပေးအပ်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၄ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှသိန်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ချောင်းဦးမြို့နယ်ရှိ ကျေးရွာ ၇၀ သို့ အရေးပေါ်သုံးတိုင်းရင်းဆေးသေတ္တာများ ပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ချိုက အရေးပေါ်သုံးတိုင်းရင်းဆေးသေတ္တာ ကိုင်ဆောင်မည့်သူများအား သင်တန်းပို့ချခဲ့သည်။အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး ၁၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

ချောင်းဦးမြို့နယ်အနေဖြင့် အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများကို ပထမအကြိမ်အနေဖြင့် အလုံး ၂၀ ပေးအပ်ပြီးဖြစ်၍ ယခု ဒုတိယအကြိမ်တွင် အလုံး ၇၀ လုံးပေးအပ်နိုင်ခြင်းကြောင့် မြို့နယ်အတွင်းရှိ ကျေးရွာများအနေဖြင့် တစ်ရွာတစ်လုံးစီရရှိခဲ့ကြောင်း သိရသည်။

မြို့နယ်ပြန်/ဆက်(ချောင်းဦး)

မော်လူးရပ်ကွက်အတွင်းသို့ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ လိုက်လံဆောင်ရွက်

မော်လူး၊ ဇူလိုင် ၈

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူးကျေးရွာ ရပ်ကွက်များအတွင်းသို့ မိုးရာသီတွင် ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရန် ခြင်ဆေးဖျန်းခြင်းများကို ဇူလိုင် ၆ ရက် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ လိုက်လံဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

ရပ်ကွက်များအတွင်းသို့ ခြင်းဆေးဖျန်းခြင်းလုပ်ငန်းကို ဘိုင်အိုအင်နာဂျီကုမ္ပဏီ(ရုံးချုပ် တောင်ကြီး၊ ရွှေညောင်)မှ ဝန်ထမ်းအမျိုးသမီး သုံးဦး၊ အမျိုးသားနှစ်ဦးတို့မှ လာရောက် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ခြင်များခိုအောင်းနေတတ်သည့် နေရာများဖြစ်သည့် မြောင်းများ၊ အိမ်သာများစသည့် နေရာများသို့ ခြင်ဆေးများ ပက်ဖျန်းခြင်းဖြစ်ကြောင်းသိရသည်။

ခင်မောင်ဆွေ(မော်လူး)

စာကြည့်တိုက်သို့စာအုပ်စာစောင်များလှူဒါန်း

ပန်းတနော်၊ ဇူလိုင် ၈

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ဘဝိုင်းကျေးရွာအုပ်စု ရေလဲတောင်စုကျေးရွာ အခြေခံပညာ မူလတန်းကျောင်းအတွင်း ဖွင့်လှစ်ထားရှိသော ‘နတ်မီးအိမ်’ စာကြည့်တိုက်သို့ ပန်းတနော်မြို့နယ် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးမှူးဒေါ်သူဇာမြင့်နှင့် ဝန်ထမ်းများက စာအုပ်စာစောင်များ လှူဒါန်းပွဲကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီကကျင်းပခဲ့သည်။

ကျေးရွာနေ ပြည်သူများ စာပေဗဟုသုတရစေရန် ‘နတ်မီးအိမ်’ စာကြည့်တိုက်ကို ကိုယ်ထူကိုယ်ထဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း ရပ်မိရပ်ဖ ဦးကျော်သိန်းကပြောသည်။ ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် စာကြည့်တိုက်များသို့ စာအုပ် စာစောင်များ ဖြည့်ဆည်းခဲ့သည်။

၁၆၆

တိုက်ခန်းငှားမည်

၃၇လမ်း/မြေညီထပ်

ဆက်သွယ်ရန်

Ph:0932241032

ပွဲစားမလို

ရောင်းရန်/ငှားရန်

စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊

ဂမုန်းပွင့်ကုန်တိုက်အနီးတိုက်ခန်းများ

အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်ရှိ

အိမ်နှင့်ခြံ

ဖုန်း-၄၂၀၀၀၅၄၈

အမြန်ပြန်လာပါ

ကိုရှိုးတီယား မိသားစုဝင်များနှင့် အမြန်ဆုံးဆက်သွယ်ပါ။

ဖုန်း-၀၁-၂၂၆၄၈၂၊ ၀၉-၅၁၈၈၂၃၅၊ ၀၉-၇၃၇၃၀၇၃၀

ကိုစိန်ဝမ်း(ခ)ကိုစိန်သိုက်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၁)၊ မြေကွက်အမှတ်(၃၈၈)၊ မြေကွက်တည်နေရာအမှတ်(၃၈၈)၊ (၁၁)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဒေါ်ညွန့်ရီအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ညွန့်ရီထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ တန်မိကြူ(ခ)ဒေါ်ခင်အေး[၁၂/လသန(နိုင်)၀၀၅၂၁၂]မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နှစ်ဦးသဘောတူအကြင်လင်မယား အဖြစ်မှကွာရှင်းပြတ်စဲခြင်း

ရန်ကုန်မြို့၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ (၁၃၃)ရပ်ကွက်၊ ရတနာပုံ(၂)လမ်း၊ ၅၇၉ (က)တွင် နေထိုင်သော မောင်ကျော်မင်း(ခ) မီးသွေး[၈/ပခက (နိုင်)၁၉၂၉၀၁]နှင့် မချိုချိုလှိုင်[၁၂/ဒဂမ(နိုင်)၀၂၀၅၈၀]တို့သည် အသိသက်သေရပ်ကွက်လူကြီးများရှေ့တွင် ၂၄-၆-၂၀၁၄ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးပြီဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သော အရှုပ်အရှင်းအားလုံးကို ကျွန်မနှင့်လုံးဝ မသက်ဆိုင်တော့ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မချိုချိုလှိုင်[၁၂/ဒဂမ(နိုင်)၀၂၀၅၈၀]

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ မေဇင်ကျန်းဘောမ်[၁/ဝမန(နိုင်)၀၉၀၀၄၉] သည် မိဘတို့၏ ဆိုဆုံးမမှုများကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ ကြောင်း ကြေညာအပ်ပါသည်။

မိဘများ

ဦးခေါ်ကျန်း-ဒေါ်ရွှယ်ဆိုင်း

ဝိုင်းမော်မြို့

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးသက်တင် [၁၂/ဗဟန(နိုင်)၀၅၂၉၂၂]၏သမီးဖြစ်သူ မယဉ်ယဉ်ဝင့်ဦး [၁၂/ဗဟန(နိုင်)၀၂၄၂၁၁] သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

ဦးသက်တင်

ဘုန်းတော်ပြည့်ကျေးရွာတွင်ဓမ္မကျောင်းတော်သင်တန်းဆုနှင်းသဘင်ကျင်းပ

အလုပ်သမားရေးရာ အသိပညာပေး ဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ် ဇူလိုင် ၄ ရက် နံနက် ၉ နာရီ၌ တောင်ဒဂုံစက်မှုဇုန်ရှိ သင်တန်းခန်းမတွင် ပြုလုပ်ခဲ့ရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်း၊ ဒုတိယ ညွှန်ကြားရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းတို့မှ လူမှုဖူလုံရေးကိစ္စရပ်များ အလုပ်ရှင် အလုပ်သမား အငြင်းပွားမှု ကိစ္စရပ်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးရှင်းလင်းပြောကြားခဲ့ရာ အလုပ်ရှင်အလုပ်သမား ၇၃ ဦးဆွေးနွေးပွဲသို့ တက်ရောက်ကြောင်းသိရသည်။
သတင်းနှင့်ဓာတ်ပုံ- မင်းထက်ပိုင်(လှိုင်သာယာ)

နတ်မောက်၊ ဇူလိုင် ၈

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဘုန်းတော်ပြည့်ကျေးရွာ တိုက်သစ်ရွှေကျောင်း ဓမ္မကျောင်းတော်သင်တန်းကြီး၏ နှစ်နှစ်မြောက် အောင်ပွဲ ဆုနှင်းသဘင်အခမ်းအနားကို ဇူလိုင် ၆ ရက် မွန်းလွဲ ၂ နာရီက အဆိုပါ ကျောင်းတွင် ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ အခမ်းအနားကို ကြွရောက်လာကြကုန်သော ဆရာတော်များ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့နှင့် ကျောင်းသား၊ ကျောင်းသူများက နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး ဖျောက်ဆိပ်ပင်စာသင်တိုက် ပဓာနနာယက ဆရာတော် ဦးအဂ္ဂဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

တိုက်သစ်ရွှေကျောင်း ဓမ္မစကူးလ်သင်တန်းကျောင်းအတွက် အလှူငွေ ပေးအပ်ပွဲကိုကျင်းပရာ ရန်ကုန်မြို့ ဦးညဏ်စိုးထွန်း+ဒေါ်ယဉ်ယဉ်ကျော် မိသားစုက အလှူငွေ ကျပ်တစ်သိန်းခွဲ၊ နေပြည်တော်တပ်ကုန်းမြို့ ဦးမြင့်ဇော်+ဒေါ်စုစုတင် မိသားစုက အလှူငွေ ကျပ်တစ်သိန်း၊ မဒါန်းရေလွှဲဆည် လူငယ်များမှ အလှူငွေ ကျပ်ငါးသောင်း၊ ဆရာတော်ဦးကောသလ္လ က အလှူငွေ ငါးထောင်ကျပ်တို့ကို ပေးအပ်လှူဒါန်းရာ ပဓာနနာယက ဆရာတော်ဦးဓမ္မပါလကလက်ခံရယူသည်။

ထို့နောက် ဓမ္မစကူးလ်သင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဆရာတော် သံဃာတော်များနှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက ဂုဏ်ပြုပစ္စည်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို အသီးသီးပေးအပ် ချီးမြှင့်ခဲ့သည်။ **ဦးနေ**

ပန်းတနော်မြို့နယ် စာရေးဆရာအသင်းညီလာခံ အစည်းအဝေးအတွေ့အကြုံရှင်းလင်းပွဲပြုလုပ်

ပန်းတနော်၊ ဇူလိုင် ၈

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်စာရေးဆရာအသင်း၏ ပထမအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ ညီလာခံအစည်းအဝေးအတွေ့အကြုံရှင်းလင်းပွဲကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီက မြို့နယ်စာရေးဆရာအသင်း ရုံးခန်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်းနာယက မောင်စစ်ကြည် (ပန်းတနော်)၊ ခနေဖြူအေးမြင့်တို့က အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ပထမအကြိမ်ညီလာခံဗဟိုဦးစီး၏ကော်မတီဝင် ပန်းတနော် နောင်လတ်က ညီလာခံအတွေ့အကြုံများ ရှင်းလင်းပြောကြားသည်။

မြို့နယ်စာရေးဆရာအသင်း၏ ရှေ့လုပ်ငန်းစဉ်များ၊ ရန်ပုံငွေရှာဖွေရန် နည်းလမ်းများနှင့် အသင်းဝင်များ၏ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများတွင် ထောက်ပံ့မည့်အစီအစဉ်များအား ဆွေးနွေးခဲ့ကြောင်းသိရသည်။ **၁၆၆**

မူဆယ်တွင် အလေးချိန် ၃၆၀ ဂရမ်ရှိ စိတ်ကြွဆေးပြား ၄၀၀၀ ဖမ်းမိ

မူဆယ်၊ ဇူလိုင် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်တွင် ဇူလိုင် ၆ ရက်က စိတ်ကြွဆေးပြား ၄၀၀၀ အလေးချိန် ၃၆၀ ဂရမ်ခန့်အား ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။

ဇူလိုင် ၆ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်၊ မြို့ပေါ်လှုပ်ရှား အဖွဲ့မှ ရဲအုပ်ဇော်မင်းသိန်း၊ ဦးစီးတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မူဆယ်-နမ့်ခမ်း သွားကားလမ်းမှ မူဆယ်မြို့နယ်၊ လွယ်ဆုတောင်းစေတီအနီးတွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် နမ့်ခမ်းမြို့ဘက်မှ မူဆယ်မြို့ဘက်သို့ ဂမ်အောင်(ကျား) စီးနင်းမောင်းနှင်လာသည့် တရုတ်နိုင်ငံလုပ် Super ANBO-125 အမျိုးအစား ဖြူနက်ကြားရောင် ဆိုင်ကယ်(လိုင်စင်မဲ့)နှင့် တုန်းကျင်ပေါက်(ခ)အားပေါင်(ကျား)မှာ ဆိုင်ကယ်အား ရပ်တန့်ပြီး ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ပြန်လည် ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့အား ဆက်လက်ရှာဖွေရာ ဂမ်အောင် မောင်းနှင်လာသည့် ဆိုင်ကယ်ဂွကြားတွင် ညှပ်၍ သယ်ဆောင်လာသည့် ပလတ်စတစ်အိတ်အတွင်း ကချင်ပုဆိုးဖြင့်ထုပ်၍ ပလတ်စတစ်မှိုင်းကိုင်စက္ကူတို့ဖြင့် ပတ်ထားသည့် အပြာရောင်ပလတ်စတစ် ကပ်ခွာအိတ်ငယ်များအတွင်း ၈၈ နှင့် ၁ စာတမ်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား တစ်ထုပ်လျှင် ၂၀၀ ပြားစီပါ ၁၀ ထုပ် စုစုပေါင်း ဆေးပြား ၄၀၀၀၊ စုစုပေါင်းအလေးချိန် ၃၆၀ ဂရမ်ခန့်အားရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် စိတ်ကြွဆေးပြားများ အရောင်းအဝယ် ပြုလုပ်ရန် သယ်ဆောင်လာသူများဖြစ်ကြသည့် ဂမ်အောင် အသက် ၂၉ နှစ် ကဝချက်ကျေးရွာ၊ နမ့်ခမ်းမြို့နယ်နေသူနှင့် တုန်းကျင်ပေါက်(ခ)အားပေါင် အသက် ၂၈ နှစ် ရပ်ကွက်(၁) နမ့်ခမ်းမြို့နေသူတို့အပေါ် ရဲအုပ်ဇော်မင်းသိန်းက တရားလိုပြုလုပ်၍ မူဆယ်မြို့မရဲစခန်းက မယ(ပ)၅၄/၂၀၁၄၊ မူး/စိတ် ပုဒ်မ ၁၅/၁၉(က)/၂၁ အရ အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **သိန်းဇော်(ရွှေလီဦး)**

ချောက်မြို့နယ် စလေးကျေးရွာရှိ ပြည်တော်သာစာကြည့်တိုက် တစ်နှစ်ပြည့် အခမ်းအနားကျင်းပ

ရန်ကုန်၊ ဇူလိုင် ၈

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စလေးကျေးရွာ ပြည်တော်သာ စာကြည့်တိုက် တစ်နှစ်ပြည့် အခမ်းအနားကို ဇူလိုင် ၆ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်တော်သာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီနာယက ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်မောင်အေးက အမှာစကားပြောကြားပြီး မကွေးတိုင်း ပြန်/ဆက် ဦးစီးဌာန ဦးစီးမှူး ဦးမြင့်သန်းက စာကြည့်တိုက် ရေရှည်တည်တံ့အောင် ဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေး၍ ပြည်တော်သာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမောင်ဝင်းက စာကြည့်တိုက်အခြေအနေ၊ အတွင်းရေးမှူး ဦးအောင်သောင်းက ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ဘဏ္ဍာရေးမှူး ဦးမောင်မောင်ဝင်းက ဘဏ္ဍာရေးအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဒေါ်ချိုမာက စာကြည့်တိုက်တွင် အသုံးပြုရန် DVB T2 Set Box ကို ပေးအပ်ရာ ဥက္ကဋ္ဌ ဦးမောင်ဝင်းက လက်ခံရယူပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြကာ လစဉ်လှူဒါန်းမှုများကို မှတ်တမ်းတင် အတည်ပြုရာ လစဉ်အလှူငွေ တစ်သောင်းခွဲနှုန်းဖြင့် တစ်နှစ်စာရရှိခဲ့သည်။ **ဝင်းဌေး(ပြန်/ဆက်)**

မြင်းခြံမြို့နယ်တွင် အခြေခံစက်ချုပ်သင်တန်းဆင်း

မြင်းခြံ၊ ဇူလိုင် ၈

မြင်းခြံမြို့နယ်အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို မြင်းခြံမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းဝေးခန်းတွင် ဇူလိုင် ၃ ရက်က ကျင်းပခဲ့သည်။

၎င်းသင်တန်းတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီနီဝင်းမှ စက်ချုပ်ပညာသင်ကြားပေးသော သင်တန်းဆရာမအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ခဲ့ပြီး ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့က သင်တန်းသူများ ချုပ်ထားသော အင်္ကျီ၊ လုံချည်နှင့် အခြားအသုံးအဆောင်များကို ကြည့်ရှုခဲ့ကြသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**







ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၀)၊ မြေကွက်အမှတ်(၁၁၂၅/က)၊ (အလျား ပေ၂၀× အနံ ပေ ၆၀)၊ မြေကွက်ရရှိသူ အမည်ပေါက် ဦးအုန်းသန်း(ကွယ်လွန်)ဇနီးဖြစ်သူ ဒေါ်စန်းစန်းထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ရီရီဌေး [၁၂/သဃက(နိုင်)၀၉၀၈၉၀]ကိုင်ဆောင်သူက မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက် ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၁၂)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၇၃/၅)ဧရိယာ (၀. ၀၄၂)ဧက၊ မြေကွက်တည်နေရာအမှတ်(၉၉/၁၀၁)၊ အောင်မေတ္တာ(၁)လမ်းသွယ်၊ (၁)ရပ်ကွက်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမည်ပေါက် အစိုးရမြေအား ၁၉၇၉ ခုနှစ်က လှိုင်မြို့နယ်ပြည်သူ့ကောင်စီနှင့် လှိုင်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနတို့မှမီးလောင်မြေ၌ နေရာပြန်လည်ချထားပေးသောကတိခံဝန်ချက်နှင့် ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ အရပ်ကတိ အရောင်းအဝယ်စာချုပ် အဆက်ဆက်တို့တင်ပြ၍ ဦးမန်းနီး [၁၂/လမန(ပြု)၀၀၀၂၆၈]က အမှတ်(၁)ရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်အရ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆောင်းပါး

လုပ်ငန်းတစ်ရပ် ငွေတစ်ကျပ်

à a&BHDv

ခေတ်တစ်ခေတ်အတွက်ဖြစ်စေ၊ စနစ်တစ်ခု အတွက်ဖြစ်စေ ပြည်သူလူထုက လူငယ်တွေကို အားကိုးသည်။ လူငယ်ဆိုသည်မှာ ပျိုမြစ်သည်၊ ရဲရင့်သည်၊ သွက်လက်သည်၊ ထက်မြက်သည်၊ စွန့်စားလိုစိတ်ရှိသည်၊ စွန့်လွှတ်လိုသည်၊ စူးစမ်းလိုသည်၊ အားမာန်အပြည့်ရှိသည်၊ လူငယ်ဆိုသည်မှာ အခက်အခဲကို မကြောက်၊ ဘယ်သူ့ကိုမှလည်း လက်မမြှောက်၊ ဘယ်သူ့ကိုမှလည်း ဒူးမထောက်၊ အမှန်တရားဘက်ကဆိုလျှင် ကောင်းကင်တမွတ် ကြယ်ကိုလည်း ဆွတ်နိုင်သည်။ စိတ်ဓာတ်၏အလှ၊ ရုပ်အလှနဲ့ ပြည့်စုံသည့် လူငယ်တွေဟာ တိုင်းပြည်ရဲ့ အဆင်းတန်ဆာလည်းဖြစ်သည်။ နောက်အနာဂတ်ကို ပိုင်စိုးသူများလည်းဖြစ်သည်။ သို့ကြောင့် စကောက်ခေါ် ကင်းထောက်လူငယ်များသမိုင်းကို ပြန်လည်တူးဖော် ဖွဲ့စည်းလိုက်ခြင်းအတွက် ကြိုဆိုမိပါသည်။

လူရည်ချွန်နှင့် ကင်းထောက်များ ခြားနားခြင်းသည် တစ်မျိုးတစ်ဘာသာစီဖြစ်သည်။ ပညာရည်ထူးချွန်သော လူငယ်များကိုလည်း တိုင်းပြည်က လိုလားပါသည်။ အားကိုးလောက်ပါသည်။ အနာဂတ်တွင် ပညာတတ်များ လိုအပ်သည်။ သို့ပေမယ့် လူရည်ချွန်ကို ရွေးချယ်မည်ဆိုလျှင် ဥပမာ ဆိုကြပါစို့ ရှစ်တန်း၊ တစ်တန်းလူရည်ချွန် ရွေးမည်ဆိုလျှင် တစ်ယောက်နှစ်ယောက်ပေါ့။

ဤသည်မှာလည်း ကျူရှင်များတတ်နိုင်သူ၊ စာများကျက်နိုင်သူ၊ လူတန်းစားလိုက်သွားသူများဖြစ်သည်။ ကင်းထောက်လူငယ်များကတော့ မျိုးချစ်စိတ်ရှိလျှင် ဝါသနာပါလျှင် တစ်တန်းလုံးပါဝင်နိုင်သည်။ လူအများအကျိုးကို သယ်ပိုးချင်သောစိတ်၊ အလုပ်လုပ်လို သောစိတ်၊ လူငယ်များကို ပြုစုပျိုးထောင်ပေးနိုင်သည်။ ရှေးတုန်းက အမေတို့ ကင်းထောက်ခေတ်က တကယ်ညီညာသည်။ လှပသည်။ ရန်ပုံငွေရှာရာတွင် လုပ်ငန်းတစ်ရပ်ငွေတစ်ကျပ် ဟူသော ဆောင်ပုဒ်ဖြင့် အိမ်များကို လိုက်၍ သန့်ရှင်းရေးလုပ်သည်။ လှံကျင်း ခုတ်ရှင်းပေးသည်။ ငွေတစ်ကျပ်၏ တန်ဖိုးနှင့်အညီ အိမ်တစ်အိမ်လုပ်ငန်းရပ်ကို ကူညီပေးသည်။ ထိုခေတ်ထိုအခါကလည်း ငွေတစ်ကျပ်သည် တန်ဖိုးကြီးလှသည်။ ရွှေဈေးဖြင့် တိုင်းတာလျှင် ရွှေတစ်ကျပ်သားလျှင် နှစ်ရာကျပ်ဈေးသာရှိသည်။ ထို့ကြောင့် ငွေတစ်ကျပ်တန်ဘိုးကလည်း ကြီးသည်။

အလုပ်ဆိုသည်မှာလည်း စုပေါင်းလုပ်ကိုင်ရှင်းလင်းလျှင် ပြီးလွယ်သည်။ ပျော်စရာ ကောင်းသည်။ အိမ်တွင် မည်မျှ ဇိမ်နှင့် နေသည်ဖြစ်စေ အများနှင့် စုပေါင်းလုပ်ကြတော့ လုပ်ချင်စိတ်လည်းရှိလာသည်။ ခြံစည်းရိုးများ မြက်များ ရှင်းသောအခါ နာရီဝက်နှင့် ပြောင်ရှင်းသွားသည်မှာ အံ့သြစရာကောင်းသည်။ လုပ်ပုံလုပ်နည်းလည်း တက်လာသည်။ သူတစ်ပါးကို ကူညီချင်စိတ်လည်း ရှိလာသည်။ ငယ်ငယ်က အမေတို့သည် "သမီးတို့ စကောက်စိတ်ဓာတ်ရှိကြ" ဟုဆုံးမလျှင် သူတစ်ပါးကူညီချင်စိတ်၊ သနားကြင်နာစိတ်ကို ဆိုလိုသည်ဟု သိကြသည်။

'ဟော့. . . ပရိသတ် ဘယ်လောက်ရှိလဲ၊ စကောက်မျက်စိနှင့် ကြည့်ခဲ့ကြ" ဆိုလျှင် ပရိသတ်

> လူငယ်များကို ပြစ်မထားဘဲ ပျိုးထောင်ခြင်းဖြင့်. . . .

အရေအတွက်ကို ခန့်မှန်းတတ်အောင် လေ့ကျင့်ပေးသည်။ စာရေးဆရာမကြီး စောမုံညင်းဆိုလျှင် စာပေဟောပြောပွဲများတွင် စကောက်သီချင်းလေးများ သီဆို၍ သွားပုံမှာ ပို၍ စိတ်ပျိုလာသလို ထင်ရသည်။ ကင်းထောက် လူငယ်များသည် လူတန်းစားမရွေး ဆက်ဆံကြသည်။ ဂုဏ်ပကာသန မရှိကြပေ။ ကြိုးစားသည်၊ ရိုးသားသည်၊ မာန်မာနမရှိကြပေ။ တောလမ်းခရီး လေ့လာရေးသွားရာတွင် တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ခင်လာပြီး မိုကာတဲများထိုး၍ တစ်ဦးကိုတစ်ဦး ကူညီခြင်းဖြင့် တတ်ကျွမ်းလွယ်သည်။

မီးပုံဘေးတွင် စိတ်လွတ်ကိုယ်လွတ်ဖြင့် သီဆို ကခုန်ကြသည်မှာလည်း ပျော်စရာကောင်းသည်။ စိတ်ဓာတ်ကို ရွှင်လန်းတက်ကြွစေ၍ ဦးနှောက်ဆေးရာရောက်သည်။ ယနေ့လူငယ်သည် နောင်တစ်ခေတ်တွင် ခေါင်းဆောင်ဖြစ်မည့် အနာဂတ်ကို ပိုင်စိုးမည့်သူများဖြစ်ပေသည်။ ဤသို့ လူငယ်များကို ပစ်မထားဘဲ ပြုစုပျိုးထောင်ပေးခြင်းဖြင့် ကောင်းမွန်သော အပေါင်းအသင်းကြောင့် လူကောင်း လူတော်ဖြစ်လာခြင်း၊ မကောင်းသော အကျင့်များဖြစ်သည့် ခိုးဆိုးတိုက်ခိုက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ လေလွင့်လူငယ်များဖြစ်ခြင်းများမှ ကင်းစင်၍ တိုင်းချစ်ပြည်ချစ် လူငယ်များဖြစ်လာနိုင်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

ပျဉ်းမနားမြို့ ပြည်သူ့ဆေးရုံကြီးမှ ကွင်းဆင်း အခမဲ့ကုသ

ပျဉ်းမနား၊ ဇူလိုင် ၈

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ကုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ကျေးရွာများသို့ ကွင်းဆင်း၍ ကျန်းမာရေး အသိပညာပေး ဟောပြောခြင်းနှင့် အခမဲ့ ဆေးကုသခြင်းအား ဇူလိုင် ၆ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့နယ် သစ်လေးလုံးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

ကျန်းမာရေး အသိပညာပေးဟောပြောပွဲတွင် ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာခင်ဆွေဦးက 'ကလေးသူငယ်ကျန်းမာရေး' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်မြမြထွေးက 'ကံကြမ္မာဆိုးနှင့် ကြုံတွေ့ရသော မိခင်များ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သွားဘက်ဆိုင်ရာ ဆရာဝန်ဒေါက်တာစည်သူဇော်က 'သွားနှင့် ခံတွင်း၊ ကျန်းမာရေး' ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ပြီး ရပ်မိရပ်ဖ ဦးမြင့်ဆွေက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

နေ့လည်ပိုင်းတွင် ကျောင်းခန်းမ၌ အထူးကုဆရာဝန်ကြီးများက ပရွက်ဆိတ်ကုန်းကျေးရွာနှင့် သစ်လေးလုံး ကျေးရွာတို့မှ ဒေသခံ ၂၆၈ ဦးအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးဝါးကုသမှုများကိုအခမဲ့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် ပျဉ်းမနား ကုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြား၍ နေပြည်တော်ကောင်စီနယ်မြေ ကျန်းမာရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာဒေါ်လှလှကြည်က ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ အသက်တစ်ချောင်းအား တန်ဖိုးထား၍ မြန်မာနိုင်ငံတစ်ဝှမ်းတွင် ပြည်သူများအတွက် ကျန်းမာရေးကဏ္ဍကို အဓိကဦးစားပေး ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းပြောကြားခဲ့သည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

ဌာနဆိုင်ရာအကြီးအကဲများနှင့် ဒေသခံများပါဝင်သည့် ဒေသလုံးဆိုင်ရာတွေ့ဆုံပွဲ ပြုလုပ်

ကျောက်ကြီး၊ ဇူလိုင် ၈

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ မုန်းမြို့ အုပ်ချုပ်ရေးခန်းမ၌ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်မှ မုန်းဒေသလုံးဆိုင်ရာ ဌာနဆိုင်ရာအကြီးအကဲများ ကျောင်းသူ၊ ကျောင်းသားများ၊ တောင်သူလယ်သမားများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံမိတ်ဆက်ပွဲအခမ်းအနားကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီခန့်က ကျင်းပခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကောင်းညွန့်က အဖွင့်အမှာစကားပြောကြားခြင်း၊ ကျောက်ကြီးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ မုန်းဒေသဥက္ကဋ္ဌ ဦးစောဦးက ဒေသဖွံ့ဖြိုးရေး အတွက် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်မှုသာ မိမိတို့ဒေသ အမြန်ဆုံးတိုးတက်နိုင်မည်ဖြစ်ကြောင်း ဟောပြောခဲ့ပြီး ကျောက်ကြီးမြို့နယ် မြန်မာ့စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် လက်ထောက်မန်နေဂျာ ဦးစိုးလွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စွာလင်းတို့က လိုအပ်သည်များ ပြောကြားခဲ့ပြီးနောက် ကျောက်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးညွန့်က လုံခြုံရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းစေရေးများ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း တင်ပြခဲ့သည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ ပညာရေးနှင့် ကျောင်းသူ၊ ကျောင်းသားများ ပညာရည်မြင့်မားစေရေး လျှပ်စစ်မီးများ အမြန်ဆုံးရရှိနိုင်ပြီး ပြည်သူများ လူနေမှု အဆင့်အတန်းမြင့်မားစေရေးများကို ဟောပြောခဲ့ပြီး တက်ရောက်လာသော ဌာနဆိုင်ရာများ၊ တောင်သူများ၊ ဒေသခံပြည်သူများမှ တင်ပြဆွေးနွေးခြင်း၊ ပြန်လည်အဖြေရှာ ညှိနှိုင်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မုန်းဒေသတွင်းရှိ ညောင်ပင်သာရွာ၊ ကော့ပြင်းရွာ၊ မြောင်းဦးရွာနှင့် မီးတိုင်တောရွာများသို့ သွားရောက်လှည့် လည်စစ်ဆေးခဲ့ကြောင်းသိရသည်။ **ပန်းရှီသန်းဝင်း(ကျောက်ကြီးမီဒီယာအဖွဲ့)**



ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးနှင့် ကြက်၊ ဝက်၊ ငါးမွေးမြူရေး အထူးဇုန်(၁) (M-1)လမ်းနှင့် (C-7)ထောင့်လမ်း၊ မြေကွက်အမှတ်(B-137)ပိုင်ရှင် ဗိုလ်မှူးကြီး မင်းခိုင်[၁၂/မဂဒ(နိုင်)၀၁၆၈၂၂]၏ လုပ်ပိုင်ခွင့်ကတ်ပြား ပျောက်ဆုံးသွားပါကြောင်းနှင့် ပိုင်ရှင်ကတ်ပြားမိတ္တူ မူရင်းငွေသွင်းစာရွက်စာတမ်းများ ပြည့်စုံစွာတင်ပြ၍ လျှောက်ထားခြင်းအား ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြီးကြပ်ရေးဗဟိုကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးနှင့် ကြက်၊ ဝက်၊ ငါး မွေးမြူရေးအထူးဇုန်၊ ရန်ကုန်တိုင်းဒေသကြီးသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၂)ပတ်အတွင်း လာရောက်ကန့်ကွက်နိုင် ပါသည်။

ဗိုလ်မှူးကြီးမင်းခိုင် ၀၉ ၂၅၀၂၈၈၅၅၁

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အောင်ဇေယျလမ်းနှင့် မိုးကောင်းလမ်းထောင့်၊ အမှတ်(၁၁၂) မြေပေါ်ရှိ ဆောက်လုပ်လျက်ရှိသော တိုက်အမျိုးအစား(E)၊ တိုက်ခန်းအမှတ်-၂၀၄၊ အကျယ်အဝန်း ၁၇၄၂ စတုရန်းပေရှိသည့် ရွှေမိုးကောင်းကွန်ဒိုဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချခွင့်ရှိကြောင်း ကတိပြုသူ ဂရိတ်မာစတာ ဆောက်လုပ်ရေးကုမ္ပဏီ၏ ဥက္ကဋ္ဌ ဦးတုံချန်တာ(ခ) ဦးချမ်းသာထံမှ အပြီးအပိုင်ဝယ်ယူရန် ဦးသန်းထိုက်[၁၂/မဂဒ(နိုင်)၀၀၃၂၄၉]မှ ကြိုပွဲ့ငွေအနေဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့ကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ဥပဒေအရ လက်ခံနိုင်သည့် ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်က အရောင်းအဝယ်အား စာချုပ်ပါစည်းကမ်းချက်များအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ဆွေမြင့်
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၂၈၄)
၁၀(က)၊ မြသီတာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်လှလှသန်း[၁၂/သဃက(နိုင်)၀၂၄၂၅၂]နှင့် အများသိစေရန်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၃)၊ မြေကွက်အမှတ်(၂၉၈/က)၊ ဂန့်ဂေါ်ရိပ်သာလမ်းရှိ ပေ(၂၀×၆၀)ရှိမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဂရန်အမည်ပေါက် ဒေါ်လှလှသန်း[၁၂/သဃက(နိုင်)၀၂၄၂၅၂]ထံမှ နှစ်ဦးသဘောတူ အပြီးအပိုင်ဝယ်ယူစာချုပ်ချုပ်ဆိုပြီး တန်ဖိုးငွေပေးချေပြီးဖြစ်ပါသည်။ ဝယ်ယူသူ ဦးဒခွမ်ယောဆက်[၁၂/သဃက(နိုင်)၀၁၇၆၃၆]မှ မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်နှင့် မိမိအမည်ပေါက် ဂရန်အမည်ပြောင်း ဆောင်ရွက်တော့မည်ဖြစ်ပါသည်။ ထို့ကြောင့် ဂရန်အမည်ပေါက် ဒေါ်လှလှသန်းမှ လိုက်ပါဆောင်ရွက်ပေးရန်နှင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်သည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ညီညီဦး **(LL.B)**
အထက်တန်းရှေ့နေ(စဉ်-၂၉၁၉၀)
၃၁/၈၆၂၊ လှိုင်စံပယ်လမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-**09-421080774, 09-32001054, 09-31267509**

အများပြည်သူသိရှိရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဖြစ်သူက ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၃)၊ လူနေရပ်ကွက်အမှတ်(၁၆/၃)၊ မြေကွက်အမှတ်(၃၆၂/ခ)၊ မြေဧရိယာ (၁၂၀၀ စတုရန်းပေ)(အလျား ပေ၆၀×အနံ ပေ၂၀) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် အမှတ်(၃၆၂)၊ ပြည်သာယာလမ်း၊ ၁၆/၃ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော အုတ်ညှပ် ၂ထပ်တိုက် အဆောက်အအုံတစ်လုံးအပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေအမည်ပေါက်ပိုင်ရှင် ဒေါ်အေးမြင့်[၁၂/သဃက(နိုင်)၀၂၂၉၇၃]ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍အဆိုပါ မြေကွက်အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်ထက်ထက်အောင်**(LL.B)**
အထက်တန်းရှေ့နေ(စဉ်/၂၈၁၆၇)
အမှတ်-၉/၁၁၊ ၃၀၂(စီ)၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၀၈၄၁၅၅၊ ၀၉-၄၂၁၀၉၂၆၂၀

The Government of the Republic of the Union of Myanmar
Ministry of Energy
Invitation to Tender
Thanlyin Refinery Joint Venture Project(TRJVP)
Tender No.(1-TRJVP/2014-2015)

The Myanma Petrochemical Enterprise(MPE),a State-owned Enterprise of the Republic of the Union of Myanmar, operating under the Ministry of Energy ,announces an Invitation to Tender for the Thanlyin Refinery Joint Venture Project(TRJVP).The purpose of the TRJVP, which will be licensed under the Foreign Investment law,is to operate and carry out the rehabilitation of No.1 Refinery(Thanlyin)to improve its production capacity. In addition,the TRJVP will undertake the imporation,distribution and storage of a wide range of petroleum products.

All interested eligible parties are cordially invited to lodge a submission in accordance with the tender documents.

1. The documentation related to the TRJVP("the Tender Documents" as further detailed below) can be Purchased by any interested parties starting 14th July 2014 upon submission of evidence of payment of a non-refundable fee of 3,000,000Kyats (Three Milllions Kyats)to MPE.The detailed payment information is available in the Ministry of Energy's website (http://www.energy.gov.mm/index.php/en/in formation/announcement). Any question in relation to the payment of the non-refundable fee can be sent to email address below.
2. The Tender Documents Comprise the following:
   a) General Rules and Requirements
   b) Invitation to Tender
   c) Proposed Joint Venture Agreement
   d) Proposed Land Lease Agreement
   e) Information Memorandum including selected detailed financial/operating/ importing information with respect to No.1 Refinery(Thanlyin)
3. Eligibility information is also available on the website of the Ministry of Energy.
4. Eligible applicants shall submit the proposal in response to the tender and in accordance with the specifications set forth in the tender documents to the following address no later than 13th October 2014 at 12:00 noon;
   Myanma Petrochemical Enterprise,
   Building 44,Nay Pyi Taw,Myanmar
5. There will be opportunity for applicants to perform due diligence and seek written clarification in relation to the TRJVP from 14th July until 12th September 2014,
6. For more information,please contact the following address;
   Managing Director
   Myanma Petrochemical Enterprise
   Ministry of Energy
   Building No.44,Nay Pyi Taw,Myanmar
   TRJV .Project@gmail.com
   Fax:+95 67 411124,+95 67 411126
7. Late inquiries or inquiries via telephone will not be answered.

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	Alloy Wheel with Valve Pin, Valve Guide and Valve Cap	35 Nos	HIE-1/P/001
(ခ)	Chemicals	8 Items	HIE-1/P/002
(ဂ)	Gas	6 Items	HIE-1/P/003
(ဃ)	Oil & Lubricant	4 Items	HIE-1/P/004
(င)	Methylated Spirit	1400 Gals	HIE-1/P/005
(စ)	Paint & Other	12 Items	HIE-1/P/006

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့် ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ ၇-၇-၂၀၁၄ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်-
၃။ တင်ဒါများ နောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၁၈-၇-၂၀၁၄ ရက်၊ ၁၆း၀၀နာရီဖြစ်ပါသည်။

ထုတ်လုပ်ရေးဌာန၊ အမှတ်(၁)၊ အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း ၀၆၇-၄၀၅၀၅၆၊ ၄၀၅၁၇၁

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

